# ကြေးမုံ
The Mirror Daily
ခုနှစ် ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 14 September 2020 ၁၀၁၃၅


# ဂျော်ဒန်နှင့် အစ္စရေးတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၄ ဦးအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဂျော်ဒန်နိုင်ငံမှ မြန်မာနိုင်ငံသား ၁၀၄ ဦးနှင့် အစ္စရေးနိုင်ငံမှ မြန်မာနိုင်ငံသား ၆၀ စုစုပေါင်း မြန်မာနိုင်ငံသား ၁၆၄ ဦးတို့အား တဲလ်အဗီးမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဂျော်ဒန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ငါးကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ပြီး ယနေ့တွင် အစ္စရေးနိုင်ငံမှ မြန်မာနိုင်ငံသားများကိုပါ ခေါ်ဆောင်လာနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၉၀ ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၉၀ သည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက် အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၁၃ ရက်အထိ ၅၇၇၀ စုစုပေါင်း ၇၆၉၃၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**ပို့ဆောင်**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၁၉၀ ဖြစ်ပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ကြေးမုံ ယနေ့ ဖတ်စရာ

### ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစမ်းသပ်မှု ပြန်လည်စတင်မည်

စာမျက်နှာ » ၁၁



### လက်ဘနွန်နိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၉၀ ခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

စာမျက်နှာ » ၁၂

### ဂျပန်တင်းနစ်မယ် အိုဆာကာ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလား နှစ်ကြိမ်မြောက်ဆွတ်ခူး



စာမျက်နှာ » ၂၄




ကြေးမုံ

## ကိုဗစ်ထိန်းချုပ်ရေး စနစ်တကျပူးပေါင်း

တစ်နေ့တခြား ကူးစက်ဖြစ်ပွားမှု များပြားလာသည့် ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ကူးစက်ဖြစ်ပွားမှု များပြားလာသည်နှင့်အမျှ ကိုဗစ်-၁၉ လူနာများအား စေတနာပြည့်ဝစွာဖြင့် ကုသမှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ စိတ်ဓာတ်မကျဆင်းဘဲ လိုအပ်ချက်များပြည့်စုံနေရေးသည် အရေးကြီးသည်။

ရောဂါကို မထိန်းနိုင်ပါက ရေရှည်တွင် ကျန်းမာရေးလူ့အရင်းအမြစ်များ၊ ဆေးရုံနေရာ အဆောက်အအုံများ၊ အသွားအလာကန့်သတ်ရန် အဆောက်အအုံများ၊ ဘဏ္ဍာငွေနှင့် ဆေးဝါးပစ္စည်းများ ပိုမိုလိုအပ်လာမည် ဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကူးစက်ဖြစ်ပွားမှု များပြားနေသဖြင့် မိမိနေအိမ်တွင်သာ နေထိုင်ရေး (stay at home) အစီအစဉ်ကို စက်တင်ဘာလ ၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်အား အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီး ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၁ မြို့ကိုလည်း နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ထပ်မံအသိပေးကြေညာခဲ့သည်။

ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလမ်းညွှန်ချက်များသည် အသွားအလာကန့်သတ်ထားရှိရာနေရာများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် မဖြစ်မနေ စနစ်တကျလိုက်နာကျင့်သုံးရမည့်အချက်များ ဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုများပြားသည့် ရခိုင်ပြည်နယ်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိနေသူများ၏ ၇၀ ရာခိုင်နှုန်းကျော်ခန့်တွင် ရောဂါလက္ခဏာမရှိဘဲ ရောဂါပိုးရှိနေသူများ ပါဝင်နိုင်ခြေရှိနေသဖြင့် ၎င်းတို့မှတစ်ဆင့် ထပ်ဆင့်ရောဂါကူးစက်မှု ဖြစ်ပွားခြင်းများရှိနေနိုင်သည်ကို အထူးသတိပြုကာ အလေးအနက်ထားလုပ်ကိုင်ရမည် ဖြစ်သည်။

နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်သည် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းအားထုတ်မှုဖြစ်သည်။ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်အပြင်မထွက်ခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချနိုင်ရေးဖြစ်သည်။ ခေတ္တသည်းခံနေထိုင်ခြင်းဖြင့် ပြည်သူများလည်း ရောဂါကင်းဝေး၊ ကျန်းမာရေးဝန်ထမ်းများလည်း ဝန်ထုပ် ဝန်ပိုး လျော့ကျစေမည်ဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများသည် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ထောက်လှမ်းရှာဖွေခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ လူနာများအား ကုသခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်မှုကာလကြာမြင့်လာသည်နှင့်အမျှ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်မှုများ ရှိနေကြမည်ဖြစ်သည်။

ကျန်းမာရေးဘက်ဆိုင်ရာမှ ထိုသို့ပင်ပန်းဆင်းရဲ အနစ်နာခံဆောင်ရွက်နေကြရာတွင် ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များအား လေးလေးစားစား၊ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ကြပါမှ ပင်ပန်းဆင်းရဲခံရကျိုးနပ်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အတည်ပြုခံတ်ခွဲလူနာများ ထပ်မံတွေ့ရှိမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခံတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိမှုများပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ပြင်ပသို့မထွက်ဘဲ မိမိနေအိမ်တွင်သာ အတတ်နိုင်ဆုံးနေထိုင်ရန် လိုအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်မှ နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြသော ပြည်သူများအနေဖြင့် သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ရပ်/ကျေးအုပ်ချုပ်ရေးပိုင်းအနေဖြင့် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေတို့နှင့်အညီ ရပ်ရွာနေပြည်သူများ စနစ်တကျလိုက်နာရေး၊ ရောဂါကင်းဝေးရေး၊ အခက်အခဲမရှိစေရေးအတွက် နေ့စဉ်ကြီးကြပ်ဆောင်ရွက်ပေးရန်လိုအပ်သည်။ ရပ်ရေး၊ ရွာရေးတို့ကို ဆောင်ရွက်ကြရာ၌ ပေါ့ပေါ့ဆဆလုပ်ဆောင်မှုသဘောဖြစ်စေ၊ ဝတ်ကျေတန်းကျေသဘောဖြစ်စေ၊ ပြည်သူများအခက်အခဲဖြစ်အောင် လွန်လွန်ကဲကဲဖြစ်စေ မပြုလုပ်မိရန်အရေးကြီးသည်။ ပြည်သူအားလုံး ဒုက္ခအခက်အခဲရောက်နေချိန်တွင် ပြည်သူများအား မေတ္တာစေတနာထား၍ အတတ်နိုင်ဆုံးဖေးမပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်နေ့တခြား ကိုဗစ်ပိုးတွေ့လူနာများပြားလာနေချိန်တွင် ကျန်းမာရေးဝန်ထမ်းများ စိတ်ဓာတ်ခွန်အားမြင့်မားလာစေရေး၊ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ရပ်ရွာပြည်သူလူထုအပိုင်းမှ မေတ္တာတရားဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ငွေကြေးထောက်ပံ့ခြင်းဆွေးနွေးပွဲ အွန်လိုင်းစနစ်ဖြင့် ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ငွေကြေးထောက်ပံ့ခြင်းဆွေးနွေးပွဲကို အွန်လိုင်းစနစ်ဖြင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ငွေကြေးထောက်ပံ့ခြင်းအတွက် ဆက်သွယ်ဆောင်ရွက်ရန် တယ်လီဖုန်းလိုင်းများ ထားရှိသင့်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်း ကနဦးထောက်ပံ့ကြေးမရရှိသူစာရင်းတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ ပေးပို့ညှိနှိုင်းထားပါကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် ထောက်ပံ့ရာတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ပူးပေါင်းပါဝင်ပေးမှုဖြင့် ပိုမိုအားကောင်းနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများအတွက် မျက်မမြင်လက်စမ်းစာ၊ Sign Language၊ Easy Read စသည်ဖြင့် မသန်စွမ်းမှုအလိုက် ကိုဗစ်-၁၉ အသိပညာပေးအစီအစဉ်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းအမျိုးသမီးများအတွက်လည်း ထောက်ပံ့ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကျောင်း ၁၃ ကျောင်းရှိ အမြင်အာရုံမသန်စွမ်းသူ ၆၅၈ ဦးအတွက်လည်း ထောက်ပံ့ပေးခဲ့ပါကြောင်း၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့်ချိတ်ဆက်၍ နေအိမ်များရှိ ဆင်းရဲနွမ်းပါးသော မသန်စွမ်းသူများ၊ Home Quarantine ဝင်နေရသည့် မသန်စွမ်းသူများ၊ Facility Quarantine ဝင်ရောက်ရသည့် မသန်စွမ်းသူများ၊ ကိုဗစ်-၁၉ ခံစားရသည့် မသန်စွမ်းသူများအတွက်လည်း ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရလည်း မသန်စွမ်းသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် မသန်စွမ်းသူဦးရေနှစ်သိန်းအတွက် ထောက်ပံ့ပေးနေပါကြောင်း၊ ထို့ကြောင့် ယနေ့ ဆွေးနွေးပွဲသည် ငွေကြေးထောက်ပံ့ရာတွင် စာရင်းကောက်ယူထားသည့် မသန်စွမ်းသူတစ်ဦးချင်းစီအတွက် သေချာပေးအပ်နိုင်ရေးနှင့် အခြားမလိုလားအပ်သည့်ပြဿနာများ မဖြစ်ပွားစေရေးတို့အတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ ပြည်နယ် မသန်စွမ်းအသင်းများ အကြား ပူးပေါင်း၍ ထိထိရောက်ရောက် ထောက်ပံ့သွားနိုင်ရန် ဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ခြင်းအတွက် လက်ရှိဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ကိုဗစ်-၁၉ ကာလဖြစ်သောကြောင့် အခက်အခဲကြုံတွေ့ရသည့် အခြေအနေများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**ဒိုက်ဦး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဒိုက်ဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်းငါးသယံဇာတများတိုးပွားလာစေရေးနှင့် ငါးရိက္ခာများဖူလုံစေရေး၊ ငါးစားသုံးမှု အထောက်အကူဖြစ်စေရေး ရည်ရွယ်လျက် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးထွန်းနှင့်ဝန်ထမ်းများ၊ ဒေသခံများနှင့်အတူ ပျဉ်းမချောင်းအတွင်း သဘာဝရေပြင်၌ ပဲခူးငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၅၀၀၀၀ အား ယမန်နေ့က ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မျိုးစေ့ထုတ်လုပ်ငန်း သမဝါယမအသင်းများက ထောက်ပံ့ငွေများ ထောက်ပံ့လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ချိတ်ဆက်၍ ဖွဲ့စည်းထားရှိပြီးသော မျိုးစေ့ထုတ်သမဝါယမအသင်းများမှ သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသည့် မျိုးစေ့ထုတ်သမဝါယမအသင်း ၅၂ သင်း၏ စိုက်ဧက ၃၁၉၁ ဒသမ ၉၀ ဧကအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၃၃၄ ဒသမ ၄၂၇ သန်းကို ထောက်ပံ့ပေး၍ မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အမိန့်အမှတ်(၃၂/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်
**ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သံုးသပ်ရသော COVID-19 ရောဂါ အတည်ပြုလူနာများ တွေ့ရှိခဲ့ရပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူအချို့သည် အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အမိန့်အမှတ်(၉၇/၂၀၂၀)ဖြင့် ရခိုင်ပြည်နယ်အားလည်းကောင်း၊ အမိန့်အမှတ်(၁၀၀/၂၀၂၀)နှင့် အမိန့်အမှတ်(၁၀၂/၂၀၂၀)ဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်(၂၈)ခုအားလည်းကောင်း နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်ပြီး အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်မည့်သူများနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရန်ကုန်တိုင်းဒေသကြီးသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိပြီး နေရပ်သို့ပြန်လာမည့်သူများအနေဖြင့် ကား၊ ရထား၊ လေယာဉ်၊ သင်္ဘောတို့ဖြင့် မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ မည်သည့်လမ်းကြောင်းမှ လာရောက်သည်ဖြစ်စေ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် Community Based Facility Quarantine ထားရှိဆောင်ရွက်သွားရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက (၁၀-၉-၂၀၂၀)ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ မန္တလေးတိုင်းဒေသကြီးတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်လိုက်သည်-

(က) ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ လာရောက်သူများ

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် နေထိုင်ကြောင်း ထောက်ခံစာယူဆောင်လာရန်၊

(၂) တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ပါက သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာ ပြသနိုင်ခြင်းမရှိဘဲ လာရောက်ပါက တိုင်းဒေသကြီးမှ ပြင်ဆင်ထားသော Community Based Facility Quarantine Center များတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးမှုကိုခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine သို့မဟုတ် Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ရန်၊

(၃) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ရန် အကြောင်းကြားစာ ရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၄) လုပ်ငန်းများဆောင်ရွက်ရန် လာရောက်သော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ(Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊

(၅) တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ မန္တလေးတိုင်းဒေသကြီးရှိ ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ(Swab)ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်။

(ခ) မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် Community Based Facility Quarantine နေရာများတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ(၂)ကြိမ်ရယူစစ်ဆေးမှု ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်ရှိ နေရပ်သို့ သွားရောက်ပြီး Home Quarantine (၇)ရက် နေထိုင်ရန်။

၄။ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆို ဓာတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အားလည်းကောင်း၊ Community Based Facility Quarantine ဝင်ရောက်နေစဉ် ကာလအတွင်း ကုန်ကျစရိတ်အားလည်းကောင်း နေပြည်တော်မှ ကောက်ခံသည့်နှုန်းထားအတိုင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၅။ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးစစ်ဆေးရေးအဖွဲ့များ၏ ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာ ဆေးရုံတွင် လိုအပ်သောဆေးကုသမှုကို ခံယူရန်ဖြစ်ပါသည်။

၆။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်စီးဆင်းမှုအတွက် ဝင်ထွက်သွားလာနေသည့် ကုန်တင်ယာဉ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များမှအပ ခရီးသည်ပို့ဆောင်ရေးယာဉ်များအားလုံး၊ ဘုရားဖူးယာဉ်များအားလုံး၊ အပန်းဖြေခရီးသွားယာဉ်များအားလုံး၊ အလည်အပတ်သွားရောက်သည့်ယာဉ်များအားလုံးအနေဖြင့် ပြည်တွင်းခရီးသွားလာခြင်းကို မပြုလုပ်ကြရန်ဖြစ်ပါသည်။

၇။ မန္တလေးတိုင်းဒေသကြီးကို ဖြတ်သန်းသွားကြမည့် ကုန်တင်ယာဉ်များ၊ မော်တော်ယာဉ်များအနေဖြင့် မန္တလေးမြို့သို့ဝင်ရောက်ခြင်းမပြုဘဲ အောက်ပါလမ်းများအတိုင်း သွားရောက်ရန် ဖြစ်ပါသည်-

(က) ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လာသော/သွားရောက်လိုသော ယာဉ်များအနေဖြင့် တံတားဦးမှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ခ) ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှ လာသော/သွားရောက်လိုသော ယာဉ်များအနေဖြင့် ပခုက္ကူ-ကျောက်ပန်းတောင်းမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဂ) ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ လာသော/သွားရောက်လိုသောယာဉ်များအနေဖြင့် ပျော်ဘွယ်(ဘုရားငါးဆူ)မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လာသော/သွားရောက်လိုသော ယာဉ်များအနေဖြင့် ပြင်ဦးလွင်-တံတားဦးအဝိုင်းမှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း။

၈။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိပ်စာလည်းဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ(၂၅) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၃)ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၀)ရက်ဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ်(၃၁/၂၀၂၀)အား ဤအမိန့်ဖြင့် ကျော်လွန်ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာဇော်မြင့်မောင်**
**ဝန်ကြီးချုပ်**

## နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID-19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ (၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း- Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ (၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေသတ်မှတ်ရာ၌-

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀)ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀)ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center) များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရလည်းကောင်း၊ လူသားချင်းစာနာသော ရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ (Referral Letter)ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ်ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သောလူနာများအား နေပြည်တော် အဝင်ဂိတ်များတွင် ခြွင်းချက်ဖြင့် လူနာနှင့် လူနာစောင့်(၂)ဦးမှ (၃)ဦး အထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး၊ ဆေးရုံများရှိ သီးခြားဆောင် (Isolation Room)တွင် ထားရှိ၍ COVID-19 ဓာတ်ခွဲနမူနာ အခမဲ့ စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ ကြက်ခြေနီအသင်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၃**

ယမန်နေ့တွင် ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစု ခြင်းနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ထံမှပေးပို့သော သဝဏ်လွှာအား ဖတ်ကြား ခြင်း၊ သွေးလှူ ဒါန်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကြက်ခြေနီအသင်းခွဲရုံးများ၌ ပြုလုပ်ကြ သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်ကြက်ခြေနီ အသင်းခွဲရုံး၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ပြုလုပ်ခဲ့ရာ မြန်မာ နိုင်ငံ ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့သဝဏ်လွှာကို မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌက ဖတ်ကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာ ပေးခြင်း လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကြက်ခြေ နီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ် ပြည်သူ့ဆေးရုံ၌ သွေးလှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ် မှုကော်မတီက ဦးဆောင်ပြီး ကြက်ခြေနီစေတနာ့လုပ်အား ရှင်များက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် သွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာနတွင် ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ကြက်ခြေနီ အသင်းခွဲမှ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည်လည်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် ကညင်မြိုင် ကျေးရွာအတွင်း သန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထို့အတူ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေးခြင်း၊ နှာခေါင်း စည်းများပေးဝေခြင်း၊ လိုက်နာရန်အချက်များအား အသိ ပေးနှိုးဆော်ခြင်းများကို ဒေသအသီးသီးတွင် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြ သည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ်စက်တင်ဘာလ၏ ဒုတိယပတ် စနေနေ့တွင် ပြုလုပ်လေ့ရှိရာ ယခုနှစ်ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ " ရှေးဦးပြုစု အလေ့ အကျင့်များ ကပ်ရောဂါအလိုက်ပြင်ဆင်သွား" ဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**



# ကန်ကြီးထောင့်မြို့နယ်၌ ဒုတိယအကြိမ် ငါးသားပေါက်များထောက်ပံ့

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ပုသိမ်မြို့နယ်ငါးလုပ်ငန်း ဦးစီး ဌာနမှ ကိုဗစ် -၁၉ စီးပွားရေးကုစားမှုအစီ အစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့သော ငါးသားပေါက်များအား ဒုတိယ အကြိမ်အဖြစ် ကန်ကြီးထောင့်မြို့နယ်မှ ငါးမွေး တောင်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပုသိမ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ပြုလုပ် ခဲ့သည်။



အဆိုပါပေးအပ်ပွဲသို့ ဧရာဝတီတိုင်း ဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ ကန်ကြီးထောင့်မြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးဦးပြည့်စုံနှင့် ဌာနဆိုင် ရာများ၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ပြီး ငါးမွေးဧက ၅၄၄ ဒသမ ၁၂ အတွက် ငါးကောင်ရေ ၁၀၈၈၂၄၀ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တွန်းဇံမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အန္တရာယ်ရှိနေအိမ်တစ်လုံးအား ရွှေ့ပြောင်း

**တွန်းဇံ စက်တင်ဘာ ၁၃**

ချင်းပြည်နယ် တွန်းဇံမြို့၌ ယနေ့ နံနက် ၉နာရီတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေကြီး အက်ကြောင်းများ ဖြစ်ပေါ်လာပြီး မြေကျွံကျလာခြင်းကြောင့် နေအိမ်တစ်လုံးအား ဖြိုဖျက်၍ မိသားစုများအား ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် တွန်းဇံမြို့ ခေါဝုန်/လေးဆန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် မိုးနှစ်ရက် ဆက်တိုက်ရွာသွန်းမှုကြောင့် မြေကြီးအက်ကွဲမှုဖြစ်ပေါ်လာပြီး ဦးထန်ခန့်ဟောက် နေအိမ်မှာ မြေကျွံကျမှု ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ နေအိမ်သည် လူများဆက်လက် နေထိုင်ရန် အန္တရာယ် ရှိလာနိုင်သည့်အတွက် မိသားစုဝင်များအား နေအိမ်ရွှေ့ပြောင်းပေးခဲ့ရပြီး နေအိမ်အား ဖြိုဖျက် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများအား တွန်းဇံမြို့ရှိ သန္နိမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ နေအိမ်တွင် အမျိုးသား လေးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်းမိသားစုဝင် ရှစ်ဦး နေထိုင်လျက် ရှိပြီး မိသားစုဝင်များကို နီးစပ်ရာဆွေမျိုးအိမ်သို့ ပြောင်းရွှေ့ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

**လျန်ပီး(ချင်း)**



# နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

**၁။** နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြား ဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

**၂။** ရန်ကုန် - မန္တလေး အမြန်လမ်းနှင့်လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့် အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ် ထိန်းချုပ်နေသည်။

**၃။** ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက် / ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာ သူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြား ထားသည်။

**၄။** ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့်ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေး ပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက် ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

**၅။** နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့ စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

# ဝန်းသိုမြို့နယ်၌ မိုးရွာသွန်းမှုများ၍ နေအိမ်သုံးလုံး ရွှေ့ပြောင်း

**ကသာ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ယနေ့ နံနက် ၇ နာရီမှစ၍ မိုးအဆက်မပြတ်ရွာသွန်း မှုကြောင့် မြနန္ဒာရပ်ကွက်နှင့် မြကန်သာရပ်ကွက်ရှိ လမ်းမကြီးပေါ်တွင် မိုးရေနှစ်ပေခွဲခန့်နှင့် မြေနိမ့် ပိုင်းတွင် တစ်ပေခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ဝန်းသိုမြို့နယ်မီးသတ်ဦးစီးဌာနက အဆိုပါမိုးရေများ ဝင်ရောက် လျက်ရှိသော ရပ်ကွက်များအတွင်း လမ်းသွားပြည်သူများအဆင်ပြေစေရေး ကူညီပေးခြင်းနှင့် မြနန္ဒာရပ်ကွက်ရှိ ဒေါ်ခင်မာကြည်၏နေအိမ်၊ ဦးအောင်လင်း၏နေအိမ်နှင့် ဦးလှထွန်းတို့၏ နေအိမ်များကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်အတွင်း မိုးရွာသွန်းမှုအခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ၅ ဒသမ ၁၆ လက်မရှိကြောင်း သိရသည်။ **အေးမြသက်ထား**

# နှမ်းမျိုးစေ့ချစက်အသုံးပြုစိုက်ပျိုးခြင်းဖြင့် တစ်နာရီအတွင်း တစ်ကေခွဲအထိ စိုက်ပျိုးပြီးစီးနိုင်



**ဆားလင်းကြီး စက်တင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျွန်းဖိုပင်၊ ကမ်းနီ၊ ဆုံတား၊ အိုးဖိုနှင့် မြေဖွန်းကျေးရွာများသို့ သွားရောက်ပြီး နှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ရေချွေတာသုံးစွဲရေးနှင့် စိုက်ပျိုးရေ စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းစနစ်များ လိုက်နာကျင့်သုံးရန် လိုအပ်ချက်များ၊ သဘာဝမြေဩဇာများနှင့် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲကြရန် လိုအပ်ချက်များ၊ ပေါင်းမြက်နှိမ်နင်းရာတွင် ပေါင်းသတ်ဆေးအသုံးပြုခြင်းအား လျှော့ချသုံးစွဲကြရန် လိုအပ်ချက်များကို ပညာပေးဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကမ်းနီကျေးရွာနေ တောင်သူ ဒေါ်ဆွေ၏ စိုက်ခင်းတွင် နှမ်းမျိုးစေ့ချစိုက်စက်ဖြင့် ဆောင်းနှမ်းသီးနှံစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မိုးကောင်းသောက်ဧရိယာများရှိ တောင်သူများအနေဖြင့် ဩဂုတ်လနှင့် စက်တင်ဘာလပထမပတ်အတွင်း ရွာသွန်းခဲ့သောမိုးရေဖြင့် ဆောင်းသီးနှံများ စတင်စိုက်ပျိုးကြလျက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် စိုက်ပျိုးပညာပေး ပညာရှင်များပါဝင်သောအဖွဲ့တို့က နည်းပညာအကူအညီနှင့် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စိုက်ကွင်းများအရောက် ကွင်းဆင်းကြည့်ရှုအားပေးကြခြင်းဖြစ်ကြောင်း သိရသည်။

နှမ်းမျိုးစေ့ချစက်ကို အသုံးပြု၍ စိုက်ပျိုးရာတွင် ငှားရမ်းခအနေဖြင့် တစ်နာရီလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ အထိ ပေးချေရကြောင်း၊ အကွက်အနေအထားပေါ်မူတည်၍ တစ်နာရီလျှင် တစ်ကေမှ ၁ ဒသမ ၅ ကေခန့် စိုက်ပျိုးပြီးစီးသဖြင့် လုပ်သားအခက်အခဲရှိသည့် ဒေသများနှင့် အထူးသင့်လျော်၍ အချိန်တိုအတွင်း စိုက်ပျိုး ပြီးစီးနိုင်သောကြောင့် လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အကူအညီများ လိုအပ်ပါက အလွယ်တကူ ဆက်သွယ် ဆောင်ရွက်နိုင်ကြရန် တိုင်းဒေသကြီး ဦးစီးမှူးရုံး တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များနှင့် စိုက်ပျိုးရေးဦးစီးဌာန Call Center လိပ်စာကတ်များ၊ ကျန်းမာရေး နှာခေါင်းစည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ကော့ကရိတ် စက်တင်ဘာ ၁၃**
ကရင်ပြည်နယ် ကော့ကရိတ်မြို့ အထက(၂)၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်၊ ကရင်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်လှိုင်နှင့် ကော့ကရိတ်ခရိုင် ပညာရေးမှူး ဦးခိုင်ထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# မော်လမြိုင်ကျွန်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၃**
(၅၆) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေရှိ သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်ဝင်း၌ ကျင်းပသည်။

**စုပေါင်းဆောင်ရွက်**

ယင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်တို့က မြို့ဦးစေတီတော်ဝင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းစသော ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



**မော်ကျွန်း-မြင့်အောင်**

# ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ကျောင်းကုန်း စက်တင်ဘာ ၁၃**
ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု များပြားလာသဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းကစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းကုန်းမြို့အဝင် လမ်းဆုံနှင့် ကျောင်းကုန်း-အိမ်မဲလမ်းဆုံတို့တွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး မြို့တွင်းသို့ ဝင်ရောက်သူများအား ထောက်ခံစာများစစ်ဆေးခြင်း၊ ဂိတ်ရှေ့တွင် ဆိုင်ကယ်များအား မောင်းနှင်ခြင်းမပြုစေဘဲ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးဂိတ် နှစ်ခုတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက နေ့စဉ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ထွေ/အုပ်၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး၊ မီးသတ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက အလှည့်ကျပူးပေါင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




# သီပေါ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ပရဟိတကွန်ရက် နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ စုပေါင်းဆောင်ရွက်

**သီပေါ စက်တင်ဘာ ၁၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ပရဟိတကွန်ရက်က နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းမှစတင်၍ စာတိုက်လမ်းဆုံ မြို့မဈေးကြီးပတ်လည် မိုင်းပွန်လမ်းမကြီး နာရီစင်နှင့် အကောင်းကြိုက်မီးပွိုင့်လမ်းဆုံတို့၌ ပြုလုပ်ကြသည်။



ပရဟိတ ကွန်ရက်အဖွဲ့ဝင်များသည် အလှူရှင်များ လှူဒါန်းထားသည့် နှာခေါင်းစည်းအခု ၁၁၀၀၀ ကို ဈေးဆိုင်အချို့နှင့် နေအိမ်ပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာလာကြသူများ၊ ယာဉ်သွားယာဉ်လာများအား အခမဲ့ဝေငှပေးအပ်ပြီး သီပေါယာဉ်ထိန်းတပ်စိတ်ကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်ပါကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

**သီပေါကိုလတ်**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ခေါသွားပေါ်က ပျားရည်စက်

**မောင်ငြိမ်းအေး**

များသောအားဖြင့် ကေတီဗွီကို သွားခဲ့ဖူးတဲ့ အပေါင်းအသင်းရောင်းရင်းတွေဟာ မိမိတို့ရဲ့ ဂုဏ်သိက္ခာအတွက် ကေတီဗွီကို သွားခဲ့၊ ပျော်ခဲ့၊ ပါးခဲ့ကြတာတွေကို ထုတ်ဖော်ပြောကြားလေ့မရှိကြပါဘူး။ အခုတော့ ကေတီဗွီမှာ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပေါက်ကွဲမှုကြီး တစ်ခုကို မြင်တွေ့ကြားသိလိုက်ရလို့ ကျွန်တော် ကေတီဗွီ သွားခဲ့တဲ့ အကြောင်းကို ထုတ်ဖော်ဖွင့်ဟဝန်ခံလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်ဆိုရင် ကိုစိုး မွေးနေ့တုန်းက တစ်ခါ၊ ဆရာမျိုး နှုတ်ဆက်ပွဲတုန်းက တစ်ကြိမ်၊ ကိုဝင်းမိုး အရောင်းအဝယ်ဖြစ်တုန်းက တစ်လှည့်ကေတီဗွီဆိုင်ကို ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော့် ပတ်ဝန်းကျင်၊ ကျွန်တော့်အသိုင်းအဝိုင်း၊ ကျွန်တော့် အပေါင်းအသင်းလောကက မိတ်ဆွေတွေနဲ့အတူ ကေတီဗွီကို သုံးခါလောက်သွားခဲ့ဖူးတယ် ဆိုပါတော့။ ကျွန်တော်တို့ ကေတီဗွီသွားတာက သီချင်းဆိုရုံသက်သက်ပါပဲ။ တခြားမပါပါဘူး။ ပထမနှစ်ပွဲကတော့ ကိုဗစ်မဖြစ်ခင် ယခင်တစ်နှစ်က ပြောင်ပြောင်တင်းတင်း သွားခဲ့တာဖြစ်ပြီး နောက်တစ်ပွဲကတော့ ကိုဗစ်ကာလထဲမှာဆိုတော့ တိုးတိုးတိတ်တိတ် သွားခဲ့ကြတာဖြစ်ပါတယ်။

အန္တရာယ်များတဲ့ ကိုဗစ်ကာလအတွင်းမှာ တရားမဝင်တဲ့ ကေတီဗွီပွဲကို နွှဲခဲ့တာဟာ ထုတ်ပြန်ထားတဲ့ အမိန့်တွေကို ချိုးဖောက်တာဖြစ်လို့ ယခုထက်တိုင် စိုးရိမ်ထိတ်လန့်နောင်တရလို့မဆုံးအောင်ဖြစ်ခဲ့ရပါတယ်။ အဲဒီတုန်းက တဒင်္ဂပျော်ရွှင်မှုလေးဟာ ခေါသွားပေါ်က ပျားရည်စက်ကို လျက်ရတာနဲ့ တူနေပါတယ်။ အဲဒီတုန်းက ကံကောင်းထောက်မလို့ ကိုဗစ်ရောဂါကူးစက်မခံရပေမယ့် လွန်ခဲ့တဲ့ရက်က သဃ်န်းကျွန်းမြို့နယ်က ကေတီဗွီ ဖြစ်စဉ်ကြောင့် တွေးတွေးပြီး ကြက်သီးမွေးညှင်းထအောင် ကြောက်မိပါတယ်။ အချိန်မရွေး အန္တရာယ်ကျရောက်လာမှာကိုမမြင်မိဘဲ လတ်တလောအပျော်မင်၊ အပေါင်းအသင်း စုံမက်တတ်တဲ့စိတ်၊ အပေါင်းအသင်းကို အလိုလိုက်တဲ့စိတ်ဟာ ငယ်ငယ်ကတည်းက ယခုအချိန်အထိ ရှိနေတာကို မှားတယ်လို့ ဝန်ခံပါတယ်။

### ထပ်မံအသိပေးညွှန်ကြား

တကယ်တော့ မြန်မာနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိတဲ့ မတ်လလောက်ကတည်းက ဖျော်ဖြေရေးတွေ၊ ဖိမ်ခံရေးလုပ်ငန်းတွေဖြစ်တဲ့ ကေတီဗွီ၊ ဘား၊ နိုက်ကလပ်တွေနဲ့ အနှိပ်ခန်းတွေကို ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်အရ ပိတ်သိမ်းဖို့ အကြောင်းကြားထားခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း တရားဝင်ပြန်လည်ဖွင့်လှစ်ခွင့်မပြုသေးဘူးဆိုတာကို ကျွန်တော်တို့တစ်တွေ သိသိကြီးနဲ့ သွားခဲ့မိတာကို အခုမှပဲ နောင်တလည်းရ၊ ရှက်လည်းရှက်မိပါတော့တယ်။ ရန်ကုန်၊ မန္တလေးနဲ့ မြို့ကြီးတွေမှာ ဖျော်ဖြေရေးလုပ်ငန်းအချို့ဟာ ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေကြလို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက စိစစ်ကြပ်မတ်ဖို့၊ ပိတ်သိမ်းအရေးယူဖို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ထပ်မံအသိပေးညွှန်ကြားခဲ့တာကိုလည်း ကြားသိခဲ့ဖူးပါတယ်။

ဟိုတယ်တွေနဲ့ သီးခြားနေရာတွေမှာ ဖျော်ဖြေရေးလုပ်ငန်းတွေဖြစ်တဲ့ ကေတီဗွီ၊ ဘားနဲ့ နိုက်ကလပ်လုပ်ငန်းတွေ လုပ်ကိုင်တာကို ပိတ်သိမ်းသွားဖို့နဲ့ လိုင်စင်ပိတ်သိမ်းတဲ့အထိ အရေးယူဖို့အထိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဩဂုတ်လ ၁၅ ရက် နေ့စွဲနဲ့ အကြောင်းကြားထားတာကိုလည်း ကြားသိရပါတယ်။ ဒါပေမဲ့ တချို့ကေတီဗွီ၊ ဘားနဲ့ နိုက်ကလပ်တွေ ပြန်ဖွင့်လာတာဟာ စီးပွားရေးလုပ်ငန်းတွေနဲ့ အချို့ညွှန်ကြားချက်တွေ ဖြေလျှော့ပေးလိုက်တာကို အကြောင်းပြုပြီး ရောချလိုက်တာပဲ ဖြစ်ပါတယ်။ လက်ရှိကာလမှာ ဘယ်မှာမှ တရားဝင်ဖွင့်လှစ်ခွင့်မရှိသေးပါဘူး။ သို့သော်လည်းပဲ ရန်ကုန်မြို့ရဲ့ တချို့မြို့နယ်တွေမှာ ကေတီဗွီတွေ၊ ဘားတွေဖွင့်လှစ်လုပ်ကိုင်နေကြလို့ ကိုဗစ်ကြီးနဲ့ တွေ့လိုက်တော့မှပဲ အားလုံးအလန့်တကြားဖြစ်ခဲ့ရပါတယ်။

### ကိုဗစ်ပိုးတွေ့လူနာအများဆုံး

စက်တင်ဘာလ ၈ ရက်နေ့က သဃ်န်းကျွန်းမြို့နယ်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့လူနာ တစ်နေ့တည်း ၈၅ ဦး တွေ့တဲ့အခါမှာ ပိုးတွေ့လူနာ ၇၃ ဦးက ကေတီဗွီဆိုင်က ဖြစ်တယ်ဆိုတာကို သိလိုက်ရတော့ အတော်ကို တုန်လှုပ်ချောက်ချားဖြစ်ကြပါတယ်။ သဃ်န်းကျွန်းမြို့နယ်ဟာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ်ပိုးတွေ့လူနာ အများဆုံးတွေ့ရှိတဲ့ မြို့နယ်ဖြစ်နေပါပြီ။ ဇာတ်မြစ်ကတော့ ကေတီဗွီကလို့ အပြစ်ပုံချရမလို ဖြစ်နေပါတယ်။ တကယ်တမ်းမှာလည်း သဃ်န်းကျွန်းမြို့နယ်က ကာရာအိုကေဆိုင်တွေမှာ ဖျော်ဖြေမှုအစီအစဉ်တွေကနေ ပြန့်သွားတဲ့သဘောပါပဲ။ ကိုဗစ်–၁၉ ရောဂါ မဖြစ်မီကာလ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကာရာအိုကေလုပ်ငန်းလိုင်စင် စုစုပေါင်း ၃၂၆ ခု ခွင့်ပြုပေးထားတာရှိကြောင်း၊ အရှေ့ပိုင်းခရိုင်မှာ ၁၁၆ ခု၊ အနောက်ပိုင်းခရိုင်မှာ ၁၁၂ ခု၊ တောင်ပိုင်းခရိုင်မှာ ၂၀၊ မြောက်ပိုင်းခရိုင်မှာ ၇၈ ခု ရှိကြောင်း သိရပါတယ်။ အဲဒီအထဲမှာ သဃ်န်းကျွန်းမြို့နယ်ပါဝင်တဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်ဟာ ကာရာအိုကေဆိုင်အများဆုံး ဖြစ်ပါတယ်။ ယခုတော့ ကိုဗစ်ပိုးတွေ့လူနာ အများဆုံးရှိတဲ့ မြို့နယ်ဖြစ်နေပါပြီ။

ကာရာအိုကေဆိုင်ဆိုတာ အလုံပိတ်အဆောက်အအုံဖြစ်ပြီး အဲဒီအဆောက်အအုံထဲမှာပဲ အလုံပိတ်အခန်းတွေ ထပ်မံဖွဲ့စည်းထားပါတယ်။ တစ်ခန်းတစ်ခန်းကို လူ ငါးယောက်စာ၊ ၁၀ ယောက်စာ၊ ၁၅ ယောက်စာ စသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ လူစုလူဝေးလည်းဖြစ်၊ အလုံပိတ်အခန်းလည်းဖြစ်လို့ ရောဂါပိုးပွားပြန့်အောင်လုပ်နိုင်တဲ့ အထိရောက်ဆုံးနည်းလို့ ပြောရမလိုဖြစ်ပါတယ်။ ကူးစက်မြန်ကြောက်စရာ ကိုဗစ်ရောဂါကာလ မဟုတ်ရင်တောင်မှ အခြားရောဂါတစ်ခုခုရှိသူ ရောက်လာရင်လည်း ကူးစက်မှုမြန်မှာပါ။ ပျော်ရွှင်ပွဲကိုနွှဲမယ့် အခန်းတွင်းမှ လူအားလုံးဟာ တစ်ယောက်မကျန် အလှည့်ကျ သီချင်းဆိုကြမယ်၊ မိုက်ကရိုဖုန်းကို တစ်ယောက်တစ်လှည့် လက်ပြောင်းသုံးကြမယ်၊ အဲဒီမှာပဲ ကိုဗစ်နဲ့စတွေ့တော့တာပါပဲ။ ကာရာအိုကေဆိုင်က ရောဂါပေါက်ကွဲမှုဟာ နောက်ဆက်တွဲဆိုးကျိုးတွေ မြန်မြန်ဆန်ဆန်ကြီး စတင်ကြုံတွေ့ခဲ့ရပါတယ်။

### ကျွမ်းကျင်ပညာရှင်

ကမ္ဘာပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေတဲ့ နိုင်ငံကြီးတွေမှာ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် လူစုလူဝေးဖြစ်နိုင်တဲ့နေရာတွေဖြစ်တဲ့ ဘုရားကျောင်းတွေ၊ ဘားတွေ၊ နိုက်ကလပ်တွေ၊ ကာရာအိုကေဆိုင်တွေကို ပိတ်ပစ်ကြရပါတယ်။ ကိုဗစ်ရောဂါဖြစ်ပွားမှု အစောပိုင်းကာလက တောင်ကိုရီးယားနိုင်ငံဟာ ကိုဗစ်ရောဂါကို စံနမူနာပြ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ထိန်းချုပ်နိုင်လို့ ဖြေလျှော့မှုတွေလုပ်ပေးလိုက်တဲ့အခါမှာ အဲဒီ လူစုလူဝေးနေရာတွေကနေ ရောဂါပိုး ပြန်လည်ပျံ့နှံ့လာလို့ အမြန်ဆုံး ပြန်လည်ပိတ်လိုက်ရပါတယ်။ အမေရိကန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ကိုဗစ်ရောဂါဖြစ်ပွားသေဆုံးမှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံကြီးဖြစ်လို့ ပြည်သူလူထုရဲ့ လွတ်လပ်မှုကို ထိန်းချုပ်ရအလွန်ခက်ပါတယ်။ ဒါကြောင့်လည်း ဖြစ်ပွားမှုဟာ သိသိသာသာ မလျော့ကျနိုင်သေးဘဲ ရှိနေပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်တွေမှာ ပြည်သူတွေ နှာခေါင်းစည်းတပ်တာ၊ လူစုလူဝေးရှောင်တာ၊ လက်ဆေးတာ၊ ခြောက်ပေအကွာနေတာနဲ့ နိုက်ကလပ်တွေ၊ ဘားတွေကို သွားရောက်တာ ရှောင်ကြဉ်ဖို့ သို့မဟုတ် ဘားတွေ၊ နိုက်ကလပ်တွေကို ပိတ်သိမ်းဖို့ ပါဝင်တဲ့ စည်းမျဉ်းငါးချက်ကို လိုက်နာနိုင်မှ ကိုရိုနာဗိုင်းရပ်စ်ပိုး ပြန့်ပွားမှု တစ်ရှိန်ထိုးတက်နေတာကို ရပ်တန့်နိုင်မယ်လို့ အမေရိကန်ကူးစက်ရောဂါကျွမ်းကျင်ပညာရှင်က သတိပေးထားပါတယ်။

> **စကားပြောတဲ့အခါ၊ အော်ဟစ်တဲ့အခါ၊ သီချင်းဆိုတဲ့အခါ ပါးစပ်ကထွက်လာတဲ့ အမှုန်အမွှားတွေဟာ လေထဲမှာ ပိုမိုပျံ့လွင့်နိုင်ပါတယ်။ လေဝင်လေထွက် မကောင်းတဲ့ အလုံပိတ်အခန်းတွေမှာ လူတွေစုဝေးပြီး ဆိုကြ၊ ပြောကြတဲ့အခါမှာ အစုအပြုံလိုက် ရောဂါကူးစက်မှုဖြစ်စေတာကို ယခုတော့ လက်တွေ့ကြုံခဲ့ကြရပါပြီ။ ဒါကြောင့် ကာရာအိုကေပါတီတွေ၊ အရက်ဆိုင်တွေ၊ အရက်ဘားတွေ၊ အားကစားလေ့ကျင့်ရေးခန်းမစတဲ့ အလုံပိတ်အခန်းတွေဟာ ရောဂါပြန့်ပွားစေရာ အဓိက အချက်အချာနေရာတွေ ဖြစ်တယ်ဆိုတာကို သတိထားကြရမှာဖြစ်ပါတယ်။ လေထဲမှ ရောဂါကူးစက်မှုကို ရှောင်လိုလျှင် လူစုလူဝေးနေရာတွေ၊ အလုံပိတ်အခန်းတွေ၊ လေဝင်လေထွက် မကောင်းတဲ့နေရာတွေမှာ နီးကပ်စွာ စကားပြောတာ၊ သီချင်းဆိုတာ၊ အော်ဟစ်တာတွေကို ရှောင်ကြဉ်ကြပါလို့ အကြံပြုလိုပါတယ်။**

စကားပြောတဲ့အခါ၊ အော်ဟစ်တဲ့အခါ၊ သီချင်းဆိုတဲ့ အခါ ပါးစပ်ကထွက်လာတဲ့ အမှုန်အမွှားတွေဟာ လေထဲမှာ ပိုမိုပျံ့လွင့်နိုင်ပါတယ်။ လေဝင်လေထွက် မကောင်းတဲ့ အလုံပိတ်အခန်းတွေမှာ လူတွေစုဝေးပြီး ဆိုကြ၊ ပြောကြတဲ့အခါမှာ အစုအပြုံလိုက် ရောဂါကူးစက်မှု ဖြစ်စေတာကို ယခုတော့ လက်တွေ့ကြုံခဲ့ကြရပါပြီ။ ဒါကြောင့် ကာရာအိုကေ ပါတီတွေ၊ အရက်ဆိုင်တွေ၊ အရက်ဘားတွေ၊ အားကစားလေ့ကျင့်ရေးခန်းမ စတဲ့ အလုံပိတ်အခန်းတွေဟာ ရောဂါပြန့်ပွားစေရာ အဓိက အချက်အချာနေရာတွေ ဖြစ်တယ်ဆိုတာကို သတိထားကြရမှာဖြစ်ပါတယ်။ လေထဲမှ ရောဂါကူးစက်မှုကို ရှောင်လိုလျှင် လူစုလူဝေးနေရာတွေ၊ အလုံပိတ်အခန်းတွေ၊ လေဝင်လေထွက် မကောင်းတဲ့နေရာတွေမှာ နီးကပ်စွာစကားပြောတာ၊ သီချင်းဆိုတာ၊ အော်ဟစ်တာတွေကို ရှောင်ကြဉ်ကြပါလို့ အကြံပြုလိုပါတယ်။

### ကူးစက်မှုအလွယ်ဆုံးနေရာ

ကိုရိုနာဗိုင်းရပ်စ်ပိုး အလျင်အမြန် ပြန့်ပွားနေတဲ့ အချိန်မှာ အလုံပိတ်အခန်းတွေ၊ လူစုလူဝေးအခန်းတွေ ရှိတဲ့ ဘားတွေ၊ နိုက်ကလပ်တွေ၊ ကာရာအိုကေဆိုင်တွေဟာ အန္တရာယ်အများဆုံး၊ ကူးစက်မှုအလွယ်ဆုံးနေရာတွေ ဖြစ်တယ်ဆိုတာကို သတိထားကြရမှာပါ။

အခုအခါမှာတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ တရားမဝင်ဖွင့်လှစ်လုပ်ကိုင်နေတဲ့ ကေတီဗွီတွေ၊ နိုက်ကလပ်တွေကို မြန်မာနိုင်ငံရဲ့တပ်ဖွဲ့က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်အတိုင်း ရှာဖွေဖမ်းဆီး အရေးယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ စက်တင်ဘာလ ၁ ရက်နေ့ကနေ ၁၂ ရက်နေ့အထိ အမှုပေါင်း ၉၀၀ နီးပါး ရှိခဲ့တာဟာ ဝိသမလောဘ စီးပွားရေးသမားတွေနဲ့ ကျွန်တော်တို့လို စည်းကမ်းမလိုက်နာတဲ့ ပြည်သူတွေရှိနေလို့ ဖြစ်ကြရတာလို့ ဝန်ခံရမှာပါ။


ကိုဗစ်–၁၉ ရောဂါကြောင့် မွန်းကျပ်နေတဲ့ကာလမှာ သီချင်းဆိုတာဟာ ကောင်းတဲ့အလုပ်ဆိုပေမယ့် အလုံပိတ်အခန်းထဲမှာ အပေါင်းအသင်းတွေနဲ့စုဝေးပြီး မဆိုပါနဲ့။ မိမိနေအိမ်၊ မိမိခြံဝင်းအတွင်း၊ ရေချိုးခန်းအတွင်း သီချင်းဆိုတာဟာ အကောင်းဆုံး ဘေးအန္တရာယ်အကင်းဆုံး ဖြစ်ပါတယ်။ သီချင်းဆိုတာနဲ့ပတ်သက်လို့ အီတလီနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါ ကူးစက်နှုန်း အလွန်များပြားပြီး ရောဂါကြောင့် သေဆုံးသူများလွန်းတဲ့အတွက် တစ်မြို့လုံးကို လော့ခ်ဒေါင်းချလိုက်တဲ့အခါမှာ အီတလီနိုင်ငံသူ နိုင်ငံသားတွေက ၎င်းတို့ရဲ့ နေအိမ်ပြတင်းပေါက်တွေကနေ သီချင်းတွေ သံပြိုင်သီဆိုခဲ့ကြတာကို အားလုံးလည်း ဖတ်ရှုကြားသိဖူးကြမှာပါ။ သီချင်းဆိုတာဟာ ကြောက်ရွံ့မှုတွေပျောက်ပြီး စိတ်ဓာတ်တွေ တက်ကြွစေတယ်၊ ကျန်းမာရေးအတွက် ကောင်းတယ်ဆိုပေမယ့် ကိုဗစ်ကာလမှာတော့ ကာရာအိုကေဆိုင် အလုံပိတ်အခန်းထဲမှာ သီချင်းသွားဆိုကြမယ်ဆိုရင်တော့ အဲဒီ တဒင်္ဂပျော်ရွှင်ချမ်းမြေ့မှုဟာ ခေါသွားပေါ်က ပျားရည်စက်ကို လျက်လိုက်ရသလို ဖြစ်သွားမှာကို သတိပြုမိစေဖို့ ရေးသားတင်ပြလိုက်ရပါကြောင်း ။ ။

---

## ခရမ်းမြို့နယ်၌ ရွှေပုဇွန်စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းမှ ငါးများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ ရွှေပုဇွန်စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းလီမိတက်ပိုင် ငါးကန် ၁၈၅ ဧကတွင် တစ်ဧကလျှင် ခုနစ်လက်မအရွယ်အစားရှိ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှုန်းဖြင့် ငါးကန် ၁၈၅ ဧကအတွက် ငါးကောင်ရေ ၄၆၅၀၀၀ ကို ထည့်သွင်းမွေးမြူထားကြောင်း၊ အသားတိုးကာလ ၁၀ လခန့်ကြာသောအခါ ပိဿာချိန် ၅၁၁၅၀၀ ခန့်ထွက်ရှိကြောင်းနှင့် ပြည်သူများထံသို့ ငါးမြစ်ချင်းတစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပေါ့ပေါ့မစဉ်းစားပါနဲ့



**အခု ရန်ကုန်တိုင်းမှာ ပြန့်ပွားမှုဟာ အရင် မတ်လ၊ ဧပြီလတုန်းက ပြန့်ပွားမှုနဲ့စာရင် အများကြီး ပိုပြီးတော့ မြန်တယ်ဆိုတာ ပြည်သူတွေ သိပြီးသားဖြစ်ပါလိမ့်မယ်။ မြန်ရုံတင်မကဘူး၊ အခုနောက်ပိုင်း မှာဆိုရင် ကွယ်လွန်အနိစ္စရောက်တဲ့သူတွေလည်း အရင်နဲ့စာရင် မြန်လာတယ်လို့ ပြောရပါလိမ့်မယ်။ အရင်တုန်းက (၆)ယောက်ပေါ့။ အခု(၈) ယောက်ဆိုတော့ (၁၄) ယောက်ရှိသွားပါပြီ။ နောက်ဖြစ်တဲ့(၈) ယောက်ထဲမှာဆိုရင် (၂)ယောက်က အသက်လည်းမကြီးသေးပါဘူး။ အရွယ်ကောင်းတွေလို့ ပြောလို့ရ တယ်။ တခြားဘာရောဂါအခံမှုလည်း မရှိပါဘူး။ အဲဒါကြောင့် ကိုဗစ်ကြောင့်ပဲ အသက်ဆုံးရှုံးသွားရတယ် လို့ ကျွန်မတို့ဒီလိုပဲ ယူဆရပါတယ်။ ဒါကြောင့် ကိုဗစ်က ဖြစ်တာဖြစ်ပါစေ။ အသက်မှ မထိခိုက်တာလို့ ဒီလို ပေါ့ပေါ့မစဉ်းစားပါနဲ့။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID-19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေး နှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

❋ ကျောဖုံးမှ

၂။ (၁၂-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲ နမူနာ (၂,၀၀၉) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၇၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၆၉၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၃၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၆၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၀) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၄) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု

စုစုပေါင်း (၄,၁၂၀) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၅၁) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲ အတည်ပြု လူနာ (၁၅၀) ဦး တွေ့ရှိကြောင်းကို (၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ သို့ဖြစ်ရာ (၁၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာ နိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၇၉၆)ဦး ရှိပြီဖြစ် ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၁) ဦးနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၁၁) ဦး | (၂,၇၉၆) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၆၇၆) ဦး |
| သေဆုံးလူနာ | (၀) ဦး | (၁၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၃-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၅၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၀၉) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၁) ခုနှင့်
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၉) ခု
- စုစုပေါင်း (၁,၃၉၁) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၆) ဦး တွေ့ရှိ ရပါသည်။

၂။ (၁၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၉၃၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၆၉၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက် (၇၄) နှစ်အရွယ် ဆီးချိုရောဂါအခံရှိသူ အမျိုးသမီး (Case-2429) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ သွေးဆိပ်သင့်ခြင်းရောဂါဖြင့် (၁၃-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၃:၁၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက် (၉၀) နှစ်အရွယ် နှလုံးရောဂါအခံရှိသူ အမျိုးသမီး (Case-2064) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် နှလုံးစည်းချက်မမှန်ဖြစ်ကာ ရုတ်တရက် နှလုံးရပ်၍ (၁၃-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၂:၂၅) နာရီအချိန်တွင် သေဆုံး သွားခဲ့ပါသည်။

၆။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၂၀)ဦး ရှိပြီဖြစ်ပါသည်။

၇။ (၁၂-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၇၀) ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၆) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၀၉) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၂) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၁၃-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၃၆) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၃၆) ဦး | (၂,၉၃၂) ဦး |
| ဆေးရုံဆင်း | (၂၃) ဦး | (၆၉၉) ဦး |
| သေဆုံးလူနာ | (၄) ဦး | (၂၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၃၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၃၂ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၃၃၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၃၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၉၃၂ ဦးအနက် သေဆုံးသူ ၂၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၉၉ ဦးနှင့် စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၇၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၂၉၃၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၆၉၉ | ၂၀ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၆၉၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၇၉၀၂၃ | ၃၉၅၀၅၉၉ | ၁၉၈၁၅၀ |
| ၂။ | အိန္ဒိယ | ၄၇၆၄၇၈၆ | ၃၇၀၈၂၇၅ | ၇၈၇၂၇ |
| ၃။ | ဘရာဇီး | ၄၃၁၅၈၅၈ | ၃၅၅၃၄၂၁ | ၁၃၁၂၇၄ |
| ၄။ | ရုရှား | ၁၀၆၂၈၁၁ | ၈၇၆၂၂၅ | ၁၈၅၇၈ |
| ၅။ | ပီရူး | ၇၂၂၈၃၂ | ၅၅၉၃၂၁ | ၃၀၅၉၃ |
| ၆။ | ကိုလံဘီယာ | ၇၀၈၉၆၄ | ၅၉၂၈၂၀ | ၂၂၇၃၄ |
| ၇။ | မက္ကဆီကို | ၆၆၃၉၇၃ | ၄၆၇၅၂၅ | ၇၀၆၀၄ |
| ၈။ | တောင်အာဖရိက | ၆၄၈၂၁၄ | ၅၇၆၄၂၃ | ၁၅၄၂၇ |
| ၉။ | စပိန် | ၅၇၆၆၉၇ | စိစစ်ဆဲ | ၂၉၇၄၇ |
| ၁၀။ | အာဂျင်တီးနား | ၅၄၆၄၈၁ | ၄၀၉၇၇၁ | ၁၁၂၆၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၆၁၂၁၆ | ၂၀၇၅၆၈ | ၄၃၇၁ |
| ၂။ | အင်ဒိုနီးရှား | ၂၁၈၃၈၂ | ၁၅၅၀၁၀ | ၈၇၂၃ |
| ၃။ | စင်ကာပူ | ၅၇၄၀၆ | ၅၆၆၉၉ | ၂၇ |
| ၄။ | မလေးရှား | ၉၉၁၅ | ၉၁၉၆ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၇၃ | ၃၃၁၂ | ၅၈ |
| ၆။ | မြန်မာ | ၂၉၃၂ | ၆၉၉ | ၂၀ |
| ၇။ | ဗီယက်နမ် | ၁၀၆၀ | ၉၁၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၁ | ၀ |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၃-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၁၂-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၄,၁၂၀)ခုအနက် အတည်ပြုလူနာ (၃၅၁) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | နေပြည်တော် | ဥတ္တရသီရိမြို့နယ် | ၄ |
| | | ဒက္ခိဏသီရိမြို့နယ် | ၂ |
| | | ဇမ္ဗူသီရိမြို့နယ် | ၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်းမြို့နယ်* | ၁ |
| | | အမရပူရမြို့နယ် | ၅ |
| ၃ | မကွေးတိုင်းဒေသကြီး | မြို့သစ်မြို့နယ်* | ၁ |
| | | နတ်မောက်မြို့နယ်* | ၁ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်မြို့နယ် | ၁ |
| | | ကောလင်းမြို့နယ်* | ၁ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၁၁ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၂၈ |
| | | မင်္ဂလာဒုံမြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁၂ |
| | | လှိုင်မြို့နယ် | ၁၄ |
| | | အလုံမြို့နယ် | ၂ |
| | | တောင်ဥက္ကလာပမြို့နယ် | ၂၀ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၉ |
| | | သာကေတမြို့နယ် | ၁၁ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၇ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၁၃ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၂ |
| | | တိုက်ကြီးမြို့နယ် | ၁ |
| | | ဗိုလ်တထောင်မြို့နယ် | ၁၀ |
| | | လှိုင်သာယာမြို့နယ် | ၃ |
| | | လသာမြို့နယ် | ၂ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဒေါပုံမြို့နယ် | ၅ |
| | | ကမာရွတ်မြို့နယ် | ၄ |
| | | ပုဇွန်တောင်မြို့နယ် | ၃ |
| | | ဒလမြို့နယ် | ၆ |
| | | မှော်ဘီမြို့နယ် | ၁ |
| | | ပန်းဘဲတန်းမြို့နယ် | ၆ |
| | | ကော့မှူးမြို့နယ် | ၁၃ |
| | | ရန်ကင်းမြို့နယ် | ၁၅ |
| | | အင်းစိန်မြို့နယ် | ၁၄ |
| | | ရွှေပြည်သာမြို့နယ် | ၅ |
| | | မရမ်းကုန်းမြို့နယ် | ၁၈ |
| | | သုံးခွမြို့နယ် | ၁ |
| | | သန်လျင်မြို့နယ် | ၁ |
| | | ထန်းတပင်မြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | ဗဟန်းမြို့နယ် | ၁ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၁ |
| ၆ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၂၀ |
| | | ကျောက်ဖြူမြို့နယ် | ၁ |
| | | ဘူးသီးတောင်မြို့နယ် | ၅ |
| | | ကျောက်တော်မြို့နယ် | ၁ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၁ |
| | | ပေါက်တောမြို့နယ် | ၄ |
| | | တောင်ကုတ်မြို့နယ် | ၁ |
| | | မောင်တောမြို့နယ် | ၁ |
| ၇ | မွန်ပြည်နယ် | ကျိုက်ထိုမြို့နယ် | ၁ |
| | | မော်လမြိုင်မြို့နယ်* | ၁၇ |
| | | မုဒုံမြို့နယ်* | ၁ |
| | | သထုံမြို့နယ်* | ၂ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ဖြူးမြို့နယ် | ၁ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်မြို့နယ် | ၁ |
| | | ထားဝယ်မြို့နယ် | ၁ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၂ |
| | | ကန်ကြီးထောင့်မြို့နယ် | ၁ |
| | | ဝါးခယ်မမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃၅၁ |

* မော်လမြိုင်မြို့နယ်မှ (၁၁)ဦးနှင့် အခြား*မြို့နယ်များမှ (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

၂။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက်(၇၅)နှစ်အရွယ် အမျိုးသား(Case-2523)သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်း၊ သွေးဆိပ်သင့်ခြင်း၊ အသည်းရောင်အသားဝါရောဂါ (စီပိုး) ကုသမှုခံယူနေရခြင်းတို့ကြောင့် (၁၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၁၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၃။ သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရိုးပွရောဂါ၊ သွေးတိုးရောဂါအခံရှိသူ အသက်(၉၀)နှစ်အရွယ် အမျိုးသမီး (Case-2260)သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်းပျက်စီးခြင်းရောဂါဖြင့် (၁၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၅၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူစုစုပေါင်း (၁၈)ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



## ပြည်ကြီးတံခွန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း ၂၀၀၀၀ ဖြန့်ဝေ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် ဣန္ဒာသယသေွးလှူရှင်အသင်းနှင့် မဟာတံခွန် နာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်း အခုရေ ၂၀၀၀၀ ဖြန့်ဝေပေးခဲ့ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ လမ်းဆုံလမ်းခွများ နှင့်ဈေးများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဣန္ဒာသယသွေးလှူရှင်အသင်း ဦးဆောင် ဆရာတော် ဘဒ္ဒန္တကုသလနှင့် အသင်းသူ အသင်းသားများ၏ စုပေါင်းလှူဒါန်းမှု၊ မဟာတံခွန်နာရေးကူညီမှုအသင်းမှ အသင်းသူ အသင်းသားများ၏ စုပေါင်း လှူဒါန်းမှုများဖြင့် နှာခေါင်းစည်းအခုရေ ၂၀၀၀၀ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူများအား နှာခေါင်းစည်း ဖြန့်ဝေပေးလျက်ရှိပြီး မြို့နယ်အတွင်းရှိ (စ) ဈေး၊ ပြည်ရန်ကျော်ဈေး(သင်ပန်း ကုန်းဈေး) နှင့် သင်ပန်းကုန်းလမ်းဆုံနေရာများ တွင် လှည့်လည်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ ယခုလပထမပတ်ကလည်း ပြည်ကြီးတံခွန်မြို့နယ် လူမှု ကူညီရေးအသင်းချုပ်က ဦးဆောင်၍ မြို့နယ်အတွင်းရှိ လမ်းဆုံလမ်းခွများတွင် နှာခေါင်းစည်း အခုရေ ၂၀၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် အနောက် အလယ်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းလွန်) တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

မိုး/ဇလ

## ဆည်တမံနှင့်ကျေးရွာပိုင်ကန်များအတွင်း ငါးမျိုးစိုက်ထည့်

**မကွေး စက်တင်ဘာ ၁၃**

မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးရိက္ခာဖူလုံစေရေး၊ ကျေးလက်နေ ပြည်သူများ ငါးပိုမိုစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ တိုးပွားစေရေး ရည်ရွယ်၍ ရေနံချောင်းမြို့နယ်ရှိ နဂါး ရေလှောင်တမံ၊ လေးတိုင်စင်ရေလှောင် တမံနှင့် ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်များရှိ ကျေးရွာပိုင်ကန် များအတွင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အင်းစိန်မြို့နယ်ရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များ လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များကို ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊ ဈေးများဌာန ဌာနစုမှူး ဒေါ်ယဉ်ယဉ်စန်းနှင့် တာဝန်ရှိသူများက ဈေးတာဝန်ခံများနှင့်အတူ မြို့နယ်အတွင်းရှိဈေးများဖြစ်ကြသော အင်းစိန်မြို့မ ဈေးကြီး၊ လေဟာပြင်ဈေး၊ဆယ်မိုင်ကုန်းဈေး၊ ဘိုကုန်းဈေး၊ နံ့သာကုန်းဈေးများ သို့သွားရောက်၍ ဈေးများအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက် စည်းကမ်းများအတိုင်း ဈေးရောင်းသူများနှင့် ဈေးဝယ်သူများကို ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ထားခြင်း၊ လက်အိတ်စွပ်ထားခြင်း၊ နှာခေါင်းစည်းမပါလာပါက နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှ ဈေးများအတွင်းသို့ ဝင်ရောက်စေခြင်းတို့ကို လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြရာ အင်းစိန် မြို့နယ် နံ့သာကုန်းဈေး အတွင်း ကိုဗစ်-၁၉ ရောဂါအသိပညာပေးခြင်းများ၊ ညွှန်ကြားချက်စည်းကမ်းများ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း



## သီပေါမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အရှိန်အဟုန်မပြတ်ဆောင်ရွက်

**သီပေါ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် နိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ကြီးမှူး၍ မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမ ပေါ်ရှိ မြို့အဝင်၊ အထွက်တိုးဂိတ်များ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ ပရဟိတ



အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်း စစ်ဆေးရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၊ ရခိုင်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး ဘက်မှ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာသော ခရီးသွားများကို တစ်ဦးချင်း ကိုယ်အပူချိန်တိုင်းတာပြီး မိမိတို့နေထိုင်ရာမြို့နယ်မှ ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်ရယူခြင်း၊ သီပေါမြို့အပါအဝင် မိမိနေထိုင်ရာမြို့သို့ ရောက်ရှိ ပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပို့ရန် ပညာပေးဟောပြောရှင်းလင်းမှုများ၊ ပရဟိတ အသင်းများစုပေါင်းထားသည့် ကိုဗစ်-၁၉ ပရဟိတ ကွန်ရက်(သီပေါ) ခေါင်းဆောင် ဦးမျိုးမြင့်လွင်နှင့်အဖွဲ့ကလည်း နှာခေါင်းစည်း ၂၅၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးကြသည်။

မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် သီပေါယာဉ်ထိန်း တပ်ဖွဲ့စုတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များက ယာဉ် အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို လိုက်နာကျင့်သုံးရေးတို့အတွက် ဆောင်ရွက်ပြီး မော်တော်ဆိုင်ကယ်ရှေ့မီးကြီး အောက်မီးတို့ကို နေ့၊ည အမြဲဖွင့်မောင်းရန်၊ အရည်အသွေးပြည့်မီသောဆိုင်ကယ်စီး ဦးထုပ်နှင့် မေးသိုင်းကြိုးကို တပ်ဆင်မောင်းနှင်သွားလာကြရန် ပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ချေးငွေနှင့် ကြွေးမြီဆိုင်ရာမှုခင်းများ

ကျော်ကျော် (တရားရေး)

စီးပွားရေးဖွံ့ဖြိုးမှု၊ ကူးသန်းရောင်းဝယ်မှုများ တိုးတက်လာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦးအကြား ရရန်၊ ပေးရန်များ၊ ချေးငွေပြဿနာများကို အများရင်ဆိုင်နေကြရပါသည်။

ငွေကြေးပြဿနာကြောင့် မိတ်ဆွေများအချင်းချင်းကြား အမုန်းပွားရသကဲ့သို့ ရမည့်သူဘက်ကလည်း ပြန်မရ၍လည်းကောင်း၊ ပေးရမည့်သူဘက်ကလည်း အတိုးငွေများ မတရားတွက်ချက်တောင်းခြင်း ခံရသဖြင့်လည်းကောင်း၊ နေထိုင်ရာအိမ်ကို တန်ရာတန်ကြေးအောက်ဈေးနှိမ့် စာချုပ်ချုပ်ဆို၍ ပေးအပ်ရသဖြင့်လည်းကောင်း မကျေနပ်မှုများ၊ အငြင်းပွားမှုများ၊ မှုခင်းများ ရင်ဆိုင်နေကြရပါသည်။

ချေးငွေဆိုင်ရာ မှုခင်းများကိုလေ့လာရာတွင် Debt ဆိုသောစကားနှင့် Loan ဟူသောစကားတို့၏ အဓိပ္ပာယ်ရှင်းလင်းချက်များကိုထောက်သော် Debt ဆိုသောစကားသည် ချေးငွေသက်သက်ကိုသာ ဆိုလိုသည်မဟုတ်၊ အခြားနည်းတင်ရှိသော ပေးဆပ်ရန်ရှိသည့်အကြွေးလည်း ပါဝင်သည်ဟု (ဆင်ဆင်းမာရှူးနှင့် ဦးတင်ဦး၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာမျက်နှာ ၄၃၇ (၄၃၉)) ပါစီရင်ထုံးဖွဲ့ထားမှုကိုအခြေခံအားဖြင့်သိရှိထားရန် လိုအပ်ပါသည်။

ကြွေးမြီဆိုသည်မှာ ယခုလက်ငင်းပေးရန်ရှိသည့် ငွေတစ်ရပ်ရပ် သို့မဟုတ် နောင် တစ်နေ့နေ့တွင်ပေးရန် ယခုကတည်းကတာဝန်ယူထားသည့် ငွေတစ်ရပ်ရပ်ပင်ဖြစ်သည်။ ချက်ချင်းလက်ငင်းဖြစ်စေ၊ နောင် တစ်နေ့နေ့တွင်ဖြစ်စေ မုချမသွေပေးဆပ်ရန်တာဝန်ရှိသည့် ငွေတစ်ရပ်ရပ်ကိုသာလျှင် ကြွေးမြီဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ **(ခါလစ်(ဒ်)ယူနွပ်စ်နှင့် ဆူလေမန်ဂျမားလျှောက်ထားသူ၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာမျက်နှာ - ၂၀၂)**

ချေးငွေဆိုင်ရာ ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖြေရှင်းမှုပြုနိုင်စေရန်ရည်ရွယ်၍ အခြေခံအားဖြင့်သိရှိထားသင့်သောစီရင်ထုံးများပါ လမ်းညွှန်သဘောတရားများကို ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

ပဋိညာဉ်ချိုးဖောက်ခြင်းဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ၎င်းအပေါ်တွင်ကျရောက်သောတာဝန်ကို ဆောင်ရွက်ရန်ငြင်းပယ်လျှင် သို့မဟုတ် ပဋိညာဉ်အရဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန်ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (Repudiation of the contract)၊ ပဋိညာဉ်အတိုင်းလိုက်နာဆောင်ရွက်ရန်ငြင်းဆိုခြင်း (Refusal to fulfil the contract) တို့ ဖြစ်သည်။ ငြင်းပယ်ခြင်းဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန်ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ငြင်းပယ်လိုက်လျှင် နစ်နာသော တစ်ဖက်ပဋိညာဉ်ပြုသူက ယင်းသို့ငြင်းပယ်သူအား ပဋိညာဉ်ကိုချိုးဖောက်မှုအတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရပြုလုပ်ရမည့်တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ငြင်းပယ်ရမည်နည်းဟူမူ လုံးလုံးလျားလျား ငြင်းဆိုရမည် (Total Refusal) သို့မဟုတ် အကြွင်းမဲ့ငြင်းဆိုခြင်း (Absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းကမဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ ပြုမူချက် (conduct) ဖြင့် သိစေနိုင်သည်။ ပဋိညာဉ်အရ ၎င်းပေါ် ကျရောက်သောတာဝန်ကို ငြင်းပယ်ရာရောက်သဖြင့် အခြားတစ်ဖက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့် ၎င်းနောက် လျော်ကြေးငွေရခွင့်ရှိကြောင်း ဦးနေဝင်းပါ၂ နှင့် ဒေါ်ခင်အေးအမှု ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၄၃(၄၄) တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။ ဤစီရင်ထုံးပါ ထုံးဖွဲ့ထားမှုသည် ပဋိညာဉ်ကိုချိုးဖောက်ခြင်း၏ အခြေခံလက္ခဏာများကို ညွှန်ပြထားခြင်းဖြစ်ကာ အငြင်းပွားမှုအားလုံးအတွက် အခြေခံလေ့လာထားရမည့်အမှုလည်း ဖြစ်သည်။

ချေးငွေ (သို့မဟုတ်) ကြွေးမြီအတွက် တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် စွဲဆိုလေ့ရှိပါသည်။

ချေးငွေ (သို့မဟုတ်) ကြွေးမြီအတွက် ရာဇဝတ်ကြောင်းစွဲဆိုမှုများတွင် လိုက်နာရန် လမ်းညွှန်စီရင်ထုံးများကို စုစည်းတင်ပြထားပါသည်။

ရာဇသတ်ကြီးပုဒ်မ ၄၂၀ တွင် အကျုံးဝင်သည့် လိမ်လည်မှုမြောက်ရန် တရားခံသည် လှည့်ဖြားခြင်းခံရသူအား ပစ္စည်းကိုပေးအပ်ရန်အတွက် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ရန်လိုပါသည်။

ငွေယူသည့်ကိစ္စတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ နှင့် အကျုံးဝင်သည့်ပြစ်မှုဖြစ်စေရန် ငွေကိုတရားခံက လိမ်လည်လှည့်ဖြား၍ရယူခြင်း ရှိ၊ မရှိ ဦးစွာစိစစ်ရမည်။ **(ကိုဘာဘူ၊ မသန်းနှင့် ကိုကျင်သိန်း အမှု၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၄၇၆)**

**အမှန်တရားကိုရှာဖွေရာ၌ တရားသူကြီးတစ်ဦးတည်းနှင့်မပြီးပေ။ ရှေ့နေရှေ့ရပ်များကလည်း၊ ကူညီရမည့် အမှုသည်များကလည်း မိမိတို့ကိုယ်တိုင်သိရှိသည့် အကြောင်းခြင်းရာများကို အမှန်အတိုင်း တင်ပြကြရန် တာဝန်ရှိသည်။ အမှုသည်များက အမှန်အတိုင်း တင်ပြခြင်းမပြုလျှင် အမှန်တရားကို လွယ်လွယ်ကူကူနှင့်ရှာဖွေ၍ ရနိုင်လိမ့်မည်မဟုတ်ပေ။**

လူတစ်ဦးတစ်ယောက်အား ၎င်း၏ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်စေရန် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်မှသာ ရာဇသတ်ကြီးပုဒ်မ ၄၂၀နှင့် အကျုံးဝင်မည်ဖြစ်သည်။ ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်ခြင်းမပြုမီ တရားခံက ထိုသူအား လိမ်လည်လှည့်ဖြားခဲ့သည်ဆိုသောအချက်ရှိရန်လိုသည်။ ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်စေရန်သွေးဆောင်ခြင်းပြုလုပ်ချိန်၌ တရားခံသည် လိမ်လည်လှည့်ဖြားခြင်းမရှိပါမူ ၎င်းအပေါ်ရာဇဝတ်ကြောင်းဖြင့် တရားမစွဲနိုင်ချေ။ **[ဦးမောင်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၇၃၂(၇၃၄)]**

ငွေကိုလုံးဝပြန်မဆပ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၂၀အရ စွဲဆိုရာ ချေးယူသည့်ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ဘဲ ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြုမူလျက် တမင်လှည့်ဖြားပြီး ငွေထုတ်ချေးစေရန် မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်၍ ငွေကိုရယူလျှင် လိမ်လည်မှုမြောက်နိုင်သည်။ **(ဦးချစ်မောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ၂ အမှု၊ ၁၉၈၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၂၁)**

ငွေချေးယူသူသည် ချေးငွေကို ပြန်လည်ပေးဆပ်ရန် အခြေအနေမရှိကြောင်း၊ ငွေထုတ်ချေးသူကို လှည့်ဖြား၍ ချေးယူသောငွေကို ပြန်လည်ပေးဆပ်ရန်အကြံမရှိကြောင်းနှင့် အခြေအနေအကြောင်းအရပ်ရပ်ကို အထင်အရှားမပြနိုင်သမျှ ရာဇသတ်ကြီးပုဒ်မ ၄၁၅အတွင်း ကျရောက်သော လိမ်လည်မှုဖြစ်သည်ဟုမဆိုနိုင်။ **[မရွှေ(ခ)မကျင်ရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု၊ ၁၉၅၈ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာမျက်နှာ ၃၀၆]**

တရားခံသည် တရားလိုထံမှငွေကို အလီလီချေးယူခဲ့ရာ၌ အတိုးများပေးခဲ့ကြောင်း သက်သေခံချက်များရှိသည့်အပြင် ချေးယူငွေအတွက် ၎င်း၏အိမ်ကိုဈေးဖြတ်ယူရန် ညှိနှိုင်းခဲ့ကြောင်းပေါ်ပေါက်ပေရာ တရားခံများ၏ ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ လိမ်လည်မှုတွင် အကျုံးဝင်သည်ဟုမဆိုသာချေ။ **[ (ဒေါ်သန်းသန်းနွဲ့)/ (ဒေါ်သန်းသန်းနွဲ့)နှင့် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂)/ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ၂) ၂၀၁၂ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၅၉(၇၂)]**

လိမ်လည်မှုနှင့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့တွင် တရားခံက မရိုးမဖြောင့်သောသဘောဖြင့် ကျူးလွန်ခြင်း ရှိ၊ မရှိ မှာအဓိကဖြစ်သည်။ ထိုသို့သော သဘောမရှိပါက ပြစ်မှုမမြောက်ပေ။ **(ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ခင်မောင်လတ်ပါ ၂ အမှု ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာမျက်နှာ ၁၁၄)**

ချေးငွေအတွက် ကတိစာချုပ်ပြုလုပ်ရာတွင် မပေးဆပ်နိုင်ပါက ဆိုင်ခန်းနှင့်ဆိုင်ခန်းရှိပစ္စည်းများ ပေးဆပ်ပါမည်ဟုပါရှိပြီး ငွေလည်းမဆပ်၊ ဆိုင်ခန်းနှင့်ပစ္စည်းများကိုလည်းမပေးသဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲဆိုမှုဖြစ်သည်၊ ငွေချေးယူစဉ်က ဆိုင်ခန်းနှင့်ပစ္စည်းများလည်း ရှိနေသဖြင့် လိမ်ညာလှည့်ဖြားပြီး ငွေချေးယူခြင်းမဟုတ်သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ ပြစ်မှုမမြောက်ဘဲ ကတိဖောက်ဖျက်သည့်အတွက် တရားမကြောင်းဖြင့်သာ သက်ဆိုင်မည်ဖြစ်သည်။ **(မစိန်ရင် ပါ၂နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၁၉၆၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၃၈၁)**

တိုင်ချက်တွင်ဖော်ပြထားသည့် အိမ်အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်သကဲ့သို့ အိမ်ဖိုးငွေ ပျက်ကွက်ခြင်းလည်း မဟုတ်၊ အထည်ဖိုးကြွေးများပျက်ကွက်သဖြင့် အိမ်ကို အရောင်းအဝယ်ပြုလုပ်သည့် သဘောတွေ့ရသည်။ အထည်ဖိုးများကိုလည်း နှစ်ကြိမ်ခွဲ၍ ပေးသွင်းထားရာ အထည်ဖိုးငွေကို ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ချက်မရှိဟုမဆိုသာ၊ မရိုးမဖြောင့်သောသဘောမရှိဘဲ ပဋိညာဉ်ချိုးဖောက်သည့် သဘောသာရှိသဖြင့် ရာဇဝတ်ကြောင်းဖြင့် ပုဒ်မ ၄၂၀ မမြောက်ဘဲ တရားမကြောင်းအရသာ အရေးယူသင့်သည်။ **(ဦးလှရီ ပါ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂၊ ၁၉၉၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၉၉)**

ငွေချေးစဉ်က ဥပဒေနှင့်အညီ တရားဝင်ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ ထိုကဲ့သို့ချုပ်ဆိုထားသော ပဋိညာဉ်များကို ဥပဒေနှင့်အညီတင်ပြခြင်း၊ ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်း စွဲဆိုခြင်းတို့ဖြင့် နစ်နာသူပြည်သူများအတွက် သက်သာခွင့်ရစေမည်ဖြစ်သည်။

အမှုသည်များအနေဖြင့် အကြောင်းအချက်များကို ဖော်ထုတ်၍ တရားရုံး၏ဆုံးဖြတ်ချက်ကို ခံယူရန်ဖြစ်သည်။ ဥပဒေနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန်မှာ တရားရုံး၏တာဝန်ဖြစ်သည်။

ငွေချေးသူ ချေးယူသူများက မိမိတို့၏ဆိုင်ရာဥပဒေအချက်အလက်များကို မှန်ကန်စွာ စွဲဆိုတင်ပြကြမှသာ အမှန်တရားသို့ ရောက်ရှိမည်ဖြစ်သည်။

ပြည့်စုံစွာစုံစမ်းရန်၊ ခိုင်လုံစွာသက်သေထူရန်တာဝန်သည် ယေဘုယျအားဖြင့် တရားလိုအပေါ်တွင် တည်မှီနေပါသည်။ တရားလိုဘက်ကစွပ်စွဲပြီးလျှင် တာဝန်ကျေပွန်ပြီးဆုံးပြီး စွပ်စွဲခံရသူကမဟုတ်လျှင် ခိုင်လုံစွာချေပရမည်ဟုပခုံးပြောင်း၍မရပေ။ ဤသို့သာမဟုတ်လျှင် မသမာသူတို့က လွယ်လွယ်စွပ်စွဲကာ အပြစ်မဲ့သောသူတို့က ခုခံချေပကြရခြင်းဖြင့် ပင်ပန်းဆင်းရဲရှိကြလိမ့်မည်။ **(မောင်ကြီးမောင်ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (အထူးရာဇဝတ်ရုံးအယူခံအမှု) စာမျက်နှာ ၅၂)။**

အမှန်တရားကိုရှာဖွေရာ၌ တရားသူကြီးတစ်ဦးတည်းနှင့်မပြီးပေ။ ရှေ့နေရှေ့ရပ်များကလည်း၊ ကူညီရမည့် အမှုသည်များကလည်း မိမိတို့ကိုယ်တိုင်သိရှိသည့် အကြောင်းခြင်းရာများကို အမှန်အတိုင်းတင်ပြကြရန် တာဝန်ရှိသည်။ အမှုသည်များက အမှန်အတိုင်းတင်ပြခြင်းမပြုလျှင် အမှန်တရားကို လွယ်လွယ်ကူကူနှင့်ရှာဖွေ၍ ရနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အမှုသည်တစ်ဦးဦးက မိမိကိုယ်တိုင်သိရှိသော အချက်အလက်ကို ပွင့်ပွင့်လင်းလင်းတင်ပြခြင်းမပြုဘဲ ကွယ်ထောင့်ထိမ်ဝှက်ထားကာ မိမိအပေါ်ကျရောက်သောတာဝန်ကို မကျေပွန်လျှင် ထိုအမှုသည်အပေါ် သက်သေခံအက်ဥပဒေ ပုဒ်မ-၁၁၄၏ ဥပမာ(ဆ)အရ ဆန့်ကျင်ဘက်ကောက်ယူရမည်ဖြစ်ကြောင်း၊ ဂရားပရာဆပ်နှင့် ဦးကျော်ရွှေအမှု၁ဂ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၁၆၃ တွင် ထုံးဖွဲ့ထားသည်။

အထက်စီရင်ထုံးများပါ သဘောတရားများကို လေ့လာလိုက်နာခြင်းဖြင့် ချေးငွေဆိုင်ရာ အငြင်းပွားမှုများတွင် ဥပဒေနှင့်အညီချုပ်ဆိုခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊ သက်သေခံချက်များ တင်ပြခြင်းဖြင့် အမှုသည်များအနေဖြင့် မိမိတို့၏နစ်နာမှုများအတွက် စွဲဆိုဆောင်ရွက်နိုင်ကြစေရန် စုဆောင်းတင်ပြအပ်ပါသည်။ ။

## ကျုံဒိုးမြို့ ဟောင်သရောမြစ်အတွင်း ငါးမျိုးစိုက်ထည့်



**ကျုံဒိုး စက်တင်ဘာ ၁၃**

ကရင်ပြည်နယ်အတွင်း ငါးသယံဇာတတိုးပွားလာစေရေး၊ ငါးမျိုးထိန်းသိမ်းနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးတို့အတွက် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျုံဒိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဟောင်သရောမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ကော့ကရိတ်မြို့နယ် ကျုံဒိုး-သရက်တောကျေးရွာ၌ ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ ကျုံဒိုးမြို့နယ်အုပ်ချုပ်ရေးမှူး၊ သရက်တောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■



# တောမီးလောင်မှုကို စစ်ဆေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကယ်လီဖိုးနီးယားသို့ သွားရောက်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မကြုံစဖူးသော တောမီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည့် ကယ်လီဖိုးနီးယားပြည်နယ်သို့ သွားရောက်စစ်ဆေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကြေညာ**

ဒေါ်နယ်ထရမ့်သည် တောမီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို သိရှိရန်အတွက် စက်တင်ဘာ ၁၄ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်သို့ သွားရောက်ကာ အရေးပေါ်အခြေအနေ ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယမန်နေ့တွင် ကြေညာခဲ့သည်။

အဆိုပါတောမီးသည် ကယ်လီဖိုးနီးယားပြည်နယ်၏ တောင်ကုန်းတောင်တန်းဒေသများ၌ သစ်တောဟက်တာ ၁ ဒသမ ၂၅ သန်းအထိ လောင်ကျွမ်းခဲ့ပြီး အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးလောင်ကျွမ်းခဲ့သည့် တောမီးလည်း ဖြစ်သည်။

**၂၂ ဦးသေဆုံး**

ဝါရှင်တန်နှင့် အော်ရီဂွန်ပြည်နယ်တို့တွင်လည်း အလားတူ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး တောမီးကြောင့် အမေရိကန်ပြည်ထောင်စု အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် လူဦးရေ အနည်းဆုံး ၂၂ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှု၏ အဓိကအကြောင်းရင်းမှာ ရာသီဥတုပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစမ်းသပ်မှု ပြန်လည်စတင်မည်

**လန်ဒန် စက်တင်ဘာ ၁၃**

ဗြိတိန်နိုင်ငံရှိ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် အက်စ်ထရာဇီနီကာကုမ္ပဏီတို့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှု၌ လူနာတစ်ဦးတွင် ဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်ခဲ့မှုကြောင့် ရပ်နားထားခဲ့ပြီးနောက် စမ်းသပ်မှုကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးသည် ဆိုးရွားသောတုံ့ပြန်မှုများ ဖြစ်ပေါ်စေသလားဆိုသည်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ် လက်တွေ့စမ်းသပ်မှုများကို ရပ်နားထားခဲ့ခြင်းဖြစ်ကြောင်းလည်း အက်စ်ထရာဇီနီကာကုမ္ပဏီက စက်တင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။ သို့ရာတွင် လက်တွေ့စမ်းသပ်မှုများကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း အောက်စ်ဖို့ဒ်တက္ကသိုလ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဗြိတိန် ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့ကလည်း လက်တွေ့စမ်းသပ်မှုများ ပြန်လည်စတင်တော့မည်ဆိုသည့်သတင်းကို ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။ "လက်တွေ့စမ်းသပ်မှု ရပ်နားလိုက်တာဟာ ကျွန်တော်တို့အတွက် ဘေးကင်းလုံခြုံမှုရှိရေးက ပထမဆိုတာကို ပြသလိုက်တာဖြစ်ပြီး တတ်နိုင်သမျှ ဘေးကင်းလုံခြုံစွာနဲ့ ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးတစ်မျိုးကိုရရှိဖို့ ကျွန်တော်တို့ရဲ့ သိပ္ပံပညာရှင်တွေကိုလည်း ထောက်ပံ့ပေးရပါလိမ့်မယ်"ဟုလည်း မက်ဟန်ကော့က ထပ်လောင်းပြောကြားခဲ့သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ စမ်းသပ်မှုပြုလုပ်နေသည့် ကာကွယ်ဆေးအမျိုးပေါင်း ၁၈၀ နီးပါးရှိကြောင်း၊ သို့ရာတွင် ယခုတိုင်အောင် လက်တွေ့စမ်းသပ်မှုအောင်မြင်ခဲ့သည့် ကာကွယ်ဆေးမရှိသေးကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သတင်းပတ်အတွင်းက အမေရိကန်၊ ဗြိတိန်၊ ဘရာဇီးနှင့် တောင်အာဖရိကတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုအဆင့် ၃ ကို လူဦးရေ ၃၀၀၀၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။ လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၅၁၇၄ ဦးအထိရှိလာခဲ့ပြီး သေဆုံးသူ ၄၁၆၂၃ ဦးအထိရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – ဘီဘီစီ**
**ဘာသာပြန် – အလင်းသစ်**



# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမရှိသည်မှာ ၁၀ ရက်ဆက်တိုက် ရှိသွားပြီ

**ဘန်ဒါဆရီဘီဂါဝန် စက်တင်ဘာ ၁၃**

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုမရှိသည်မှာ ၁၀ ရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် စက်တင်ဘာ ၃ ရက်မှစတင်ကာ ထပ်မံကူးစက်မှုမရှိတော့ခြင်းဖြစ်ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ ကူးစက်သူအရေအတွက် ၁၄၅ ဦးရှိခဲ့ကာ ၁၄၁ ဦးမှာ ရောဂါမှပြန်လည်ကျန်းမာ၍ ဆေးရုံများမှ ဆင်းသွားပြီဖြစ်ကြောင်းနှင့် လက်ရှိအမျိုးသားသီးခြားစောင့်ကြည့်ရေး ဗဟိုဌာနတွင် ကူးစက်ခံရသူတစ်ဦးသာလျှင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက်မှ သုံးဦးမှာ အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်းနှင့် လက်ရှိတွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၃၉၆ ဦးကို စောင့်ကြည့်ရေးစင်တာများတွင် စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျလာသည့်အတွက် ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ အသွားအလာကန့်သတ်မှု ဖြေလျှော့မည်

**ဆိုးလ် စက်တင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျော့ကျလာသည့်အတွက် မြို့တော်ဆိုးလ်နှင့် အနီးဝန်းကျင်ဒေသများ၌ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ယာယီဖြေလျှော့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို ခြေရာခံလိုက်ပြီး ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှု ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို အစောပိုင်းတွင် ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် လွန်ခဲ့သည့် သီတင်းပတ်များမှစ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာခြင်းနှင့် ကြုံတွေ့လာခဲ့ရာ တောင်ကိုရီးယားနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုဒုတိယလှိုင်း ဖြစ်ပွားမည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ပွားစေခဲ့သည်။

**ပိုမိုတင်းကျပ်**

တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေ ၅၂ သန်း၏ ထက်ဝက်ခန့်နေထိုင်ရာ ဆိုးလ်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအသစ် ထပ်မံဖြစ်ပွားလာခြင်းကြောင့် ဩဂုတ်လကုန်ပိုင်းများအနေဖြင့် ပြီးခဲ့သည့်လက ပိုမိုတင်းကျပ်သော အသွားအလာကန့်သတ်မှုကို ချမှတ်ခဲ့ခြင်းဖြစ်သည်။



သို့သော် ဒေသတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု လျော့နည်းလာသည့်အတွက် မြို့တော်ဆိုးလ်နှင့် အနီးဝန်းကျင်ဒေသများ၌ တင်းကျပ်သော အသွားအလာကန့်သတ်မှုကို စက်တင်ဘာ ၁၄ ရက်မှစ၍ သီတင်းပတ် နှစ်ပတ်ကြာ ဖြေလျှော့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဝန်ကြီးချုပ် ချုံဆေးဂျူက အစိုးရအစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ အသွားအလာကန့်သတ်မှု ဖြေလျှော့ချက်အရ စက်တင်ဘာ ၁၄ ရက်မှစ၍ ကော်ဖီဆိုင်များကို ပါဆယ်စနစ်ဖြင့် ဝယ်ယူရန်ကန့်သတ်ခြင်းမှ လုပ်ငန်းများ ပုံမှန်လည်ပတ်မှု ပြန်လည်စတင်မည်ဖြစ်သည်။ ထို့အတူ စားသောက်ဆိုင်များနှင့် မုန့်တိုက်များကို ပုံမှန်အချိန်အတိုင်း ပြန်လည်ဖွင့်လှစ်ခွင့်ရှိမည်ဖြစ်ပြီး အိမ်တွင်းအားကစားရုံများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**နေအိမ်၌နေထိုင်**

သို့သော် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျရောက်မည့် ကိုရီးယားကောက်သစ်စားပွဲကာလအတောအတွင်း အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပို၍တင်းကျပ်သွားမည်ဟု ဝန်ကြီးချုပ်ချုံက ပြောကြားပြီး ယင်းရုံးပိတ်ရက် ကာလအတောအတွင်း နေအိမ်၌သာ နေထိုင်ကြရန် ပြည်သူများအား တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယားအစိုးရသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် နိုက်ကလပ်များနှင့် ကာရာအိုကေခန်းမများကို ဆက်လက်ပိတ်ထားမည်ဖြစ်သလို လူစုလူဝေးဆိုင်ရာ ကန့်သတ်ချက်များကိုလည်း ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**

# မြေထဲပင်လယ်အရှေ့ပိုင်း၌ တူရကီနှင့်တင်းမာမှု မြင့်တက်နေစဉ် ဂရိဝန်ကြီးချုပ်က လက်နက်ဝယ်ယူမည့်အစီအစဉ် ထုတ်ပြန်ကြေညာ

**အေသင် စက်တင်ဘာ ၁၃**
မြေထဲပင်လယ်အရှေ့ပိုင်းတွင် တူရကီနိုင်ငံနှင့် တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း လက်နက်ဝယ်ယူရေး အစီအစဉ်တစ်ရပ်ကို ဂရိဝန်ကြီးချုပ်က စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

**ဒိုင်းဖြစ်လာမည်**

လက်နက်ကိုင်တပ်ဖွဲ့များအား အင်အားဖြည့်တင်းရန် အချိန်ကျရောက်လာပြီဖြစ်ပြီး ယခုအစပျိုးမှုများသည် အမျိုးသားကာကွယ်ရေး၏ ဒိုင်းဖြစ်လာလိမ့်မည်ဟု ဂရိဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂရိနိုင်ငံမြောက်ပိုင်းရှိ တီဆက်ဆာလိုကိုနီမြို့တွင် ဂရိဝန်ကြီးချုပ် မစ်ဆိုတာကစ်က မိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဂရိနိုင်ငံသည် ပြင်သစ်နိုင်ငံလုပ် ရာဖေးလ်အမျိုးအစား ဂျက်တိုက်လေယာဉ် ၁၈ စင်း၊ ဘက်စုံသုံး ဖရီးဂိတ်ရေယာဉ်လေးစင်းနှင့် ရေတပ်သုံး ရဟတ်ယာဉ်လေးစင်းတို့ကို ဝယ်ယူသွားမည်ဟု ပြောကြားခဲ့သည်။ ယင်းအပြင် တပ်မတော်၌ တပ်ဖွဲ့ဝင်သစ် ၁၅၀၀၀ ခန့်အပ်ကာ ဆိုက်ဘာတိုက်ခိုက်မှုကာကွယ်ရေးနှင့် နိုင်ငံတော်၏ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းများသို့ အရင်းအမြစ်များအဖြစ် လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂရိရေတပ်တွင် လက်ရှိတာဝန် ထမ်းဆောင်နေသည့် ဖရီးဂိတ်စစ်ရေယာဉ်လေးစင်းကို အဆင့်မြှင့်တင်ခြင်းအပါအဝင် အဆိုပါအစီအစဉ်သည် ထောင်နှင့်ချီသည့် အလုပ်အကိုင်သစ်များ ဖန်တီးပေးသည့် အစီအမံဖြစ်ကြောင်း ဂရိဝန်ကြီးချုပ်က ပြောကြားသည်။

စစ်ပြီးကာလ စာချုပ်များအရ ဂရိနိုင်ငံက ၎င်း၏ပိုင်ဆိုင်မှုအောက်တွင် ရှိနေသည်ဟု ယူဆထားသည့် ရေပြင်အတွင်းသို့ တူရကီနိုင်ငံက ရေတပ်စူးစမ်းရှာဖွေရေးရေယာဉ်တစ်စင်းနှင့် စစ်ရေယာဉ်ငယ်တစ်စင်းကို ဩဂုတ်လအတွင်းက စေလွှတ်ခဲ့သည်။

တူရကီစစ်ရေယာဉ်စုအား ဂရိနိုင်ငံက ၎င်း၏စစ်ရေယာဉ်များဖြင့် နောက်ယောင်ခံလိုက်ခြင်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရေတပ်မှ စစ်ရေယာဉ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။



တူရကီနိုင်ငံသည် ဥရောပအရှေ့ပိုင်း နယ်နိမိတ်ကို ခြိမ်းခြောက်နေပြီး ဒေသတွင်း လုံခြုံရေးကို ထိခိုက်စေသည်ဟု ဂရိဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**



# လက်ဘနွန်နိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင် ၉၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဘေရွတ် စက်တင်ဘာ ၁၃**
လက်ဘနွန်နိုင်ငံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၉၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ယနေ့ ဆေးမှတ်တမ်းတစ်ရပ်အရ သိရသည်။

ယင်းတို့အနက် တပ်ဖွဲ့ဝင် ၈၈ ဦးသည် နယ်မြေခံတပ်ရင်းတစ်ခုတည်းမှဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည့် တပ်သားများအား အသွားအလာ ကန့်သတ်ထားလျက်ရှိပြီး နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးဆက်လက်ရှင်သန်ရန် လက်ဘနွန်ကြည်းတပ်ဖွဲ့နှင့် ရေတပ်ဖွဲ့တို့အား ၂၀၀၆ ခုနှစ်မှစပြီး ကူညီထောက်ပံ့ပေးလျက်ရှိသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ ရေဘေးကြောင့် ၃၀၀ ကျော် သေဆုံးပြီး ၂၃၉ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၃**
ပါကစ္စတန်နိုင်ငံတစ်ဝန်း ပြီးခဲ့သောနှစ်လအတွင်း ရေဘေးနှင့်ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ကလေးငယ် ၁၀၀ ကျော်အပါအဝင် လူ ၃၀၀ ကျော် သေဆုံးခဲ့ပြီး ၂၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ (NDMA) က ပြောကြားလိုက်သည်။ ပါကစ္စတန်နိုင်ငံသည် လူသေဆုံးမှု၊ အိုးအိမ်ပျက်စီးမှုများ ဖြစ်စေသည့် ရေကြီးရေလျှံမှုနှင့် ရေဘေးဆိုင်ရာဖြစ်စဉ်များ နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည်။ ပါကစ္စတန်နိုင်ငံ၌ မိုးရာသီမှာ ဇွန်-ဇူလိုင်လမှ စက်တင်ဘာလအထိ ဖြစ်သည်။ ဖေဖော်ဝါရီလအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ပထမဆုံးတွေ့ရှိပြီးနောက် လူပေါင်း ၃၀၀၀၀၀ ကျော် ကူးစက်ခံခဲ့ရပြီး ၆၃၇၇ ဦး သေဆုံးခဲ့သည့် ဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရန် အာဏာပိုင်များက ကြိုးပမ်းနေရစဉ် ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေခြင်းဖြစ်သည်။

မိုးရွာသွန်းမှုကြောင့် နှစ်လအတွင်း အမျိုးသား ၁၃၅ ဦး၊ ကလေးငယ် ၁၀၇ ဦးနှင့် အမျိုးသမီး ၇၀ စုစုပေါင်း ၃၁၀ သေဆုံးခဲ့ကြောင်း NDMA က ပြောကြားခဲ့သည်။ ဆင်းဒ်ပြည်နယ်သည် ရေဘေးကြောင့် လူသေဆုံးမှုအများဆုံးဖြစ်ပြီး သေဆုံးသူ ၁၃၆ ဦး၊ ခိုင်ဘာပတ်တွမ်ခွာပြည်နယ်တွင် ၁၁၆ ဦး၊ ပန်ဂျပ်ပြည်နယ်တွင် ၁၆ ဦး၊ ဘလူချီစတန်ပြည်နယ်တွင် ၂၁ ဦး၊ ပါကစ္စတန်ပိုင် ကက်ရှ်မီးယားတွင် ၁၂ ဦးနှင့် ဂီလ်ဂက်-ဘော်လ်တစ္စတန်ပြည်နယ်တွင် ၁၁ ဦး ရှိခဲ့ကြောင်း သိရသည်။ ရေဘေးနှင့်စပ်လျဉ်းသည့် ဖြစ်စဉ်များကြောင့် လူ ၂၃၉ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၇၈၅၂ လုံး ပျက်စီးကာ နေအိမ် ၁၃၉၁၂ လုံး ထိခိုက်ခဲ့ရကြောင်း NDMA က ဆိုသည်။ **ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# နယူးဇီလန်၌ ကျန်းမာရေးဝန်ထမ်းတစ်ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူနှစ်ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် စက်တင်ဘာ ၁၃**
နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး အပါအဝင် နှစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် တစ်ဦးသည် ပြည်ပနိုင်ငံမှ နယူးဇီလန်နိုင်ငံသို့ ပြန်လာသူဖြစ်ပြီး သီးခြားစောင့်ကြည့်ရေးစင်တာ၌ ထားရှိထားသူဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းသည် ယင်းစင်တာ၌ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းသည် မည်သည့်နေရာမှ ကူးစက်ခံရသည်ကို မသိရသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အောက်ကလန်မြို့ရှိ ဂျက်ပွဲခ် သီးခြားစောင့်ကြည့်ရေးစင်တာမှ ကျန်းမာရေးဝန်ထမ်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုသည် ငါးလခွဲအတွင်း ပထမအကြိမ် ကူးစက်မှုဖြစ်ကြောင်း သိရသည်။ အဆိုပါ စောင့်ကြည့်ရေးစင်တာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာများအား စောင့်ကြည့်ရန်အတွက် အသုံးပြုလျက်ရှိသည့် စင်တာတစ်ခုဖြစ်သည်။ လတ်တလောအချိန်တွင် ဆေးရုံရှိ အထူးကြပ်မတ်ကုဆောင်၌ အနီးကပ်စောင့်ကြည့်လျက်ရှိသော လူနာနှစ်ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာသုံးဦးရှိသည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်အထိ နယူးဇီလန်နိုင်ငံ၌ ပြည်ပမှ ပြန်လာပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉ ဦးနှင့် ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံသူ ၅၈ ဦးတို့ အပါအဝင် ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိသော လူနာ ၉၇ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် နယူးဇီလန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၄၆ ဦးရှိကြောင်း နယူးဇီလန်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပေးပို့သည့် အချက်အလက်များအရ သိရသည်။ နယူးဇီလန်အစိုးရသည် တစ်ရက်အတွင်း လူဦးရေ ၇၂၁၁ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၈၆၄၄၆၉ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

နယူးဇီလန်အစိုးရသည် အောက်ကလန်မြို့၌ အသွားအလာကန့်သတ်မှု ထပ်မံတိုးမြှင့်ခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အဆင့် (၂) ကို လာမည့် စက်တင်ဘာ ၁၆ ရက်အထိ ဆက်လက်တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အသစ်နှင့်ပတ်သက်၍ နယူးဇီလန်အစိုးရက စက်တင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက် ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

## နီပေါနိုင်ငံအလယ်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ခုနစ်ဦး သေဆုံးပြီး ၂၄ ဦး ပျောက်ဆုံး



**ခတ္တမန္ဒူ စက်တင်ဘာ ၁၃**

နီပေါနိုင်ငံအလယ်ပိုင်း ဆင်ဒူပါချော့ခ်ခရိုင်တွင် ယမန်နေ့ညပိုင်းက မြေပြိုမှုများဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးပြီး ၂၄ ဦးထက်မနည်း ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

မြေပြိုမှုကြောင့် ဘီခါကာအရပ်တွင် အိမ် ၁၀ လုံးနှင့် နာပူဂျီဒေသတွင် အိမ်ခုနစ်လုံး ပျက်စီးခဲ့သည်။ "ဘီခါကာအရပ် အခင်းဖြစ်ရာနေရာမှာ အလောင်းခြောက်လောင်းတွေ့ရှိခဲ့ပြီး နာပူဂျီအရပ်မှာ အလောင်းတစ်လောင်း တွေ့ရှိခဲ့ပါတယ်။ နာပူဂျီအရပ်မှာ လူ ၁၉ ဦးနှင့် ဘီခါကာရေိယာမှာ လူငါးဦး ပျောက်ဆုံးနေပါတယ်"ဟု ရဲအရာရှိနာဝါရပ်ဂျ်နူပိန်းက ပြောသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများနှင့် ပူးပေါင်း၍ ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိသည်။ ဖြစ်စဉ်အသေးစိတ်ကို မသိရသေးကြောင်း နာဝါရပ်ဂျ်နူပိန်းက ဆိုသည်။

ဆင်ဒူပါချော့ခ်ခရိုင်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိပြီး ဩဂုတ်လအတွင်း လီဒီကျေးရွာ၌ မြေပြိုမှုကြောင့် နေအိမ် ၁၇ လုံး ပျက်စီးခဲ့ပြီး ၃၇ လုံး ထိခိုက်ခဲ့ရသည်။ ထို့ပြင် ရွာသား ၃၉ ဦး သေဆုံးခဲ့ပြီး မိသားစု ၁၃၅ စု အိုးအိမ်စွန့်ခွာခဲ့ရသည်။

**ကိုးကား- ခတ္တမန္ဒူပို့စ်**
**ဘာသာပြန်- ကျော်ထိုက်စိုး**

## ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ လူနာသစ် ၁၀၀၀၀ ကျော် စံချိန်တင် တွေ့ရှိ

**ပါရီ စက်တင်ဘာ ၁၃**

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၆၁ ဦး တွေ့ရှိခဲ့ကြောင်း ပြင်သစ်ကျန်းမာရေး တာဝန်ရှိသူများက ယမန်နေ့တွင် ကြေညာခဲ့ရာ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းက တစ်ရက်တာအတွင်း စံချိန်တင် အမြင့်ဆုံးကူးစက်မှု ဖြစ်လာခဲ့သည်။

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှု များပြားလာနေကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဂျင်းကက်စ်တပ်ဇ်က သတိပေးခဲ့ပြီးနောက် ယခုကဲ့သို့ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ယခင်ကတစ်ရက်တာအတွင်း အမြင့်ဆုံး ကူးစက်မှုအနေဖြင့် ပြီးခဲ့သည့်ကြာသပတေးနေ့က လူနာသစ် ၉၈၄၃ ဦး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသော်လည်း ကန့်သတ်ချက်သစ်များ ပြုလုပ်မည်ဟု ၎င်းက မကြေညာခဲ့သလို ပြင်သစ်နိုင်ငံက အသွားအလာကန့်သတ်ချက် ပြုလုပ်မည်မဟုတ်ကြောင်း၊ ခပ်ခွာခွာနေခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းနှင့် စမ်းသပ်မှု တိုးမြှင့်လုပ်ဆောင်ခြင်းတို့ဖြင့် ဗိုင်းရပ်စ်နှင့် နေသားကျအောင် ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။



အစိုးရအဖွဲ့က ကိုဗစ်-၁၉ စမ်းသပ်မှု အမြန်ခြေရာခံမှုစနစ် အကောင်အထည်ဖော်ဆောင်ကာ စီးပွားရေးလုပ်ငန်းအချို့ အလုပ်ချိန်နာရီများ လျှော့ချရန် ဒေသန္တရအာဏာပိုင်များသို့ လုပ်ပိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံများသို့ လူနာသစ် ၂၄၃၂ ဦး ရောက်ရှိလာခဲ့ပြီး အထူးကြပ်မတ်ဆောင်၌ လူနာ ၄၁၇ ဦးကို ကုသပေးနေကြောင်း အဆိုပါ ဝန်ကြီးဌာနက ဆိုသည်။

ပြင်သစ်နိုင်ငံ၌ ကိုရိုနာဗိုင်းရစ်ကြောင့် ပြီးခဲ့သောတစ်ရက်တာအတွင်း သေဆုံးသူ ၁၇ ဦးအပါအဝင် သေဆုံးသူ စုစုပေါင်း ၃၀၉၁၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



## ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၄၉ ဦးတွေ့ရှိပြီး ရောဂါ ကူးစက်ခံရသူပေါင်း တစ်သန်းကျော် ရှိလာ

**မော်စကို စက်တင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၄၉ ဦး တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၆၂၈၁၁ ဦး ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၉၄ ဦး ထပ်မံသေဆုံးခဲ့ရာ ရုရှားနိုင်ငံတစ်ဝန်း၌ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၅၇၈ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကို၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၀ ယနေ့ ထပ်မံတွေ့ရှိခဲ့ပြီးနောက် မော်စကို တစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၇၁၀၉၇ ဦး ရှိလာကြောင်း သိရသည်။

သို့သော် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၉၀ ရောဂါကင်းစင်ပြီး ဆေးရုံများမှ ဆင်းခွင့်ရကြရာ ရုရှား၌ ကိုဗစ်-၁၉ ရောဂါမှပြန်လည် ကျန်းမာလာသူပေါင်း ၈၇၆၂၂၅ ဦး ရှိလာကြောင်း သိရသည်။

ရုရှားအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ စက်တင်ဘာ ၁၂ ရက်အထိ တစ်နိုင်ငံလုံးတွင် လူဦးရေ ၄၀ ဒသမ ၆ သန်းကျော်၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ရာ လက်ရှိအချိန်တွင် လူနာ ၂၁၇၄၄၇ ဦးသာ နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများ၌ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၂ ဦး တွေ့ရှိပြီး ၇၉ ဦး သေဆုံး

**မနီလာ စက်တင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၆၁၂၁၆ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၂၀၄၇၂ ဦးသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၇၅၆၈ ဦး ရှိလာကြောင်း သိရသည်။ ထို့အပြင် ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၇၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၇၁ ဦး ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၇ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ခြင်းနှင့်အတူ မနီလာမြို့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အများဆုံးတွေ့ရှိခဲ့သည့် ပြည်နယ်နှင့် ဒေသငါးခုအနက် ရောဂါကူးစက်မှုနှုန်း အများဆုံးမြို့ဖြစ်လာခဲ့သည်။

ထို့အပြင် မြို့တော်မနီလာမှ တောင်ဘက် ကာဗိုက်ပြည်နယ်၌ ၂၄၀၊ မနီလာမှ တောင်ဘက် လာဂူနာပြည်နယ်၌ ၂၀၇ ဦး၊ နိုင်ငံ၏အလယ်ပိုင်း နီဂရိုးစ်အနောက်တိုင်းဒေသ၌ ၁၉၉ ဦးနှင့် မနီလာမြို့မှ မြောက်ဘက် ဘူလာကန်ပြည်နယ်၌ ၁၄၅ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဓာတ်ခွဲခန်း ၁၂၁ ခု ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၂ ဒသမ ၈၉ သန်း၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## အိန္ဒိယပြည်ထဲရေးဝန်ကြီး အေမက်ရှား တတိယအကြိမ် ဆေးရုံတက်ရ

**နယူးဒေလီ စက်တင်ဘာ ၁၃**

ပြီးခဲ့သည့်လက ကိုရိုနာဗိုင်းရပ်စ်ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့် အိန္ဒိယပြည်ထဲရေးဝန်ကြီး အေမက်ရှားသည် ယမန်နေ့ညပိုင်းက ဒေလီမြို့ရှိ AIIMS ဆေးရုံသို့ နောက်တစ်ကြိမ် ဆေးရုံပြန်တက်ခဲ့ရသည်။ အသက် ၅၅ နှစ်အရွယ် ဘီဂျေပီပါတီခေါင်းဆောင် အေမက်ရှားက ပင်ပန်းနွမ်းလျမှုနှင့် ကိုယ်ခန္ဓာနာကျင်မှုကြောင့် ကိုဗစ်-၁၉ ရောဂါအလွန် ပြုစုမှုဆောင်ရွက်ရန် ဩဂုတ်လ ၁၈ ရက်က AIIMS ဆေးရုံသို့ တင်ခဲ့သေးသည်။

အိန္ဒိယပြည်ထောင်စုဝန်ကြီး ခုနစ်ဦးနှင့် လွှတ်တော်အမတ် ၂၄ ဦးထက် မနည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုး မတွေ့ရှိဟု စမ်းသပ်တွေ့ရှိပြီး လေးရက်ခန့်အကြာ ဩဂုတ် ၁၈ ရက်တွင် အေမက်ရှားက ပင်ပန်းနွမ်းလျမှုနှင့် ကိုယ်ခန္ဓာနာကျင်မှုတို့ ဖြစ်ခဲ့သေးသည်။ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာခြင်းကြောင့် အေမက်ရှားအား ဩဂုတ် ၁၄ ရက်တွင် မီဒန်တာဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။

"ဒီနေ့ ကျွန်တော် ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးတာ ပိုးမတွေ့ရှိပါဘူး။ ကျွန်တော်နဲ့ မိသားစုအတွက် ဆုတောင်းပေးသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဆရာဝန်တွေရဲ့ အကြံပြုချက်တွေအတိုင်း နေအိမ်မှာ ရက်အနည်းငယ်အကြာ သီးခြားခွဲနေမှာ ဖြစ်ပါတယ်" ဟု အေမက်ရှားက တွစ်တာလူမှုကွန်ရက်၌ ကြေညာခဲ့သည်။

**ကိုးကား- ဒေလီစတား**
**ဘာသာပြန်- ကျော်ထိုက်စိုး**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ နောက်ဆုံး အခြေအနေ | |
| --- | --- |
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၈၉၈၆၅၂၀ ဦး |
| | သေဆုံးသူ ၉၂၅၃၀၃ ဦး |
| | ပြန်လည်ကျန်းမာလာသူ ၂၀၈၅၅၅၉၂ ဦး |

# မူးယစ်ဆေးဝါးသယ်ဆောင်သူအား မန္တလေးမြို့ပေါ်၌ ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၁၃**

မူးယစ်ဆေးဝါးသယ်ဆောင်သူအား မန္တလေးမြို့ပေါ်၌ ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၅ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့အဝင်၌ တရားမဝင်ကုန်ပစ္စည်းများ စစ်ဆေးရန်ထားရှိသည့် Mobile X-Ray စက်နေရာကို ရှောင်ကွင်းနိုင်သည့်နေရာများအား ပိတ်ဆို့စစ်ဆေးနေစဉ် လားရှိုးမှ မန္တလေးသို့ ယာဉ်မောင်း ဝသုန်မင်းထက် မောင်းနှင်ပြီး စိုင်းသန်းမြင့် လိုက်ပါလာသည့် ကုန်ပစ္စည်းတင်ဆောင်လာခြင်းမရှိသော ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းခေါင်မိုးအပေါ် အံဝှက်အတွင်း၌ မူးယစ်ဆေးဝါးများ တွေ့ရှိရကြောင်း။

၎င်းတို့အား ပဏာမစစ်ဆေးချက်အရ မန္တလေးသို့ ပို့ရမည်ဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါးပိုင်ရှင်မှာ ၎င်းတို့ရှေ့မှ Toyota Land Cruiser ယာဉ်ဖြင့် ကြိုသွားနှင့်ပြီး မန္တလေးမြို့အဝင်တွင် စောင့်ကြိုမည်ဖြစ်ကြောင်း သိရှိရသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသည့်ယာဉ်ကို တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ မန္တလေးဘက်သို့ မောင်းနှင်စေပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့အဝင်၌ Toyota Land Cruiser ယာဉ်အား တွေ့ရှိသဖြင့် ဖမ်းဆီးရရှိရေး ပိတ်ဆို့တားဆီးစဉ် ရဲတပ်ဖွဲ့ပိုင်ယာဉ်ကို ပွတ်တိုက်ပြီးနောက် မန္တလေးမြို့အတွင်း မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထို့ကြောင့် လိုက်လံဖမ်းဆီးရာ ရပ်တန့်ခြင်းမရှိ၍ မန္တလေးမြို့ ၂၆ လမ်းပေါ် ၅၆ လမ်းနှင့် ၅၇ လမ်းကြားအရောက်တွင် ယာဉ်ဘေးချင်းယှဉ်၍ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရာ Toyota Land Cruiser ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသူ စိုင်းဝင်းနိုင်(ခ)အားချိန် လားရှိုးမြို့နေသူအား သေနတ်ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



စိုင်းဝင်းနိုင်(ခ)အားချိန်၊ ဝသုန်မင်းထက်၊ စိုင်းသန်းမြင့်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

၎င်းအား စစ်ဆေးချက်များအရ ခြောက်ဘီးယာဉ်ပေါ်တွင် ဆပ်ပြာခွက် ၁၃၂၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို၊ ငွေကျပ်သိန်း ၇၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများပိုင်ရှင် စိုင်းဝင်းနိုင်(ခ)အားချိန်က ယာဉ်မောင်း ဝသုန်မင်းထက်နှင့် စိုင်းသန်းမြင့်တို့ကို မူးယစ်ဆေးဝါးများ သိုဝှက်ထည့်သွင်းထားသည့် ခြောက်ဘီးယာဉ်အား လားရှိုးမှ မန္တလေးသို့ မောင်းနှင်ရန် ငှားရမ်းခဲ့ကြောင်းနှင့် စိုင်းဝင်းနိုင် (ခ)အားချိန်သည် Toyota Land Cruiser ယာဉ်ဖြင့် မန္တလေးမြို့သို့ သီးခြားလိုက်ပါခဲ့ပြီး မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများ လက်ခံယူမည်ဖြစ်ကြောင်း သိရှိရသဖြင့် ဝသုန်မင်းထက်၊ စိုင်းသန်းမြင့်နှင့် စိုင်းဝင်းနိုင်(ခ)အားချိန် တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၉ စီး၊ သွင်းကုန် ၄၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ပြီး တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ယာဉ်များဖြစ်သော Toyota Probox နှင့် Toyota Succeed ယာဉ်နှစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇင်မင်းထွန်း၊ ကျော်ဇင်ဦးတို့အားသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီက မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြဇေယျာရပ်ကွက် ရုံးပေါင်းစုလမ်းတွင် မခေါန်မိုင်(ခ)ခေါနူး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၃ နာရီက ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် စီမော်ကျေးရွာအုပ်စု စီမော်ကျေးရွာနေ ကျော်လင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း။

ထို့အတူ ထိုနေ့ညနေပိုင်းက မိုးကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့ ရေပူရပ်ကွက် မိုးကုတ်- ချောင်းကြီးသွားကားလမ်းပေါ်တွင် ဇင်မင်းထွန်းမောင်းနှင်ပြီး ကျော်ဇင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးတင်အောင်၊ ဒုတိယရဲမှူး ရွှေသိန်း၊ မြို့နယ်စခန်းများမှ ရဲအရာရှိများ ဦးဆောင်၍ စက်တင်ဘာ ၁၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ လှမိုး(သနပ်ပင်)




## ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်၌ နေအိမ်ခုနစ်လုံး မီးလောင်ကျွမ်း

**ထားဝယ် စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် အောင်ဆွေဒဂုံလမ်းသွယ်၌ ယနေ့နံနက် ၁၁ နာရီခန့်က နေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အောင်ဆွေဒဂုံလမ်းသွယ်နေ ဒေါ်ပိုသန်း၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ထရံကာအား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွန်းဦး ဦးဆောင်၍ သန္နီမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် မီးငြှိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် တစ်စီးနှင့်အတူ ရဲတပ်ဖွဲ့၊ ဇမ္ဗူသီရိအရေးပေါ် လူနာကူညီသယ်ဆောင်ရေးအဖွဲ့နှင့် ရပ်ကွက်သူ/ ရပ်ကွက်သားများက ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုကြောင့် စုစုပေါင်း လူနေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၉ ဦး မီးဘေးသင့်ခဲ့ပြီး မီးဘေးသင့်သူများအား တာဝန်ရှိသူများက နီးစပ်ရာ ဆွေမျိုးသားချင်းများအိမ်တွင် နေရာချထားပေးခဲ့ကြောင်းသိရပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ နေအိမ်ပိုင်ရှင်ဒေါ်ပိုသန်းအား ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲကျင်းပရန် ၅၅ ရက်သာ လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

# ခေတ်သစ်ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**ခေတ်သစ်ပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်ရီရီစံက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မိတ်ဆက်စကား

အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်မကတော့ ခေတ်သစ်ပြည်သူ့ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်ရီရီစံ (ကလောင် ခင်ဝင်းစံ) ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီဟာ နိုင်ငံရေးအတွေ့အကြုံ အစဉ်အလာနဲ့ ပေါ်ပေါက်လာတဲ့ ပါတီဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်နဲ့ ၁၉၈၀ ပြည့်နှစ်လွန်ကာလများတွင် စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုကချုပ်ကိုင်တဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ်အမှားကို ဖော်ထုတ်တင်ပြပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ (အရင်းရှင်စနစ်)ရဲ့ အမြင့်ဆုံးအဆင့်ကတစ်ဆင့်သာ ငြိမ်းချမ်းစွာ ဖြစ်ပေါ်လာမယ့် ခေတ်သစ်သိပ္ပံဆိုရှယ်လစ်စနစ်ကို တင်ပြလာခဲ့တဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစုက ပေါ်ပေါက်လာတဲ့ ပါတီလည်း ဖြစ်ပါတယ်။ မူဝါဒသုတေသနလုပ်ငန်းများကို နှစ်ပေါင်း (၃၀)ကျော် လုပ်ကိုင်လာတဲ့ ပါတီလည်းဖြစ်ပါတယ်။ ပါတီရဲ့ အမှတ်တံဆိပ် ကမ္ဘာလုံးပေါ်က သေး၊ လတ်၊ ကြီး ကြယ်သုံးပွင့်ဟာ ပါတီရဲ့မဟာဗျူဟာ ဦးတည်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တစ်လောကလုံးဆိုင်ရာ လွတ်မြောက်ရေးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွဲ့စည်းထားတဲ့ပါတီဖြစ်ပါတယ်။ ပါတီကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၇)ဦး၊ ဗဟိုကော်မတီဝင် (၁၀)ဦး၊ အရန်ဗဟိုကော်မတီဝင် (၁၂)ဦးတို့က ဦးဆောင်ပါတယ်။ ပါတီဥက္ကဋ္ဌက ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ တိုင်းဒေသကြီးများမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသွားမှာဖြစ်ပါတယ်။

**လမ်းညွှန်သဘောတရား**

သတ္တလောကတွင် လူဟာအသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်တယ်လို့ လူမှုသိပ္ပံပညာရှင်ကြီးများက ဆိုပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်တွင် လူရယ်လို့ စတင်ပေါ်ပေါက်လာချိန်ကစပြီး ဘယ်လိုပင် ကပ်ဘေးအမျိုးမျိုး ကြုံခဲ့ရသော်လည်း အရေအတွက်အရရော အရည်အချင်းအရပါ ပြောင်းလဲတိုးတက်လာနေတာ ဖြစ်ပါတယ်။ အရေအတွက်အရ လူစတင်ပေါ်ပေါက်လာချိန်က အနည်းငယ်သာရှိခဲ့ပြီး ဒီကနေ့ ၂၁ ရာစုတွင် ရှစ်ဘီလီယံကျော်လာနေပြီဖြစ်ပါတယ်။ အရည်အချင်းအရလည်း ရှေးဟောင်းကျောက်ခေတ်လူသားကနေပြီး ဒီကနေ့ နှောင်းခေတ် အီလက်ထရွန်နစ် အဆင့်မြင့်နည်းပညာ (အိုင်တီ) ခေတ် လူသားအထိ ပြောင်းလဲတိုးတက်လာတာဖြစ်ပါတယ်။ ရှေ့ကိုလည်း ဇကန်ပြောင်းလဲတိုးတက်နေမယ်ဖြစ်တယ်။ ဒါကြောင့် ဒီမိုကရေစီဟာ သမိုင်းနိဂုံးမဟုတ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ (အရင်းရှင်စနစ်) ထက် အဆင့်မြင့်သော အစိုးရအုပ်ချုပ်ဖို့မလိုအောင် ယဉ်ကျေးတိုးတက်တဲ့ ခေတ်သစ်သိပ္ပံဆိုရှယ်လစ်စနစ် (တစ်လောကလုံးဆိုင်ရာ လွတ်မြောက်ရေးခေတ်) သို့ မလွဲဧကန် အမှန်ပင်ရောက်လာမယ်။ အဲဒီလို တစ်လောကလုံးဆိုင်ရာ လွတ်မြောက်ရေးခေတ်သို့ ရောက်ရှိရေးအတွက် ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ (အရင်းရှင်စနစ်) အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေ လိုအပ်တယ်လို့ ခေတ်သစ်ပြည်သူ့ပါတီက ခံယူပါတယ်။

ယနေ့ ၂၁ ရာစုဟာ ပညာခေတ်ကို ရောက်လာတဲ့အတွက် ပညာနိုင်ငံရေးကသာ အဆုံးအဖြတ် ဖြစ်လာတယ်။ ခေတ်သစ်ပြည်သူ့ပါတီက ခံယူကျင့်သုံးတဲ့ ပညာနိုင်ငံရေးအလုပ်လမ်းညွှန်တရား(၄)ပါးရှိပါတယ်။

**ပညာနိုင်ငံရေး အလုပ်လမ်းညွှန်တရား(၄)ပါး**

၁။ အကန်းယုံ၊ အရမ်းယုံမယုံကြဘဲ သိပ္ပံပညာမျက်စေ့နဲ့သာ ဆင်ခြင်ကြပါစို့။

၂။ ဆင်ခြင်တုံတရားမဲ့၊ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

၃။ စနစ်တကျ လေ့လာသုံးသပ်မှု ကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

၄။ ဆင်ခြင်တုံတရားမဲ့ အစွဲအလမ်းဟောင်းတွေပေါ်မှာ မျက်စေ့မှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်။

**မူဝါဒလမ်းစဉ်၊ လုပ်ငန်းစဉ်များ**

(၁)။ နိုင်ငံရေး

ပြည်သူတို့ရဲ့ နိုင်ငံရေးလွတ်လပ်မှု၊ မိမိတို့ကံကြမ္မာ မိမိတို့ လွတ်လပ်စွာ ဖန်တီးနိုင်မှုကို အာမခံချက်ပေးနိုင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်။ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား(၄)ပါး (ဝါ) လောကပါလ တရား (၄) ပါးကို ခံယူကျင့်သုံးမယ်။

ဒီလောကပါလတရား (၄)ပါးကတော့

(၁) လူထုတွေမပါရင် ဘာမှမလုပ်နိုင်။

(၂) လူထုရွေးကောက်ပွဲတွေမပါရင် ဘာမှမလုပ်နိုင်။

(၃) လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို လူထုကို ကင်းကင်းလွတ်လွတ် ရွေးချယ်ခွင့်ပြုရမယ်။

(၄) အဲဒီလိုမပြုရင် လူထုတွေဟာ သူ့လမ်းသူရွေးချယ်သွားလိမ့်မယ်။

ရွေးကောက်ပွဲစနစ်တွင်လည်း မြန်မာ့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်စွာ မဲအများဆုံးနိုင်သူစနစ်နဲ့ အချိုးကျရွေးကောက်ပွဲစနစ်နှစ်ရပ်ကို ကျင့်သုံးသွားမယ်။(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် လိုအပ်သလို ပြင်ဆင်သွားမယ်)

(၂)။ စီးပွားရေး

ပြည်သူတို့ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးနိုင်သော တံခါးဖွင့်ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။ လွတ်လပ်စွာပြိုင်ဆိုင်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုမယ်။ ဒီမိုကရေစီနိုင်ငံများတွင် အများဆန္ဒနဲ့ ဆုံးဖြတ်ရတဲ့အတွက် ပြည်သူတွေ အသိဉာဏ်ရည် မြင့်မားဖို့လိုပါတယ်။ ပြည်သူတွေ အသိဉာဏ်ရည် မြင့်မားရေးအတွက် ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားဖို့လိုပါတယ်။ ပြည်သူတွေလူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ပြည်သူတွေရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ ပေါ်ပေါက်လာရေးကို အစွမ်းကုန်ကြိုးပမ်းသွားမယ်။ စီးပွားရေးကုန်ထုတ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်း အမြင့်ဆုံးသော ညွှန်းလက် (ဝါ) မှတ်ကျောက်ဖြစ်တယ်။

(၃)။ ကာကွယ်ရေး

နိုင်ငံလွတ်လပ်ရေးကို အသက်ပေးတိုက်ပွဲဝင်လာခဲ့ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ မိမိတို့နိုင်ငံရဲ့ ကံကြမ္မာကို မိမိတို့လွတ်လပ်စွာဖန်တီးရေးနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ် ဥစ္စာများကို အသက်ပေးကာကွယ်လာခဲ့သော ကာကွယ်လျက်ရှိသော အမျိုးသားတပ်မတော်ဟာ ခေတ်မီစွမ်းရည်မြင့် တပ်မတော်ဖြစ်ရမယ်။

(၄)။ တိုင်းရင်းသားလူမျိုးများအရေး

ကျဉ်းမြောင်းသော လူမျိုးစွဲ၊ ဝါဒကင်းရှင်းစွာ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးရှိသော စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်မယ်။ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ မိမိတို့နိုင်ငံရဲ့ကံကြမ္မာကို မိမိတို့လွတ်လပ်စွာ ဖန်တီးရေး အမျိုးသားရေးတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်သွားမယ်။

(၅)။ အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး

ခေတ်သစ်ပြည်သူ့ပါတီဟာ ဖြစ်နိုင်လျှင် ငြိမ်းချမ်းစွာဆောင်ရွက်မည်။ မဖြစ်နိုင်မှသာ အကြမ်းဖက်ရမည်ဆိုတဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လမ်းစဉ်မျိုးလုံးဝမဟုတ်ဘဲ အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူပါတယ်။ ပြည်တွင်းပြည်ပတွင် လက်နက်ကိုင် အတိုက်အခံများ ဖြစ်လာရင်လည်း ဘယ်ဘက်က တာဝန် ဘယ်လောက်ရှိတယ်၊ မရှိဘူးဆိုတာကို ပွင့်ပွင့်လင်းလင်းထောက်ပြပြီး အတိုက်အခိုက် ရပ်စဲရေး ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမယ်။ စစ်ဟာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့ အရာမဟုတ်။ အကြောင်းအမျိုးမျိုးကြောင့် မလွဲမရှောင်သာ စစ်ပွဲကြီးငယ်များ ဖြစ်ပွားကြသော်လည်း ကမ္ဘာတွင် ကောင်းသောစစ်နှင့် ဆိုးသောငြိမ်းချမ်းရေးရယ်လို့မရှိနိုင်ပါ။ ဒီကနေ့ ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး စာရင်းဝင်ဖြစ်လာတဲ့ မြန်မာနိုင်ငံ ပြည်တွင်းစစ်မှာ နှစ်ဖက်တိုက်ခိုက်လာခဲ့ကြတဲ့ တိုင်းရင်းသားများရဲ့ အသက်ပေါင်းများစွာ သေဆုံးခဲ့ပြီး ကြားက မြေစာပင် ပြည်သူများရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့လည်း များစွာဆုံးရှုံးခဲ့ရပြီးဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများလည်း များစွာပျက်စီး ဆုတ်ယုတ်ခဲ့ရပါတယ်။ ဒါကြောင့် ခါးသည်းနာကြည်းနောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကိုရယူပြီး အမျိုးသားသင့်မြတ်စည်းလုံးရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ထာဝရပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရေးကို မဖြစ်မနေကြိုးပမ်းသွားမယ်။

(၆)။ ဘာသာရေး

မိမိကြိုက်နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဘာသာ သာသနာအကျိုးကို ဆောင်ရွက်ခွင့် ရှိတယ်။ နိုင်ငံရေးကို ဘာသာရေးနဲ့ ရောထွေးကျင့်သုံးခွင့် မပြုပါ။

(၇)။ နိုင်ငံခြားရေး

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅) ချက်ကို ကျင့်သုံးမယ်။ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာပြည်သူအကျိုးကို ကုလသမဂ္ဂအဖွဲ့ကြီးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်သွားမယ်။

(၈)။ အမျိုးသား၊ အမျိုးသမီး ကျား-မ တန်းတူရေး

ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ကျား-မ တန်းတူရေး မရှိဘူးဆိုရင် ဘယ်လိုမှ ဒီမိုကရေစီ မထွန်းကားနိုင်ပါ။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက (၁) အမျိုးသမီးများဝန် ဒဏ် (၃) ရပ်က လွတ်မြောက်ရေး၊ (၂) အမျိုးသမီးများ စွမ်းဆောင်ရည် တည်ဆောက်သွားရေး၊ (၃) CEDAW စာချုပ်ပါ သဘောတူညီချက်အတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ (၄)ခက်မသုံးဖြာ အာဏာသုံးရပ်တွင် အမျိုးသမီးများ အချိုးကျပါဝင်ရေးတို့ကို မဖြစ်မနေကြိုးပမ်းသွားမယ်။

**ပညာရေး**

လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ ပုဂ္ဂလိကများကို လွတ်လပ်စွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမယ်။ လူငယ်များဟာ အနာဂတ်ဖြစ်တဲ့အတွက် လူငယ်များရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒချမှတ်ဆောင်ရွက်သွားမယ်။

**ကျန်းမာရေး**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်မယ်။ ခေတ်မီဆေးဝါးထုတ်လုပ်ရေးနဲ့ ဆေးပညာရပ်များဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးသွားမယ်။ ပုဂ္ဂလိကလုပ်ငန်းများကိုလည်း လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုမယ်။

**တောင်သူလယ်သမားများအရေး**

ဒီမိုကရေစီနိုင်ငံ ထူထောင်နေတဲ့ မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ တောင်သူလယ်သမားလူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေ လိုအပ်ပါတယ်။ ဒါကြောင့် ဒီကနေ့ နိုင်ငံတကာတွင် ကျင့်သုံးနေတဲ့ မြေယာစနစ်သုံးမျိုးထဲက အကြွင်းမဲ့မြေရှင်စနစ် စည်းမျဉ်းခံမြေရှင်စနစ်များလုံးဝကင်းရှင်းသော လွတ်လပ်တဲ့မြေယာစနစ်ကို ကျင့်သုံးမယ်။ မြန်မာ့မြေယာသမိုင်းတွင် မြန်မာရှင်ဘုရင်များခေတ် မြေယာစနစ်၊ အင်္ဂလိပ်ခေတ် မြေယာစနစ်၊ လွတ်လပ်ရေးရပြီး ဖဆပလခေတ် မြေယာစနစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် မြေယာစနစ်၊ ၁၉၈၈ ခု နောက်ပိုင်း တပ်မတော်အစိုးရခေတ် မြေယာစနစ်နဲ့ ပါတီစုံဒီမိုကရေစီ အစိုးရခေတ် မြေယာစနစ်များရဲ့ အားနည်းချက်၊ အားသာချက်များကို သုတေသနပြုပြီး တောင်သူလယ်သမားလူတန်းစားများ ဆင်းရဲနွမ်းပါးမှုက လွန်မြောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာ ထောင်ထူရေးအတွက် ချမှတ်ထားတဲ့ ခေတ်သစ်ပြည်သူ့ပါတီရဲ့ မြေယာမူဝါဒ (၁၁) ရပ်ကိုကျင့်သုံးမယ်။ လွတ်လပ်စွာတောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းပြီး တောင်သူလယ်သမားအကျိုး ဆောင်ရွက်ခွင့်ပြုမယ်။

**အလုပ်သမား လူတန်းစားများအရေး**

လုပ်ငန်းရှင်နဲ့ အလုပ်သမား လူတန်းစား(၂)ရပ်ဟာ လူ့အဖွဲ့အစည်းရှေ့သို့ တက်လှမ်းရေးရဲ့အဓိက မောင်းနှင်အားဖြစ်တယ်။ လုပ်ငန်းရှင်မရှိရင် အလုပ်သမားမရှိနိုင်သလို အလုပ်သမားမရှိရင်လည်း လုပ်ငန်းရှင်မရှိနိုင်ပါ။ ဒါကြောင့် လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားများအကြား ပေါ်ပေါက်တဲ့ ပဋိပက္ခဟာ ပေါင်းစပ်ဖြေရှင်းသွားရမယ့် ပဋိပက္ခသာဖြစ်တယ်။ အချို့ လက်ဝဲစွန်းဝါဒီတွေက အရင်းရှင်(လုပ်ငန်းရှင်) လူတန်းစားဟာ အလုပ်သမားတွေအပေါ် မတရားခြယ်လှယ်သွေးစုပ် အမြတ်ထုတ်တယ်လို့ ယူဆကြပါတယ်။ လုပ်ငန်းရှင်ကြီးငယ်များက အလုပ်သမားတွေအပေါ် ဘယ်လိုမှ မတရားခြယ်လှယ် သွေးစုပ်အမြတ်မထုတ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီနိုင်ငံများတွင် လုပ်ငန်းရှင်မဲတစ်ပြားဆိုရင် အလုပ်သမားမဲပြားပေါင်းများစွာနဲ့ State Power ကို ဖန်တီးနိုင်လို့ဖြစ်တယ်။ State Power ဆိုတာ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာဖြစ်တယ်။ အလုပ်သမားလူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများအခြေအနေ အချိန်အခါအရ ထိုက်သင့်တဲ့ လုပ်ခလစာရရှိရေး၊ အလုပ်သမားအခွင့်အရေးများ ပြည့်ဝရေး၊ အလုပ်သမားများ၊ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ကြိုးပမ်းသွားတယ်။ လွတ်လပ်စွာ အလုပ်သမား၊ အစည်းအရုံးများ ဖွဲ့စည်းပြီး အလုပ်သမားအကျိုးကို ဆောင်ရွက်ခွင့်ပြုမယ်။

နိဂုံးချုပ်အနေနဲ့

အရာရာတွင် အမှန်တရားကသာ အဆုံးအဖြတ်ဖြစ်ပါတယ်။ ဒါပေမယ့် မှန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ရှိရုံနဲ့ တိုက်ရိုက်အောင်ပွဲခံရမယ်လို့ အဓိပ္ပာယ်မရပါ။ မှန်တဲ့မူဝါဒလမ်းစဉ်ကို ကိုင်စွဲထားသူတွေရဲ့ မှန်တဲ့ လက်တွေ့အလုပ်ကသာ အောင်ပွဲကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။

ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီရဲ့ မိမိကိုယ်ကို ဝေဖန်ရေးနှင့် ဝေဖန်ရေးသည် မိမိတို့ကိုယ်တွင်ရှိသော အညစ်အကြေးများ အမှားများနှင့် ချို့ယွင်းအားနည်းချက်များကို ဆေးကြောသန့်စင်ရာမည့်သည်ဟု ခံယူရမည်။ မိမိကိုယ်ကို ဝေဖန်ရေးဖြင့် အစဉ်တိုးတက်နေအောင်ကြိုးပမ်းရမည်။ ခေါင်းဆောင်မှု အရည်အချင်းများ အစဉ်တိုးတက်နေစေရေးအတွက် အတွေ့အကြုံကြွယ်ဝခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ အစဉ်သတိဝီရိယရှိခြင်း၊ စည်းကမ်းနှင့် အကျင့်သိက္ခာရှိခြင်း၊ တည်ကြည်ရိုးသားဖြောင့်မတ်ခြင်း၊ စေ့စပ်သေချာခြင်း၊ အများအကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ခြင်းများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်ကြိုးပမ်းနေရမည်။ ခက်ခဲနက်နဲသော အလုပ်ကိုလုပ်ဖို့ ကြောက်သူသည် မတိုးတက်။ တိုးတက်မှုကို လိုလားသူသည် ခက်ခဲနက်နဲသော အလုပ်ကိုလုပ်ဖို့ မကြောက်ရဆိုသည့် ပါရမီရှင်တို့၏ ထုံးနှလုံးမှု၍ တစ်လောကလုံးဆိုင်ရာ လွတ်မြောက်ရေးတရား၏ မဟာတာဝန်ကို ထမ်းဆောင်နိုင်ရမည် စတဲ့ ပါတီဝင်ကျင့်ဝတ်များကို မြဲခိုင်စွာ ကျင့်သုံးပြီး တင်ပြခဲ့သောပါတီရဲ့ သဘောတရားရေး၊ နိုင်ငံရေး၊ မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များ ဘောင်ပြင်ရေး သုံးလွန်းတင် ဒီမိုကရေစီခေတ်မီနိုင်ငံ ထူထောင်ရေး သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်ဆိုတာကို တင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူအပေါင်း ကာယသုခ, စိတ္တသုခ ပြည့်ဝကြပါစေ။

# မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ဒေါ်မာမာအေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင်၊**

ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမဲဆန္ဒနယ်အမှတ်(၁)မှ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြုအရွေးချယ်ခံ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် လောင်း ဒေါ်မာမာအေးဖြစ်ပါတယ်ရှင့်။ ယခုလို မြန်မာ့အသံရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မိမိတို့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ မူဝါဒရည်ရွယ်ချက် လုပ်ငန်းစဉ်သဘောထားများကို တင်ပြဟောပြောခွင့်ရရှိတဲ့အတွက် ပြည်ထောင်စုအစိုးရနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စား အထူးပင်ကျေးဇူးတင်ပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်ရှင့်။

ရိုသေလေးစားအပ်တဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (ပါတီ) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်မှာ ပြောင်းလဲထားတဲ့ ပါတီဖြစ်ပါတယ်။

မြို့တိုင်းရင်းသားမျိုးနွယ်စုများမှာ နိုင်ငံရေးအသိပညာ ဗဟုသုတအားနည်းမှုကြောင့် ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းမှာ မြိုလူမျိုး၊ ခမိလူမျိုးဟူ၍ လူမျိုးတစ်မျိုးတည်းက လူမျိုးနှစ်မျိုး ကွဲပြားသွားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာတဲ့အခါ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့အမည်ဖြင့် ညီညွတ်ရေးကို စတင်တည်ဆောက်လာကြပါတယ်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှာ ခမိအမည်မှ မြိုအမည်သို့ ပြင်ဆင်ချက်နဲ့ ပူးပေါင်းခဲ့တဲ့အတွက် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအမည်ကို မြို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ သဘောဆန္ဒအရ ပါတီအမည် ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ ယခုအခါ ၁၉၈၈ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့အတွက် ယခုဆိုရင် (၃၂)နှစ်အတွင်း ရောက်ရှိလာပြီဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ် မီးချောင်းဒေသကိုပါ စည်းရုံးဖွဲ့စည်းထားတဲ့ မြို့တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားပြုတည်ထောင်ထားတဲ့ တိုင်းရင်းသားပါတီတစ်ခုဖြစ်ပါတယ်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ မြောက်ဦးမဲဆန္ဒနယ်အမှတ်(၄)မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ မြောက်ဦးမဲဆန္ဒနယ် အမှတ်(၂)မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနဲ့ ရန်ကုန်၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမဲဆန္ဒနယ်(၁)မှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနဲ့ မင်္ဂလာဒုံမဲဆန္ဒနယ်(၁)မှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့ပါတီ ကိုယ်စားပြု ပါတီဥက္ကဋ္ဌဦးစံသာအောင်က အရွေးချယ်ခံအနိုင်ရရှိခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် သမ္မတအိမ်တော်ဝင်းအတွင်း ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံကျင်းပရေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးတွင် ပါတီဥက္ကဋ္ဌဦးစံသာအောင်က တက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ၁၉၉၃-ခုနှစ် စတင်ကျင်းပတဲ့အမျိုးသားညီလာခံသို့ပါတီကိုယ်စားပြု အရွေးချယ်ခံ ကိုယ်စားလှယ်အဖြစ် ဦးစံသာအောင်နှင့်အတူ ပါတီအလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦး တက်ရောက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ခဲ့ကြပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ယနေ့တိုင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်ပြီး ကြံ့ကြံ့ခံလျက် ရိုးသားတည်ကြည် သစ္စာရှိစွာဖြင့် ရပ်တည်ပြီး အမျိုးသားနိုင်ငံရေးခရီးပန်းတိုင်ကို ဆက်လက်လျှောက်လှမ်းနေဆဲဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိတဲ့အတွက် သတ်မှတ်နေရာနဲ့ အရေအတွက်အတိုင်း ရွေးကောက်ပွဲဝင်ရောက်နိုင်ခြင်းမရှိတဲ့အတွက် မြို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတယ်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသား ၁၃၅ မျိုး စုပေါင်းနေထိုင် လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ၁၀၀၀၀ အထက်လူမျိုး ၃၅ မျိုးသာရှိပြီး လူဦးရေ ၁၀၀၀၀ အောက်မှာ လူမျိုးပေါင်း ၁၀၀ ခန့် ရှိနေတာ ဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စု ငယ်တွေဟာ တိုင်းရင်းသားပြည်နယ်တွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ အသိအမြင်ဗဟုသုတအားနည်းချက်တွေကြောင့် ၎င်းတို့ရဲ့ လူမှုဘဝတွေ ခံစားချက်မျှော်လင့်ချက်တွေ ဖော်ပြနိုင်တဲ့ အခွင့်အရေးနည်းပါးနေကြပါတယ်။ မငြိမ်းချမ်းတဲ့ ဒေသတွေမှာ နေထိုင်ကြပြီးတော့ ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုတွေ ဘယ်လောက်ခံစားနေကြရတယ်ဆိုတာလည်း မသိနိုင်ပါဘူး၊ ဒီမိုကရေစီဆိုတာ ငြိမ်းချမ်းတဲ့နိုင်ငံမှာသာ ရှင်သန်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ပြည်ထောင်စုတိုင်းရင်းသားအားလုံးဟာ ပြည်ထောင်စု အတွင်းမှာရှိနေကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေကို တစ်မိသားစုတည်းက ပေါက်ဖွားလာတဲ့ သားသမီးရင်းများကဲ့သို့ ကြီးမားတဲ့ မေတ္တာကရုဏာတရားနဲ့ ကာကွယ်စောင့် ရှောက်ပေးကြဖို့ လိုအပ်ပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ကြတဲ့အခါမိမိတို့ရဲ့ ရင်နှစ်သည်းချာ သားသမီးတွေဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဘဝလုံခြုံရေး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေကို လုံးဝမပျောက်ပျက်ရအောင် ကာကွယ်ထိမ်းသိမ်းစောင့်ရှောက်ပေးဖို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်းတို့ရှင် ကျွန်မတို့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီဟာ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများရဲ့အကျိုးကို ရှေ့ရှုလျက် မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၁။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာသည့် အမျိုးသားနိုင်ငံရေးကို ကျင့်သုံးမည်။

၂။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် ပေါ်ပေါက်လာရေးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ ကြိုးပမ်းဖော်ဆောင်သော မူဝါဒကိုကျင့်သုံးမည်။

၃။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် ရည်မှန်းချက်တူညီပါက နိုင်ငံအကျိုး ပြည်သူအကျိုးကို မျက်ခြည်ပြတ်မခံဘဲ မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သော မူဝါဒကို ကျင့်သုံးမည်ဖြစ်ပါတယ်။

**ရည်မှန်းချက်**

၁။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

၂။ မိမိတို့ ကံကြမ္မာကို မိမိတို့ လွတ်လပ်စွာ ဖန်တီးနိုင်ရေးမှာ တိုင်းရင်းသားတို့၏ မွေးရာပါတာဝန်ဖြစ်၍ ဦးလည်မသုန်ထမ်းရွက်ရန်။



၃။ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တန်းတူရေးသည် စစ်မှန်သော ဒီမိုကရေစီ၏ အနှစ်သာရ ဖြစ်သည်ဟု ခံယူရန်။

၄။ စစ်မှန်သောဒီမိုကရေစီ ထွန်းကားလာရေးနှင့် ဖက်ဒရယ်မူဘောင်တစ်ရပ် ပေါ်ပေါက်ကျင့်သုံးနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ရန်။

၅။ ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အခိုင်အမာတည်ဆောက် သွားရန်တို့ ဖြစ်သည်။

**လုပ်ငန်းစဉ်များ**

၁။ မိမိတို့တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် စာပေများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းသွားရန်။

၂။ မိမိတို့ မြို့တိုင်းရင်းသားမျိုးနွယ်စုတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစိုက်မတ်မတ် ဆောင်ရွက်သွားရန်။

၃။ အစဉ်တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ လူနေမှုဘဝ စွမ်းဆောင်ရည်မြင့်မားရေးအတွက် မိရိုးဖလာလုပ်ငန်းများကို ခေတ်မီနည်းပညာရပ်ဆိုင်ရာလုပ်ငန်းများ အစားထိုးပြုပြင်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန်။

၄။ မိမိတို့ မြို့တိုင်းရင်းသားမျိုးနွယ်စုများ၏ လူမှုဘဝကို ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုများ သိရှိနားလည်စေပြီး အချင်းချင်း ကူညီရိုင်းပင်းမှု၊ ချစ်ကြည်မှုရရှိစေရေး ကြိုးပမ်းရန်။

၅။ အမျိုးသမီး အခန်းကဏ္ဍမြှင့်တင်ရန်နှင့် မျိုးဆက်သစ်လူငယ်ခေါင်းဆောင်များ မွေးထုတ်ရန် လူသားအရင်းအမြစ် ပေါ်ထွက်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်။

လေးစားအပ်ပါသော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့ရှင်၊ နိုင်ငံရေးပါတီတွေအားလုံးဟာ မိမိတို့ရဲ့ မူဝါဒ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး နိုင်ငံနဲ့ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအတွက် ကျရာတာဝန်မှ ဆောင်ရွက်နေကြတာဟာ သမိုင်းပေးတာဝန်ကို ကျေပွန်အောင်ထမ်းရွက်နေကြတာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ကျွန်မတို့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအပါအဝင် ပါတီပေါင်း ၉၂ ပါတီ ဝင်ရောက်အရွေးခံကြမည်ကို သိရှိထားကြပါတယ်။

ကျွန်မတို့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီရဲ့ အထိမ်းအမှတ် သင်္ကေတကတော့ ငှက်တော်ဖြစ်ပါတယ်။ ရှေးရိုးရာပုံပြင်အရ ငှက်တော်ဟာ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်ပီသခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံခြင်းကို ဖော်ညွှန်းပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ မြို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးကလည်း အနာဂတ်ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ သစ္စာရှိတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ကြောင်း ကတိစကားပြောကြားလိုပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး ဘေးရန်ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင့်။

**မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ**

## လဲချားမြို့နယ်၌ ဒုတိယအကြိမ်မဲစာရင်းများကြေညာရာတွင် ပြည့်စုံမှန်ကန်မှုရှိစေရန် မဲဆန္ဒရှင်စာရင်းများ စိစစ်ဆောင်ရွက်

**လဲချား စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ဒုတိယအကြိမ်မဲစာရင်းများ ကြေညာနိုင်ရေးနှင့် ပြည့်စုံမှန်ကန်မှုရှိစေရန် မဲဆန္ဒရှင်စာရင်းများ စိစစ်ဆောင်ရွက်ခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ယနေ့ နံနက် ၉ နာရီခန့်က စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဒုတိယအကြိမ်မဲစာရင်းများ ကြေညာနိုင်ရေးနှင့် ပြည့်စုံမှန်ကန်မှုရှိစေရန် မဲဆန္ဒရှင်စာရင်းများ စိစစ်ဆောင်ရွက်ရာတွင် ပထမအကြိမ် မဲစာရင်းမပါဝင်သူများကို ဒုတိယအကြိမ်တွင် ပါဝင်နိုင်ရေး၊မဲစာရင်းအချက်အလက် မှားယွင်းနေမှုများ မှန်ကန်မှုရှိစေရေး၊ပုံစံ(၃)၊ပုံစံ(၄)၊ပုံစံ (၄-က)၊ နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်များကို ပြင်ဆင်ဖြည့်စွက်ခြင်း စသည့်လုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အဖွဲ့ခွဲ၍ အသေးစိတ် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသူနောင် (ပြန်/ဆက်)**

# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၃

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**မိဘပြည်သူအပေါင်းတို့ရှင့်–**

မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာဦးဖြစ်ပါတယ်။

ကျွန်မတို့ပါတီရဲ့ မူဝါဒနဲ့လုပ်ငန်းစဉ်အနေနဲ့ နိုင်ငံရေးသမားတွေအလွန်အမင်း ဖောင်းပွပါဝင်နေတာကို မလိုလားပါဘူးဆိုလို့ အထူးအဆန်းဖြစ်နေမယ်ဆိုရင် ထပ်မံရှင်းလင်းတင်ပြပါ့မယ်။ ပြည်သူလူထုတစ်ရပ်လုံးဟာ မိမိတို့ရဲ့ မူလကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စတာတွေမှာသာ အာရုံစူးစိုက်နှစ်မြှုပ်လုပ်ကိုင်စေပြီး နိုင်ငံရေးသတင်းတွေ၊ ဥပဒေစည်းမျဉ်းစည်းကမ်းတွေ၊ နိုင်ငံရဲ့ လုံခြုံရေး၊ စီးပွားရေးဆိုင်ရာ ပေါ်လစီအရွေ့အပြောင်းစတဲ့ နိုင်ငံရေးဆန်တဲ့ အကြောင်းခြင်းရာတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနေဖို့ကိုသာ လိုလားတာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ပြည်သူလူထုဟာ မိမိတို့စီးပွားရေးကို မိမိတို့ဘာသာ ကြိုးစားလုပ်ကိုင်ကြရတာဖြစ်လို့ ဝင်ငွေလမ်းမဟုတ်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေထဲမှာ ဘဝနဲ့အချိန်တွေကို နစ်မြှုပ်မနေစေချင်ပါဘူး။ ဒါပေမယ့် နိုင်ငံရေးစနစ်တွေကို နိုင်ငံရေးသမားတွေ၊ အစိုးရလူကြီးတွေ လွဲမှားစီမံကြတဲ့အခါ ပြည်သူတွေသာလျှင် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း၊ ပြည်သူ့ဘဏ္ဍာခွန်ဆုံးရှုံးခြင်း၊ ပြည်သူ့လုပ်ငန်းကို အစိုးရက ဝင်ရောက်နှောင့်ယှက်ခြင်းကြောင့် လုပ်ရကိုင်ရခက်ခဲခြင်း စတဲ့ဆိုးကျိုးတွေကို ပြည်သူတွေက ခံစားရပါတယ်။ ဒါကြောင့် နိုင်ငံရေးဆန်တဲ့ သတင်းတွေကိုတော့ မဖြစ်မနေသိဖို့ လိုအပ်လာပြန်တယ်။

**မိဘပြည်သူအပေါင်းတို့ရှင့်–**

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ၂၀၁၀ ခုနှစ် မတ်လ ၂၂ ရက်နေ့ကတည်းက တရားဝင်မူဝါဒဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်ဆိုတဲ့စာအုပ် အတည်ပြုရေးဆွဲပြဋ္ဌာန်းပြီးကတည်းက ယနေ့အချိန်အထိ မိမိတို့မူဝါဒနဲ့အညီ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ပါတယ်။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဖွဲ့စည်းပုံအရ မြို့နယ်တစ်မြို့နယ်မှာ တစ်ယောက်ရှိရုံမျှနှင့် ဆက်သွယ်ရေးရုံးအဖြစ် ဖွင့်လှစ်ဆောင်ရွက်နိုင်ပါတယ်။ ရှုပ်ထွေးများပြားတဲ့ ရုံးလုပ်ငန်းတွေ၊ ရုံးအသုံးအဆောင်တွေမလိုအပ်ပါဘူး။ ပါတီဌာနချုပ်နဲ့ ဒေသခံပြည်သူ ဆက်သွယ်ရေးအဖြစ် လုပ်ဆောင်ရုံပါပဲ။ ဒေသတွင်း ပြဿနာတွေကို ဆက်သွယ်ရေးတာဝန်ခံနဲ့တိုင်ပင်ပြီး ပါတီဌာနချုပ်ကို အကြံဉာဏ်ရယူခြင်း၊ အစိုးရအဖွဲ့ဆီ ဆက်လက်တင်ပြလိုခြင်း စတဲ့လုပ်ငန်းတွေ လုပ်ဆောင်နိုင်ပါတယ်။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အမြောက်အမြား ပါဝင်ယှဉ်ပြိုင်ဖို့ မူဝါဒရေးဆွဲထားတာမျိုးမရှိပါဘူး။ ရွေးကောက်ပွဲကော်မရှင်ဥပဒေအရ နိုင်ငံရေးပါတီတစ်ခုဟာ မဲဆန္ဒနယ် သုံးနယ်ဝင်ရောက်ယှဉ်ပြိုင်မှုမရှိလျှင် ပါတီဖျက်သိမ်းရမယ်လို့ ပြဋ္ဌာန်းချက်ရှိပါတယ်။

ဒါကြောင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ရွေးကောက်ပွဲတွေကို မဖြစ်မနေ ဝင်ရောက်ယှဉ်ပြိုင်ပေးရလေ့ရှိပါတယ်။ မိဘပြည်သူများရှင် ပါတီဝင်တွေကိုလည်း အစိုးရဖွဲ့နိုင်တဲ့ အာဏာမျိုးသာမက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရာထူးရယူတာမျိုးအထိကို ရင်ခုန်စိတ်လှုပ်ရှားဖို့၊ မျှော်လင့်တောင့်တဖို့ မသွန်သင်ပါဘူး။ နိုင်ငံရေးစနစ်အကြောင်း၊ စီးပွားရေးစနစ်တွေအကြောင်း၊ အစွန်းရောက်ဘာသာတရားတွေ အကြောင်းကိုသာ ပြည်သူလူထုနဲ့ မိမိတို့ပါတီဝင်တွေကို လေ့လာကြဖို့ သွန်သင်ညွှန်ပြပါတယ်။ ကျွန်မတို့ရဲ့မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ အသိပညာဗဟုသုတဖြန့်ချိရေးကိုသာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာ ၂၀၁၀ ခုနှစ်ကနေ ယနေ့အချိန်အထိပါပဲ။ ပြည်သူလူထုကြီးတစ်ရပ်လုံးအနေနဲ့ ကျွန်မတို့ပါတီရဲ့ အင်တာနက်စာမျက်နှာတွေကနေ တင်ပြနေတာကို မြင်သင့်သလောက်မြင်နေရပါတယ်။ ပျံ့နှံ့မှုကတော့ အားနည်းတာကို ကျွန်မတို့လက်ခံပါတယ်။ ပြည်သူအများစုအနေနဲ့ အာဏာယှဉ်ပြိုင်မှုကိုသာ နိုင်ငံရေးအဖြစ် ရှုမြင်ဆဲကာလဖြစ်တာကြောင့် ကျွန်မတို့တင်ပြနေမှုတွေကို နိုင်ငံရေးစာပေအဖြစ် လက်ခံဖတ်ရှုလေ့လာဖို့အရာမှာ စိတ်ဝင်စားမှုနည်းပါးနေကြတယ်လို့ ရှုမြင်ထားပါတယ်။ ဒီမိုကရေစီစနစ်ကို ကျွန်မတို့ ချစ်မြတ်နိုးရတာက အာဏာကြောင့်မဟုတ်ပါဘူး။ ဘုရင်စနစ်မှာလည်း ဘုရင်ဖြစ်ရင်၊ အမတ်ချုပ်ကြီးဖြစ်ရင်၊ စစ်သူကြီးဖြစ်ရင် လုပ်ချင်တာကို လုပ်နိုင်ကြတာပါပဲ။ အဲသလိုရာထူးအာဏာတွေရမှ လုပ်ချင်တာ လုပ်နိုင်တယ်ဆိုရင် ကျွန်မတို့ဟာ ဒီမိုကရေစီကို ရေဆာသလို ငတ်မွတ်တောင့်တနေဖို့မလိုပါဘူး။ ဒီမိုကရေစီစနစ်မှာ ပေးထားတဲ့ လွတ်လပ်စွာပြောဆိုရေးသား ဖြန့်ချိမှုကို အသုံးချပြီး သာမန်အရပ်သားပြည်သူတစ်ယောက်ဟာ မိမိတို့စိတ်ကူး ဆန္ဒတွေကို အကောင်အထည်ဖော်ခွင့်ရနိုင်ပါတယ်။ သာမန်အရပ်သားပြည်သူတစ်ယောက်ရဲ့ အတွေးအမြင်စိတ်ကူးစိတ်သန်း၊ ရပ်တည်ချက်တွေကို ဖြန့်ဝေရင်း အခြားသောပြည်သူလူထုအများစုကပါ စိတ်တူကိုယ်တူ ဆန္ဒတူဖြစ်လာခဲ့ရင် အာဏာရှိသူတွေ၊ ရာထူးရှိသူတွေက မဖြစ်မနေလိုက်နာအကောင်အထည်ဖော်ပေးကြရစမြဲပါပဲ။ ဒါ့ကြောင့် ကျွန်မတို့ပါတီဟာ လူထုနည်းနဲ့ လူထုအာဏာကို အစိုးရတွေလိုက်နာအကောင်အထည်ဖော်ကြဖို့ လှုံ့ဆော်တဲ့ပါတီတစ်ရပ်ဖြစ်ပါတယ်။ ဒီအချက်ဟာ ကျွန်မတို့ပါတီရဲ့ ထူးခြားချက်ဖြစ်ပါတယ်။ ကျန်ပါတီတွေနဲ့ ပြည်သူအများစုက ကျွန်မတို့ပါတီရဲ့ အခုလုပ်ဆောင်ချက်ကို နားမလည်တာတွေရှိကောင်းရှိနိုင်ပါတယ်။ အသစ်အဆန်းသဘောမျိုးဖြစ်နေတဲ့အခါ နားမလည်တာဖြစ်နိုင်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုထောင်ရင် အာဏာရဖို့ လိုအပ်တယ်ဆိုတဲ့ ရေးအစဉ်အလာတစ်ခုကနေ ဒီမိုကရေစီခွင်ထဲမှာ ပြည်သူနဲ့အစဉ်အဆက် အစိုးရအဆက်ဆက်ကြား ပေါင်းကူးပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထူထောင်ထားတယ်လို့ နားလည်ပေးစေချင်ပါတယ်။ ကျွန်မတို့ပါတီရဲ့ လိုဂိုတံဆိပ်ကတော့ ရောင်စဉ်လှိုင်းတွေကို သရုပ်ဖော်ထားတာပဲဖြစ်ပါတယ်။ ကမ္ဘာလုံးသဏ္ဍာန်ကို ရောင်စဉ်လေးမျိုးနဲ့ လှည့်ပတ်နေတဲ့ နိမိတ်ပုံဟာ ခေတ်မီဆက်သွယ်ရေးကိရိယာတွေကို အသုံးပြုပြီး အယူအဆသဘောတရား အတွေးအမြင်တွေကို ဖြန့်ကြက်မယ်လို့ သရုပ်ဖော်နေတာပဲဖြစ်ပါတယ်။ ပါတီထူထောင်စဉ်ကာလမှာ အင်တာနက်အသုံးပြုသူတွေ အလွန်နည်းပါးခဲ့ပေမယ့် ယနေ့အချိန်မှာတော့ တောရောမြို့ပါမကျန် အင်တာနက်ကို အသုံးပြုလာကြပြီဖြစ်ပါတယ်။ ယနေ့ခေတ်မှာ တောချုံချောင်ကြားကနေ မြို့လယ်အထိ အင်တာနက်ကွန်ရက်သတင်းတွေ ပျံ့နှံ့နေပြီဖြစ်ပါတယ်။ တောတောင်တွေထဲမှာ တစ်စုံတစ်ခု ဖြစ်ပျက်နေပြီဆိုရင် နိုင်ငံတော်သမ္မတအထိ အလွယ်သိရှိနိုင်ပြီ ဖြစ်ပါတယ်။

မတရားမှုများ –
အဂတိလိုက်စားမှုများ –
စီမံခန့်ခွဲမှုအလွဲများ –
ခိုးဆိုးနှိုက်များ –
စစ်ရေးပြဿနာ –
ငြိမ်းချမ်းရေးအတွေးမြင် –
ဈေးကွက်စီးပွားရေးစံချိုးဖောက်မှု –
ပညာရေး/ကျန်းမာရေး –

စသည်ဖြင့် အထွေထွေလူထုပြဿနာများကို နေ့စဉ်ဖုံးကွယ်ခြင်းငှာ မစွမ်းနိုင်တော့ပါဘူး။

မိဘပြည်သူများရှင် မင်းဆိုး၊ အစိုးရဆိုးမှန်သမျှကို ရန်သူမျိုးငါးပါးထဲ ထည့်သွင်းရေတွက်ပြထားတဲ့ ဗုဒ္ဓဘာသာအခြေခံလူများစုဟာ မင်း၊ အစိုးရကို ထိန်းကျောင်းနိုင်တဲ့ အခွင့်အရေးရဖို့ ဒီမိုကရေစီခွင်ထဲမှာပဲ ဖြစ်နိုင်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေး ရေစီးကြောင်းမှာ အစိုးရအဆက်ဆက် ပြောင်းလဲသွားကြရပေမယ့် ပြည်သူကတော့ ထာဝရသဘောဆောင်ပါတယ်။ နိုင်ငံတော်ဆိုတာကလည်း နယ်နိမိတ်နဲ့ပြည်သူပေါင်းထားခြင်းဖြစ်ပါတယ်။ ပြည်သူမရှိတဲ့ ရိုးရိုးမြန်မာပြည်မြေပုံဟာ အဓိပ္ပာယ်မရှိပါဘူး။ အဓိကအဖိုးတန်ဆုံးအရာဟာ ပြည်သူပါပဲ။ ပြည်သူအများစုဟာ အစိုးရကို ထိန်းကျောင်းနိုင်လောက်တဲ့ အတွေးအမြင် အသိတရားရှိနေဖို့မလွဲမသွေလိုအပ်ပါတယ်။ ဒါပေမယ့် အမှန်တကယ် အစိုးရတာဝန်ရှိသူတွေဖြစ်ကြရင် အပေါ်စီးကို အလိုလိုရောက်ကြစမြဲဖြစ်လေတော့ ပြည်သူတွေအတွက်ကတော့ ငါးနှစ်သက်တမ်းအတွင်း စနစ်တကျထိန်းကျောင်းနိုင်ဖို့ အထူးလိုအပ်ပါတယ်။ ကျွန်မတို့ရဲ့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ စတင်ထူထောင်စဉ်ကတည်းက ယခုတင်ပြခဲ့ပြီးတဲ့ ပြည်သူမှအစိုးရကို အစဉ်တစိုက်ထိန်းကျောင်းနိုင်ရေးကို ဦးတည်ချက်ထားခဲ့တာသာလျှင်ဖြစ်ပါတယ်။ ပြည်သူအများစုက ကျွန်မတို့ရဲ့ ၂၁ ရာစုခေတ်သစ် လုပ်ငန်းစဉ်ကို လက်ခံဖို့ခဲယဉ်းနေသေးတာကို မြင်နေရပါတယ်။ ကျွန်မတို့ မျှော်လင့်တွက်ချက်ထားမှုနဲ့ တိုင်းတာကြည့်တဲ့အခါ ချိန်သားကိုက်တာကိုတော့ ရှုမြင်နိုင်ပါတယ်။ ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ခေတ်မီအသုံးအဆောင် သတင်းကွန်ရက်တွေကို စတင်ခံစားလာရတာ(၇)နှစ်သားလောက်ပဲ ရှိပါသေးတယ်။ ၂၀၁၂ နောက်ပိုင်းရောက်မှသာ မိတ္တူကူးစက်နဲ့ ကွန်ပျူတာတွေဟာ အများပြည်သူသုံးအဖြစ် တရားဝင်ရောက်ရှိလာသလိုဖြစ်ပါတယ်။ ဒါဟာ ဘာကို ပြန်လည်သတိရစေချင်သလဲဆိုရင် စာပေဗဟုသုတပြန့်ပွားမှုဟာ အတော်ပိတ်ဆို့ခဲ့တယ်။ တဂ်စခရင်ဖုန်းတွေနဲ့ အင်တာနက်ကို လက်ဝယ်ပိုင်ပိုင်ရရှိလာချိန်မှာတော့ စာပေကဏ္ဍတိုးတက်လာပါတယ်။ အင်တာနက်စာမျက်နှာကနေ ဥပဒေမျိုးစုံ၊ ဘာသာရေးကျမ်းစာမြန်မာပြန်မျိုးစုံ၊ နိုင်ငံရေးစာပေမျိုးစုံ၊ နိုင်ငံရေးစနစ်မျိုးစုံကို အလွယ်တကူလေ့လာနိုင်ပြီဖြစ်ပါတယ်။ အင်တာနက်ကွန်ရက်ကို သာမန်ပြည်သူတွေကို အကျိုးရှိရှိအသုံးချကြပြီး မိမိတို့ကြီးပွားရေး၊ အစိုးရထိန်းကျောင်းရေးစတဲ့လုပ်ငန်းတွေကို လုပ်ဆောင်နိုင်ပြီဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ရွေးကောက်ပွဲဥပဒေအရ မဖြစ်မနေ မဲဆန္ဒနယ်သုံးနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ပေးရပေမယ့် ထာဝရပြည်သူအဖြစ် ရပ်တည်နေကြောင်း အသိပေးလိုပါတယ်။ ပြည်သူအများစုရဲ့ အမြင်အတွေးမှန်ကန်ရေးသာလျှင် အခရာကျနေတဲ့အချိန်ကို ရောက်နေပြီဖြစ်ပြီး မိမိတို့ရဲ့လိုလားချက်ကို ဘယ်လိုနည်းလမ်းတကျ ဖော်ထုတ်ဖြန့်ဝေတောင်းဆိုကြမလဲ ဆိုတာကို အာရုံစိုက်ကြဖို့ တိုက်တွန်းလိုပါတယ်။


ပုဂ္ဂလိကကိုဗဟိုပြုတည်ဆောက်ရင် ပုဂ္ဂလိက ဈေးကွက်စီးပွားရေးစနစ်နဲ့ သွားရပါတယ်။ နိုင်ငံတော်ကို ဗဟိုပြုတည်ဆောက်ရင် စီမံကိန်းနဲ့ သွားရပါတယ်။ ဒီနှစ်မျိုးကွာဟချက်ကို ဟိုးယခင်က လည်ပတ်ခဲ့တဲ့ အမ်ပီတီစနစ်နဲ့ ယခုနောက်ပေါ်ပေါက်လာတဲ့ တယ်လီနောစနစ်နှစ်ခုကို နမူနာပေးပြီး ရှင်းပြချင်ပါတယ်။ အမ်ပီတီစနစ်ဟောင်းတုန်းက ပြည်သူအခွန်ငွေနဲ့ ဘတ်ဂျက်နဲ့သာ လည်ပတ်ရတာဖြစ်ပါတယ်။ တာဝါတိုင် တည်ဆောက်တာ၊ ဆင်းကတ်တွေကိုရိုက်ထုတ်တာ၊ ကေဘယ်တွေတပ်ဆင်တာ၊ ဝန်ထမ်းလစာ၊ ရုံးမြေနေရာနဲ့ ရုံးအဆောက်အအုံအရာအားလုံး ပြည်သူတွေရဲ့ ဘတ်ဂျက်နဲ့ တည်ဆောက်လည်ပတ်ကြရတာဖြစ်ပါတယ်။ အခုနောက်ပေါ် တယ်လီနောကတော့ အရာအားလုံး သူတို့ရဲ့ကိုယ်ပိုင်ပုဂ္ဂလိကဘတ်ဂျက်နဲ့သာ လည်ပတ်နေကြတာဖြစ်ပါတယ်။ ပြည်သူက သုံးစွဲသူအဆင့်သာဖြစ်တယ်။ ယခင် အမ်ပီတီဝန်ထမ်းတွေရဲ့ လစဉ်လစာငွေသာမက ပင်စင်လစာကိုပါ ပြည်သူ့ဘတ်ဂျက်ကပေးရတာဖြစ်ပါတယ်။ တယ်လီနောအတွက်တော့ ပြည်သူ့ဘတ်ဂျက်ကနေပေးစရာမလိုပါဘူး။ (ဒီလိုကွဲပြားပါတယ်။) အမ်ပီတီအမြတ်ရခဲ့ရင် နိုင်ငံတော်အမြတ်ဖြစ်ပြီး တယ်လီနောကို အခွန်ကောက်လို့ရတာကလည်း နိုင်ငံတော်အမြတ်ဖြစ်လာတာပါပဲ။ အမ်ပီတီအရှုံးပြခဲ့ရင် ပြည်သူတွေရှုံးတာဖြစ်ပြီး တယ်လီနောအရှုံးပြခဲ့ရင်တော့ ပြည်သူတွေရှုံးစရာမလိုပါဘူး။ ဒီလိုကွဲပြားခြားနားပါတယ်။ ဒါဟာ ပုဂ္ဂလိကဗဟိုပြုဈေးကွက်စီးပွားရေးစနစ် ကမ္ဘာတစ်လွှားမှာ အောင်ပွဲခံရခြင်းအကြောင်းရင်းပါပဲ။ လယ်ယာမြေနဲ့ပတ်သက်ပြီး ပြောရရင်လည်း ဟိုးယခင်စနစ်တွေက လယ်စိုက်သူတွေက လယ်စိုက်နေဆဲကာလပဲ လုပ်ပိုင်ခွင့်ရကြပါတယ်။ အဲဒါကို လယ်လုပ်သူလယ်ပိုင်ခွင့်လို့ ဆိုရှယ်လစ်စကားလုံးနဲ့ ခေါ်ဝေါ်ပါတယ်။ လယ်မစိုက်တော့တဲ့နေ့ ပြန်အပ်နှံအသိမ်းခံရပါတယ်။ ပေါင်နှံငှားရမ်းရောင်းချခွင့်မရှိခဲ့ပါဘူး။ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မှာ ယခင်စနစ်ဟောင်းတွေကို အပြီးပိုင်ဖျက်သိမ်းလိုက်ပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့ အစားထိုးလိုက်ပါတယ်။ ၂၀၁၂ လယ်ယာမြေဥပဒေအရပုံစံ (၇) ထုတ်ပေးပြီး ပေါင်နှံရောင်းချငှားရမ်းခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို ခွင့်ပြုမယ့်ပုံစံရှိပေမယ့် အခြားနည်းအသုံးပြုခွင့်ရဖို့ ခက်ခဲနေဆဲဖြစ်ပါတယ်။ ယနေ့ခေတ် လယ်တစ်ဧကစိုက်ပျိုးစရိတ်နဲ့ စပါးအထွက်နှုန်း၊ ဈေးနှုန်းတွက်ချက်ကြည့်ရင် စပါးတစ်ရာသီကို အမြတ်ငွေတစ်သိန်းမှ နှစ်သိန်းထိလောက်ရကြပါတယ်။ တစ်နှစ်အတွက် နှစ်သိန်းမှ လေးသိန်းအထိမြတ်နိုင်ပါတယ်။ ဒါကလည်း တောင်သူမိသားစုရဲ့ လုပ်အားကို သုညထားပြီးတွက်ချက်မှ အမြတ်ပေါ်လာတာဖြစ်ပါတယ်။ တောင်သူမိသားစုလုပ်အားကိုသာ တန်ဖိုးသင့်ရရင် ထာဝရအရှုံးပေါ်နေတယ်လို့ရှုမြင်နိုင်ပါတယ်။ ဒီပြဿနာကိုကုစားဖို့ နည်းမျိုးစုံနဲ့ ပြောနေကြပေမယ့် ကျွန်မတို့နားလည်တာကတော့ သိပ်ကိုရိုးရှင်းပါတယ်။ စပါးပိုလျှံထုတ်လုပ်မှုရှိနေသမျှကာလပတ်လုံး စပါးဈေးကောင်းမလာပါဘူး။ အခြားနည်းသုံးစွဲခွင့်ကို လယ်ကန်သင်းတင် လယ်သမားတွေရဲ့ ခွင့်ပြုထောက်ခံချက်ရရင် သုံးစွဲနိုင်ခွင့်မပေးသမျှကာလပတ်လုံး (အစိုးရဌာနဆိုင်ရာတွေရဲ့ ခွင့်ပြုချက်ကိုရမှ အခြားနည်းသုံးစွဲခွင့်ရမယ်ဆိုရင်) စပါးပိုလျှံထုတ်လုပ်မှုရှိနေပြီး တောင်သူတွေ အစဉ်တစိုက် အရှုံးပြနေမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ မကိုက်ရင်အခြားနည်းလုပ်ဖို့ပဲ လမ်းညွှန်ချင်ပါတယ်။ တောင်သူလယ်သမားဆိုတဲ့စကားရပ်ကို တောင်သူတွေကိုယ်တိုင်က ဖျက်သိမ်းပြီး မြေပိုင်ရှင်လို့ ခံယူရဲဖို့ လိုအပ်ပါပြီ။ တောင်သူအခွင့်အရေးတောင်းနေရင်း မှားယွင်းနေပြီး မြေပိုင်ရှင်အခွင့်အရေးကို ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ တောင်းယူကြရမှာသာဖြစ်ပါတယ်။ လယ်မြေတစ်ဧကပေါ် နေဗီယာမြက်စိုက်ပြီး နွားပေါက်နှစ်ကောင်ကို တစ်နှစ်လောက်ကျွေးနေရင် ဆယ့်ငါးသိန်းလောက် အမြတ်ရနိုင်ပါတယ်။ ဈေးကွက်က စပါးတွေကို ဈေးကောင်းပေးဖို့မလိုအပ်လို့ စပါးဈေးကျနေတာကို မြင်နိုင်ပါတယ်။


**မိဘပြည်သူအပေါင်းရှင့်–**


ကျွန်မတို့ပါတီကို ဆက်သွယ်ဝင်ရောက်ပြီး မြို့တိုင်းမြို့တိုင်း ဆက်သွယ်ရေးရုံးတွေဖွင့်ကြစေလိုပါတယ်။ ကျွန်မတို့ရဲ့ နည်းပေးလမ်းပြစကားလုံးတွေရဲ့တန်ဖိုးကို သိကြမယ်ဆိုရင် အတူပူးပေါင်းပါဝင်လေ့လာကြဖို့ လိုအပ်ပြီဖြစ်ကြောင်း၊ အာဏာဟာ တန်ဖိုးသိပ်ရှိတာမဟုတ်ကြောင်း၊ ပြည်သူလူများစုရဲ့ အသိပညာကသာ တန်ဖိုးရှိတာဖြစ်ကြောင်း အသိပေးနှိုးဆော်ရင်း COVID-19 ကပ်ရောဂါဘေးမှကင်းဝေးပြီး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပေးပို့ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

**ကျေးဇူးတင်ပါတယ်ရှင့်။** ။

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ















မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မြို့မငြိမ်း အပြုံး

**ဆူးငှက်**

ဒီနှစ် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်နေ့မှာ အလင်္ကာကျော်စွာ မြို့မငြိမ်း ကွယ်လွန်တာ ၆၅ နှစ်ရှိပါပြီ။

## မြန်မာသီချင်း (Modern Classic) များကို သီကုံးရေးဖွဲ့သွားခဲ့သူ

စာရေးဆရာ သတင်းစာဆရာမကြီး လူထုဒေါ်အမာက မြို့မငြိမ်းကို အခုလို ကောက်ချက်ချပါတယ်။

“မြန်မာ့တေးဂီတသမိုင်းတွင် နှစ်ကာလရှည်လျားစွာ တည်တံ့ကျန်ရစ်မည့် သတ္တိများရှိသော မြန်မာသီချင်း (Modern Classic) များကို သီကုံးရေးဖွဲ့သွားခဲ့သည့် မြို့မငြိမ်းကား အသေစော၍ နှမြောထိုက်သည့် မြန်မာ့သားကောင်းတစ်ဦးပါပေ။ ဆရာငြိမ်းသည် အနုပညာပါရမီထူးသူဖြစ်သဖြင့် အကယ်၍သာ အရင်းရှင်စနစ်အတွက် ဆရာငြိမ်းလို ငယ်ရွယ်သေးသူကို စတေးမပေးလိုက်ရပါက ဆရာငြိမ်းသည် ယခုနေအချိန်၌ သူရည်မှန်းတမ်းတသည့် မြန်မာ့ဂီတကို ကမ္ဘာ့ဂီတနှင့် ရင်ပေါင်တန်းနိုင်ရေးကို ဆက်လက်၍ ကြိုးပမ်းနေဦးမည် မုချဖြစ်သည်။ သို့ကြိုးပမ်းရင်း သူကပူဆာ၊ ငါကပူဆာကြမှုများကြောင့် ချစ်စဖွယ် ဆန်းကြယ်သည့် မြန်မာ့တေးသီချင်းကလေးတွေကိုလည်း တစ်ပုဒ်ပြီးတစ်ပုဒ် သီကုံးရေးဖွဲ့နေဦးမည် ဧကန်ဖြစ်သည်။

မြို့မဆရာငြိမ်းကို ပြည်သူက သိသည်မှာ သီချင်းရေးဆရာဟူ၍သာ သိကြသည်။ သို့သော် ဆရာငြိမ်း၏ ရည်မှန်းချက်နှင့် သူတစ်သက်လုံး အချိန်ပြည့်ကြိုးပမ်းသွားမှုသည် မြန်မာ့ဂီတကို ကမ္ဘာ့ဂီတအဆင့်သို့ မြှင့်တင်နိုင်ရေး တိုးမြှင့်နိုင်စေရန် ဆင်ဖိုနီ(Symphony) ခေါ် မြန်မာသံစုံတီးဝိုင်းကြီးတစ်ဝိုင်း ဖွဲ့စည်းနိုင်ရေးသာလျှင် ဖြစ်လေသည်။” …တဲ့။

## ကမ္ဘာ့ခေတ်မီ တူရိယာဝိုင်းကြီး ဖြစ်မြောက်ရေး

၁၉၂၅ ခုနှစ်မှာ ဦးဘသက်၊ ခေါ်းတန်းကိုသန့်၊ ကိုဘအုန်း၊ ကိုဘငွေ၊ကိုလှဒင်၊ကိုမြသိန်းတို့နှင့်အတူ ဗုဒ္ဓဝေယျာဝစ္စ မြို့မအပျော်တမ်း တူရိယာအသင်းကို တည်ထောင်ခဲ့တယ်။ လိုအပ်တဲ့ တူရိယာပစ္စည်းများနှင့် ငွေကြေးအချို့ကိုလည်း ဆိုင်းတန်းရပ် အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံကစိုက်ထုတ်ပေးခဲ့တယ်။ ၁၉၂၈ ခုနှစ်ကစပြီး မြို့မအသင်းသားများကို ခေါ်းတန်းကိုသန့်နှင့်ပေါင်းပြီး အနောက်တိုင်း ဂီတသင်္ကေတပညာများ သင်ကြားပေးခဲ့တယ်။ မောင်ကျော်ညိန်း(ဝါ)မြို့မငြိမ်း ပါဝင် စုစည်းခဲ့ကြတဲ့ မြို့မတူရိယာအသင်းကလည်း…

(က) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး၊

(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြား တတ်မြောက်ရေး၊

(ဂ) music note အမှတ်အသားပညာဖြင့် ရေးသားထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်၊

(ဃ) ကမ္ဘာ့ခေတ်မီ တူရိယာဝိုင်းကြီး ဖြစ်မြောက်ရေး၊

(င) ရှေးမြန်မာ သီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော music note ပညာဖြင့် ကူးပြောင်းလေ့လာရန်၊

(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင် တတ်အားသမျှ အားပေးကူညီရန်၊

ဆိုတဲ့ ရည်ရွယ်ချက်များ ချမှတ်ခဲ့တဲ့အတွက် မြန်မာသီချင်းကြီးတွေကို ခေတ်မီအနောက်တိုင်း တူရိယာပစ္စည်းများဖြင့် ဂီတသင်္ကေတပညာ အသုံးပြုကာ တီးမှုတ်ရေးမှာ ရောမ ကနဦး စွန့်စားမှုကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ၁၉၃၀–၃၁ခုနှစ်များတွင် မဟာဂီတသီချင်းကြီးများကို အနောက်တိုင်းတူရိယာ၊ အနောက်တိုင်း ဂီတသင်္ကေတများဖြင့် ဝိုင်းဖွဲ့ တီးမှုတ်မှုကို ဦးတည်နိုင်ရေးအတွက် မြို့မ တူရိယာအသင်းကို ဦးဆောင်ပြီး “တောမြိုင်ခြေလမ်း” ယိုးဒယားသီချင်းကြီးကို အနောက်တိုင်း တူရိယာ၊ အနောက်တိုင်း သင်္ကေတများဖြင့် ဝိုင်းဖွဲ့ကာ စတင်တီးမှုတ်ခဲ့တယ်။

## မြန်မာသီချင်းကြီးတွေကို music note တို့နှင့် မှတ်တမ်းတင် တီးမှုတ်၍ ရ,မရ

၁၉၅၂ ခုနှစ်မှာ ဝန်ကြီးတစ်ဦးဖြစ်သူ ဦးထွန်းဖေရဲ့ မေးမြန်းချက်အရ မြန်မာသီချင်းကြီးတွေကို music note တို့နှင့် မှတ်တမ်းတင် တီးမှုတ်၍ ရ,မရဆိုတဲ့ မေးခွန်းအပေါ် “စံရာတောင်ကျွန်း” ကြိုးသီချင်းကြီးကို မြို့မအသင်းသားများက တီးမှုတ်စေကာ သက်သေပြခဲ့တယ်။ တကယ်တော့ မြန်မာသီချင်းကြီးတွေကို ဂီတသင်္ကေတအသုံးပြုပြီး ခေတ်မီတူရိယာပစ္စည်းတွေနှင့် တီးမှုတ်နေတာ မြို့မ စတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၂၈ခုနှစ်ကတည်းကပါပဲ။ ဒါကြောင့် ဝန်ကြီးက မြန်မာသီချင်းကြီးတွေကို ကမ္ဘာသုံးသင်္ကေတနှင့် ရေးသားပြုစုထိန်းသိမ်းရင် နောင်အရှည်သဖြင့် အကျိုးများဖွယ်ရှိကြောင်း နားလည်သဘောပေါက်တော့ ကက်ဘိနက်တွင် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ချက်ရယူကာ နောက်တစ်နှစ်အကြာ (၁၉၅၃ခု၊ ဧပြီလ) မှာ မဟာဂီတ အကြံပေးအဖွဲ့ဖွဲ့ပြီး မဟာဂီတသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်းနှင့် မူမှန်စံပြထားရှိရေး၊ အမှတ် သင်္ကေတပြုရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ်သံထွက် ပြုလုပ်ရေးကိစ္စကို ဆောင်ရွက်ခဲ့တယ်။

၁၉၅၃ ခုနှစ် ပီကင်း (ယခုဘီဂျင်း)မှာကျင်းပမယ့် ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံအတွက် “ကမ္ဘာ့ငြိမ်းချမ်းရေး” သီချင်းကို ရေးစပ်ခဲ့တယ်။ “ကမ္ဘာ့ငြိမ်းချမ်းရေး” သီချင်းကို ရေးစပ်ခဲ့လို့ အဲဒီကာလ အာဏာရအစိုးရရဲ့ ငြိုငြင်ခြင်းကို ခံခဲ့ရသေးတယ်။

## ဂီတမှာ နယ်နိမိတ်မရှိ၊ လူမျိုးမခွဲခြား၊ ကန့်သတ်မှုမထားအပ်

၁၉၅၄ ခုနှစ်မှာတော့ မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်မှာ ဂီတမှူးအဖြစ် တာဝန်ယူကာ Musical Picture ကားပိုင်းတိုများနှင့်အတူ အငြိမ့်တိမ်ထိုး၊ ရွှေအိုးစည်တီးကွက်၊ တိမ်လွှာမို့မိုလွင်နှင့် အိမ်သူပီပီသီချင်းတို့ကို တီထွင် တီးမှုတ် ကြိုးပမ်းခဲ့တယ်။ ဆရာမြို့မငြိမ်းရဲ့ ဂီတအလုပ်ဆိုတာက သီချင်းတွေရေးရုံနဲ့ တင်းတိမ်ကျေနပ်အချိန်ကုန်ခဲ့တာ မဟုတ်ခဲ့ဘူး။ ဆရာ့ရည်ရွယ်ချက်၊ ဆရာ့စိတ်ကူးစိတ်သန်းက မြို့မတူရိယာအသင်း စတင် သန္ဓေတည်စဉ်ကတည်းက မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်စေဖို့နှင့် ဆင်ဖိုနီခေါ် မြန်မာ့သံစုံတီးဝိုင်းကြီး ဖွဲ့စည်းနိုင်ရေးကို ရည်ရွယ်ဦးတည် ကြိုးပမ်းခဲ့ခြင်းဖြစ်တယ်။ ဂီတနှင့်ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ် မြင့်မြင့်မားမား စိတ်ကူးထားသူဖြစ်တယ်။ ဂီတမှာ နယ်နိမိတ်မရှိ၊ လူမျိုးမခွဲခြား၊ ကန့်သတ်မှုမထားအပ်၊ လူသားအားလုံးပိုင် ပစ္စည်းအဖြစ်လို့ ယုံကြည်တယ်။ ဂီတဟာ အလွန်လေးနက်သည့်သဘောရှိတယ်လို့ခံယူသူလည်းဖြစ်တယ်။ စာဖြင့် ဖွဲ့မပြနိုင်တဲ့ ရင်ဖြင့်ခံစားမှုကို ဂီတဖြင့် ဖော်လှစ်နိုင်တယ်ဆိုတာ ဆရာမြို့မငြိမ်းက အကြွင်းမဲ့လက်ခံတယ်။ ဒါကြောင့် နားဖြင့်သာမက ရင်ဖြင့်ခံစားနိုင်တဲ့ ဂီတမျိုးကို ဆရာက ဖွဲ့ချင်တာဖြစ်တယ်။

## စိတ်ကောင်းနှလုံးကောင်း အလွန်ရှိသူ

ဒီလိုရည်မှန်းချက် ကြီးမားလှတဲ့ မြို့မငြိမ်းဟာ မြို့မ တူရိယာအသင်းနှင့်အတူ မြို့မကို ကမ္ဘာ့အဆင့်မီ သံစုံတီးဝိုင်းကြီးအသွင် ဖွဲ့စည်းနိုင်ရေးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာပါ။ သူရေးဖွဲ့ခဲ့သမျှ သီချင်းတွေကလည်း မြန်မာ့မဟာဂီတနှင့် နိုင်ငံတကာဂီတ ပူးပေါင်းအသွင်ဆန်းစေပြီး သင်္ကေတနည်းစနစ်နဲ့ ဝိုင်းဖွဲ့တီးမှုတ် တီးခတ်နိုင်မှုအတွက် ဖန်တီးခဲ့တာချည်းပါပဲ။



မြို့မတူရိယာအသင်း

ဒီလို ရည်ရွယ်ချက် ကြီးမားပေမယ့်လည်း မြို့မငြိမ်းဟာ အနေအထိုင် ရိုးသားတယ်။ ပြင်ပဟန်ပန် အမူအရာက သိမ်မွေ့တယ်။ အပြောအဆို ညင်သာ အေးဆေးတယ်။ သူတစ်ပါးအပေါ် ငဲ့ညှာအားနာမှုက ထူးခြားတယ်။ ဒီအချက်အလက်တွေကို ဒေါ်ဒေါ်လူထုဒေါ် အမာက …

“ဆရာငြိမ်း၏ စိတ်နေစိတ်ထားမှာ ပညာနှင့်ပတ်သက်၍ ဝမ်းထဲ မာနကြီးသည်မှအပ စိတ်ကောင်းနှလုံးကောင်း အလွန်ရှိသူဖြစ်သည်။ ဘယ်သူ့ကိုမှ မကောင်းမပြော။ ဘယ်သူနှင့်မျှ ခိုက်ရန်ဖြစ်ပွားခြင်းမရှိ။ အပေါင်းအသင်းလည်း ကျယ်ကျယ်ဝန်းဝန်း ထားသူမဟုတ်” ဆိုတဲ့ ဝါကျတွေနှင့် သရုပ်ဖော်ခဲ့တယ်။ ဆရာငြိမ်းရဲ့ ရုပ်ရည်နှင့်ပတ်သက်ပြီးလည်း–

“ဆရာငြိမ်း၏ ရုပ်မှာ နှာတံပေါ်ပေါ် မျက်နှာသွယ်သွယ်နှင့် ရုပ်ရည်ချောမောလှပသူဖြစ်သည်။ အသားဖြူဖြူ၊ အရေပါးပါး၊ ပခုံး ကျယ်ကျယ်၊ လူကနည်းနည်းကိုင်းသည်။ ဆရာငြိမ်း၏မျက်လုံးသည် သူများနှင့်မတူအတော်ထူသည်။ ထူးထူးခြားခြား တောက်ပ၍ သူ တစ်စုံတစ်ခုကို တွေးသည့်အခါ သူငယ်အိမ်နှစ်ခုမှာ ခုန်နေသူဖြစ်သည်…”လို့ ဆိုပြန်တယ်။

## ဆန့်ကျင်ဘက်လက္ခဏာနှစ်ခု ပေါင်းဆုံရာ

ဒီတော့ မြို့မငြိမ်းနှင့် ဂီတလုပ်ဖော်လုပ်ဖက်များအနေနှင့်ရော …၊ မိသားစုအနေနှင့်ရော…၊ ဆရာငြိမ်းကို သိမီသူများကရော…၊ စိတ်ထားနူးညံ့သိမ်မွေ့နှိမ့်ချပြီး ဂီတနှင့်ပတ်သက်ရင်တော့ အလေးအနက်ထားလွန်း၊ ဖွဲ့နဘဲကြီးလွန်း၊ စိတ်ခတ်ထက်သန်လွန်းသူလို့ ကောက်ချက်ချကြတယ်။

ပြောရရင်တော့ ဆန့်ကျင်ဘက်လက္ခဏာနှစ်ခု ပေါင်းဆုံရာပဲပေ့ါ။ ဒီတော့ ပြုံးခဲပေမယ့် ပြုံးပြန်ရင်လည်း ကျေနပ်ပြုံးလား၊ မချိပြုံးလား …၊ မဲ့ပြုံးလား၊ ဝမ်းသာပြုံးလား ဆိုတာလည်း ခွဲခြားရခက်လှသတဲ့ …။

ဆရာမြို့မငြိမ်းရဲ့ စရိုက်လက္ခဏာကို ပေါ်လွင်ဆုံးကရှားရှားပါးပါး ကျန်ရစ်ခဲ့တဲ့ ဓာတ်ပုံလေးတစ်ပုံပါ။ ဆရာငြိမ်းနှင့်ပတ်သက်တဲ့ ဓာတ်ပုံဟာ များများစားစား မရှိပေမယ့် ဒီတစ်ပုံကတော့ တစ်ပုံဆိုသလောက် သရုပ်ပီလှတဲ့ ဓာတ်ပုံလို့ ဆိုကြပါတယ်။ တစ်ကိုယ်လုံးပေါ်မဟုတ်ဘဲ သုံးချိုးနှစ်ချိုးမျှသာပေါ်တဲ့ ဒီပုံဟာ အမှတ်တမဲ့ ရိုက်လိုက်တဲ့ ပုံလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လက်လေးက ကွေးပြီးကိုယ့်ရှေ့မှာ ပိုက်ထားတယ်။ လက်လေးဖြန့်ကာ လက်မလေးဝှက်ထားပုံက နှိမ့်ချစိတ်၊ နူးညံ့သိမ်မွေ့စိတ်ကို ဖော်ပြနေသည်။ ညာဖက်လက်မှာက လက်စွဲတော်ဆေးပေ့ါလိပ်လေး မီးညှိလျက်နဲ့ လက်ညှိုးနဲ့ လက်ခလယ်ကြား ညှပ်ထားလေရဲ့…၊ ခါးလေးက ရှပ်ပြီး သက်သောင့်သက်သာ နေထိုင်ပုံကလည်း ရောင့်ရဲတင်းတိမ်တဲ့စရိုက်ပါပဲ…။ ဒါပေမယ့် ဆံတံခွန်နှင့် ကျယ်ပြန့်တဲ့ နဖူးက ရည်ရွယ်ချက် ကြီးတယ်။ အမြော်အမြင်မြင့်မားတယ်။ နက်မှောင်တဲ့ မျက်ခုံးနှစ်ဖက်အောက်က မျက်ဝန်းတွေက ပညာမာနနှင့်အတူ လေးနက်စူးရှ မဖြစ်မနေ ဇွဲသတ္တိကို ပြနေလေရဲ့…။ ဒီဓာတ်ပုံလေးက မြို့မငြိမ်းရဲ့ အမှတ်လက္ခဏာပါပဲ…။ ပြုံးနေတဲ့ နှုတ်ခမ်းနဲ့ အပြုံးကြောင့် တွန့်နေတဲ့ပါးရဲ့ အရေးအကြောင်းတွေက ပုံကို ပိုမိုအားကောင်းစေတာပါပဲ။ ဓာတ်ပုံထဲက မြို့မငြိမ်းဟာ ကျေနပ်ပီတိအပြုံးကို ကြည့်သူရင်ထဲအထိ ပေးစွမ်းနိုင်ခဲ့တယ်။

## မြို့မငြိမ်းရဲ့ အပြုံး

ဒါကြောင့် သားမက်ဖြစ်သူ ပန်းချီကျော် ပေါ်ဦးသက်ကလည်း မြို့မငြိမ်းရဲ့ ကောက်ကြောင်းကို ဒီဓာတ်ပုံကပဲ ယူတယ်။ မိတယ် …။ အလားတူ … တူသားလိုချစ်တဲ့ စွယ်စုံအနုပညာရှင် ဦးဝင်းဖေကလည်း သူ့ဦးလေး … မြို့မငြိမ်း ပုံရိပ်ကောက်ကြောင်းကို ဒီဓာတ်ပုံကပဲ ယူပါတယ်။ ဒါလည်း မိတာပါပဲ။ ပန်းချီကျော် နှစ်ဦးစလုံးဟာ ဆရာငြိမ်းစရိုက်ကို မတူညီတဲ့ လိုင်းတွေနှင့် အမိအရ ယူနိုင်ကြတယ်။ ဒီ ကောက်ကြောင်းနှစ်ပုံက အပြုံးတွေကလည်း ဓာတ်ပုံအပြုံးနှင့်ထပ်တူ …။ ပီတိပြုံး။

၂၀၀၉ခုနှစ်က ပြည့်မြောက်တဲ့ မြို့မငြိမ်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် မြို့မငြိမ်း ပုံတူကြေးသွန်းရုပ်တုကိုလည်း အားလုံးသဘောတူညီစွာနှင့် ဒီ … ဓာတ်ပုံထဲက ပုံကိုပဲ အတည်ပြုလိုက်ကြတယ်။ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ရဲ့ ကြီးကြပ်မှုနှင့် ကြေးသွန်းပညာရှင် ဦးလှမြင့် (ပြည့်ဂ ကြေးသွန်းလုပ်ငန်း) က ပုံထုတ်သွန်းလောင်းတယ်။ ကြေးရုပ်ထဲက မြို့မငြိမ်းရဲ့ အပြုံးကလည်း ဓာတ်ပုံထဲကလို …၊ ကောက်ကြောင်း ပန်းချီထဲကလိုအပြုံး…၊ ကျေနပ်ပြုံး …၊ ပီတိပြုံး …။

ဒီနှစ် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်နေ့မှာ အလင်္ကာကျော်စွာ မြို့မငြိမ်း ကွယ်လွန်တာ ၆၅ နှစ်ရှိပါပြီ။ လာမယ့် ၂၀၂၅ခုနှစ်ဆိုရင်လည်း သူပါဝင် တည်ထောင်ခဲ့တဲ့ မြို့မတူရိယာအသင်းက သက်တမ်း ၁၀၀ပြည့်ပါမယ်။ မြို့မတူရိယာအသင်း ရာပြည့်မှာ မြို့မငြိမ်းကိုယ်တိုင် ဦးဆောင်ချမှတ်ခဲ့တဲ့ အသင်းရဲ့ ဂီတရည်ရွယ်ချက်တွေနဲ့ ဘယ်လို၊ ဘယ်လောက်၊ ဘယ်ကဲ့သို့ ဖော်ဆောင် ခိုင်ခံ့ ဂုဏ်ပြုကြမလဲဆိုတာ တာဝတိံသာက စောင့်ကြည့်နေမှာ သေချာတယ်။ သူ့ကိုယ်ပိုင် အပြုံးလေးနဲ့။ ကျေနပ်ပြုံးလား၊ မချိပြုံးလားတော့ မသိ။

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်းနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၁၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ရှိ ဆွမ်ပရာဘွမ်လမ်းမနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်အတွင်းရှိ ဆွမ်ပရာဘွမ်လမ်းမကြီး အရှည် ၂၈၇၅၈ ပေ၊ အကျယ်ပေ ၆၀ လမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းအပိုင်းအလိုက် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က AC ကတ္တရာလမ်းဖြစ်သည့်အတွက် လမ်းမျက်နှာပြင်ညီညာမှုရှိစေရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရေး၊ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လမ်းတာဝန်ခံများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနား-မန်ခိန်ရပ်ကွက်ချင်းဆက်လမ်း မိခင်လမ်းအရှည်ပေ ၃၅၀၀ ကို ကတ္တရာလမ်းခင်းကျင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် စီတာပူရပ်ကွက် ဆိမ်ဆာ့နယ်မြေအတွင်း ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဆွတ်ဂျက်လမ်း ပေ ၁၉၅၀ ကို ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)





## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရွှေဘို စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ်အတွင်းရှိ ရွှေဘို-ဆိပ်ခွန်-မုံရွာကားလမ်း ၁၈ ပေအကျယ် အဆင့်မြှင့်တင်ကတ္တရာလမ်းချဲ့ထွင်ဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီအမြန်ပြီးစီးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဆိပ်ခွန်၊ ဝါးရုံကန်၊ စောင်တန်း၊ ရေတော်မူ၊ ပန်းလှိုင် စသည့်ကျေးရွာများတွင် မိုးစပါးများ ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ တောင်သူများအတွက် စိုက်ပျိုးရေဖူလုံစွာရရှိရေးကိုလည်း အထူးအလေးထား၍ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဆိပ်ခွန်ကျေးရွာ-ဝါးရုံကန်ကျေးရွာနှင့် စောင်တန်းကျေးရွာတို့သို့ ဆက်သွယ်ထားသော မြေသားလမ်းအား ဂျင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ရေးနှင့် တံတားသစ်ဆောက်လုပ်ပေးရန်အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းကိုကို
(ယင်းမာပင်)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ကွင်းဆင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဝါထွန်းဟိုတယ်သို့ သွားရောက်၍ လူနာများ ပိုမိုများပြားလာပါက ယာယီကုသဆောင်များအဖြစ် အမြန်ဆုံး အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါခံတွင်ခဲ့အတည်ပြုလူနာများအား ကုသပေးနေသည့် ပဲခူးပြည်သူ့ဆေးရုံကြီး၏ Isolation Unit(ကလီ)သို့ သွားရောက်ကြည့်ရှုကာ ပိုးတွေ့လူနာ ၅၁ ဦးအား ကုသစောင့်ရှောက်ပေးနေမှု၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား အာဟာရကျွေးမွေးနေမှု၊ ရေသန့်ရရှိနိုင်မှု၊ လုံခြုံရေးဆောင်ရွက်ပေးနေမှု အခြေအနေများအား ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းတကော်မြို့ စစ်ဆေးရေးဂိတ်သို့ သွားရောက်စစ်ဆေးပြီး တာဝန်ကျဝန်ထမ်းများအတွက် ကျန်းမာရေးအကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကာ ပဲခူးတက္ကသိုလ်အတွင်း ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာလုပ်အားရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ကျန်းမာရေးအကာအကွယ်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



## မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေပိုမိုရရှိစေရန် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မုန့်ဖုတ်နည်းသင်တန်း ဖွင့်လှစ်ပို့ချ



**ရန်ကုန် စက်တင်ဘာ ၁၃**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အနေဖြင့် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းသင်တန်းအခွင့်အလမ်းများ ပိုမိုလက်လှမ်းမီရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများပိုမိုရရှိကာ ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏မိသားစုနှင့် လူ့အသိုင်းအဝိုင်းအား ပြန်လည်မျှဝေအကျိုးပြုနိုင်ရန် ရည်ရွယ်၍ မုန့်ဖုတ်နည်းသင်တန်း (Professional Bakery Training) ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမုန့်ဖုတ်နည်းသင်တန်း Professional Bakery Training(၂/၂၀၂၀) အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ KODDI ၏ ရန်ပုံငွေကူညီပံ့ပိုးမှုတို့ဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က ရန်ကုန်မြို့ သုဝဏ္ဏကြီးပွားရေးရပ်ကွက်ရှိ Golden Hope Training Centre တွင် စက်တင်ဘာ ၃ ရက်မှ စတင်ကာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေခြင်း ဖြစ်သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်မြို့တွင်းမှ သင်တန်းသားများအတွက် နေ့စဉ်ခရီးစရိတ်ပံ့ပိုးပေးထားပြီး နယ်မှလာသူများအတွက် နေရာထိုင်ခင်းနှင့် နေ့စဉ်စားစရိတ်များ ထောက်ပံ့ပေးကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း မုန့်ဖုတ်နည်းနှင့် ကော်ဖီဖျော်စပ်နည်းသင်တန်း (Coffee and Bakery Training) ငါးကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း အဆိုပါသင်တန်းများကို ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူများအား ဟိုတယ်များ၊ မုန့်နှင့် ကော်ဖီဆိုင်များသို့ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးမည်ဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မှ သိရသည်။

ယင်းသင်တန်းတွင် သင်တန်းသား သင်တန်းသူကိုးဦး တက်ရောက်သင်ကြားနေပြီး သင်တန်းကာလမှာ စာတွေ့လက်တွေ့ တစ်လနှင့် အလုပ်သင်ကာလနှစ်လ စုစုပေါင်း သုံးလကြာမြင့်မည်ဖြစ်ပြီး မကြာမီထပ်မံဖွင့်လှစ်မည့် မုန့်ဖုတ်နည်းသင်တန်း Professional Bakery Training (၃/၂၀၂၀) အတွက်လည်း သင်တန်းသားများ စိစစ်ရွေးချယ် ခေါ်ယူလျက်ရှိကြောင်း သိရသည်။ **ရာမည**

## ထန်းတပင်၌ နှာခေါင်းစည်းနှင့် မျက်နှာကာများ အခမဲ့ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တာဝန်ရှိသူများနှင့် မြို့မပရဟိတလူငယ်အဖွဲ့ဝင်များပူးပေါင်းကာ နှာခေါင်းစည်းနှင့် မျက်နှာကာများ(အခမဲ့)ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ထန်းတပင်မြို့မဈေး၊ ဈေးရှေ့နှင့် လမ်းဆုံကားဂိတ်တို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နှာခေါင်းစည်းနှင့် မျက်နှာကာများဖြန့်ဝေရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဌေးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့မ ပရဟိတလူငယ်အဖွဲ့ဝင်များက ထန်းတပင်မြို့မဈေးရှိ ဈေးသည်များအား နှာခေါင်းစည်းများနှင့် မျက်နှာကာများကို (အခမဲ့) ဖြန့်ဝေပေးခဲ့ကြပြီး မြို့မဈေးသို့လာရောက်ကာ ဈေးဝယ်ကြသူများ၊ ဈေးရှေ့၊ လမ်းဆုံကားဂိတ်တို့တွင် ဖြတ်သန်းသွားလာနေကြသူများနှင့် တက္ကစီယာဉ်မောင်းများကိုလည်း နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခဲ့ကြပြီး နှာခေါင်းစည်းတပ်ဆင်သွားလာရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထန်းတပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဈေးရောင်း၊ ဈေးဝယ်များ၊ ဈေးရှေ့နှင့် လမ်းဆုံကားဂိတ်တို့တွင် ဖြတ်သန်းသွားလာနေကြသူများအား နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာရာ၌ နှာခေါင်းစည်းတပ်ဆင်သွားလာနိုင်စေရေးအတွက် နှာခေါင်းစည်းများကို ဖြန့်ဝေဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရပြီး မြို့မပရဟိတလူငယ်အဖွဲ့ဝင်များက အလှူရှင်များကိုယ်စား နှာခေါင်းစည်းများနှင့် မျက်နှာကာများကို ဖြန့်ဝေဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက် (ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ည ၇ နာရီ တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် Stay at home သတ်မှတ်ထားရှိသော ဗဟန်းမြို့နယ် အတွင်းရှိ ကိုယ့်မင်းကိုယ့်ချင်း ရပ်ကွက်၌ လူအဝင်အထွက်များအား လမ်းအလိုက်၊ အပိုင်းအလိုက် ကန့်သတ်ပိတ်ဆို့ထားခြင်းများ မရှိစေရေး၊ ရပ်ကွက်နေ ပြည်သူများ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ရေး၊ ထုတ်ပြန်ထားရှိသော စည်းမျဉ်းစည်းကမ်းအတိုင်း တိကျစွာလိုက်နာရေးအတွက် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားသည့် လုပ်ဆောင်မှုများကို အသီးသီးရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးလမ်းညွှန်ပြီး လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**အောင်မြင့် (ပြန်/ဆက်)**

## အသွားအလာကန့်သတ်နေထိုင်သူအိမ်ထောင်စုများအား အစားအသောက်နှင့် ရေသန့်ဘူးများထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ တွေ့ရှိခဲ့ရာ ပိုးတွေ့လူနာများနှင့် ထိတွေ့ဆက်ဆံမှုများရှိခဲ့သူများကို မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီက မြို့နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားခြင်းများမဖြစ်ပေါ်စေရေး၊ ကာကွယ်ထိန်းချုပ်နိုင်ရေးတို့အတွက် မိမိတို့နေအိမ်များတွင် အသွားအလာကန့်သတ်ဆောင်ရွက်ထားရှိခဲ့ပြီး အဆိုပါအသွားအလာကန့်သတ်နေထိုင်သူပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ အသွားအလာကန့်သတ်ထားသူများအား We Love Myanmar Thingangyun အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် အစားအသောက်နှင့် ရေသန့်ဘူးများကို Social Distancing နှင့်အညီ လာရောက်ထောက်ပံ့ပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့တို့ကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**



## ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ဟားခါး စက်တင်ဘာ ၁၃**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ရောဂါဖြစ်ပွားသည့်ဒေသမှ ဝင်ရောက်လာသည့်ခရီးသည်များအား စနစ်တကျ စစ်ဆေးဆောင်ရွက်ရေး၊ မလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုကြစေရန်နှင့် တရားဝင် ဖွင့်လှစ်ထားသည့် ရိဒ်၊ ခင်မန်းစသည့် နယ်စပ်ဝင်ပေါက်ဂိတ်များတွင် စနစ်တကျစစ်ဆေးရန်တို့ကို ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရုံး၊ ဌာနများသို့ ပြင်ပပုဂ္ဂိုလ်များ ဝင်ရောက်ခွင့်မပြုရန်နှင့် စာများပေးပို့ရာတွင် စာပေးစာယူဌာနနှင့်သာ ဆက်သွယ်ဆောင်ရွက်စေရေး၊ ယာဉ်လိုင်းများက ခရီးသည်များ၏ အချက်အလက်အပြည့်အစုံနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ထုတ်ပြန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်က ညမထွက်ရ ဒေသန္တရအမိန့် သက်တမ်းတိုးထုတ်ပြန်ရန်၊ ရောဂါဖြစ်ပွားသည့်ဒေသမှ ဝင်ရောက်သူများ မဖြစ်မနေ Quarantine ဝင်ရောက်ရေး စစ်ဆေးကြပ်မတ်ရန်၊ Quarantine ဝင်သူများအား ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ဝယ်ယူစားသုံးနိုင်ရေး စီစဉ်ပေးရန်၊ ပြည်နယ်အတွင်းရှိ ဈေးများတွင် ဈေးရောင်းသူများအား အလှည့်ကျစနစ်ဖြင့် နှာခေါင်းစည်းတပ်ဆင်ပြီး ရောင်းချဝယ်ယူနိုင်ရေး ဆောင်ရွက်ရန်နှင့် အခြားကုန်တင်ဆောင်ခြင်းများမှ ခရီးသည်ယာဉ်လိုင်းများပိတ်ပါက ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် ကုန်တင်ယာဉ်များအား ဂိတ်များတွင် ကျန်းမာရေးစစ်ဆေးပြီး သွားလာခွင့်ပြုရန်လိုကြောင်း ပြောကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## ညောင်ဦးမြို့ မဏိစည်သူဈေး၌ နှာခေါင်းစည်းများဝေငှ

**ညောင်ဦး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်း/အပြင်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းလူတိုင်းတပ်ဆင်သွားလာစေရေး လှုပ်ရှားမှုအဖြစ် ယနေ့ နံနက် ၁၀ နာရီခွဲက လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ထင်ကျော်ဝင်း ဦးဆောင်သော အမှတ်(၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ်(၄)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့များက ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်းဈေးအပြင်တွင် နှာခေါင်းစည်းများအား လိုက်လံပေးဝေခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်း ဈေးဝယ်ဈေးရောင်းများအနေဖြင့် နှာခေါင်းစည်းတပ်သည့်အလေ့အကျင့်ရှိလာစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်စေရန်၊ နှာခေါင်းစည်းတပ်ခြင်းဖြင့် ကြိုတင်ကာကွယ်မှုရရှိစေရန် နှာခေါင်းစည်း အခုရေ ၁၀၀၀ လိုက်လံပေးဝေခြင်းဖြစ်ကြောင်း အရန်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူး မြတ်နိုးဦးက ပြောကြားသည်။

**ကိုထိန်(ပြန်/ဆက်)**

## မကွေး၌ နှာခေါင်းစည်းမပါဘဲ သွားလာသူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မကွေး စက်တင်ဘာ ၁၃**


မကွေးမြို့တွင်းသို့မရောက်ခင် မြို့အဝင်နေရာများ၌ နှာခေါင်းစည်း အကာအကွယ်မတပ်ဆင်ဘဲ ဖြတ်သန်းသွားလာသူများကို အသိပညာပေး၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက လုပ်ဆောင်ခဲ့ကြောင်း ပြည်သူမှ ပြည်သူသို့မျှဝေခြင်း အစီအစဉ်အဖွဲ့ထံမှ သိရသည်။

မကွေးမြို့ နတ်မောက်လမ်း Danko ဆီဆိုင်အနီးနှင့် ကန်ပြားကျေးရွာအနီးတွင် ဆိုင်ကယ်များ၊ ကျေးလက်ဒေသကားများဖြင့် မကွေးမြို့တွင်းသို့ ဝင်ရောက်လာသူများကို နှာခေါင်းစည်းအခုရေ ၃၀၀၀ ကျော် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

နှာခေါင်းစည်းများမျှဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်း၌ မကွေးခရိုင်ပြန်/ဆက်၊ မကွေးမြို့နယ် ဓမ္မကျောင်းတော်၊ ၈၈ ငြိမ်း/ပွင့်၊ မကွေး Book Club၊ Woman Club၊ ရွှေရောင်လက်များပရဟိတအဖွဲ့၊ ရင်ခွင်မဲ့ကလေးလျှော့ချရေးအဖွဲ့နှင့် မကွေးတက္ကသိုလ်ဆရာများသမဂ္ဂတို့ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာတု ( မကွေး)**


**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ငါးပါးသီလမလုံသူတို့၏ မျက်ရည်ကိုသုတ်ပေးခြင်း

စာရေးသူ အရှင်ပညာသာရာဘိဝံသ စီစဉ်ရေးသားသည့် ငါးပါးသီလမလုံသူတို့၏ မျက်ရည်ကိုသုတ်ပေးခြင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ငါးပါးသီလမလုံ ကျိုးပေါက်နေ၍ ထိုကဲ့သို့ စိုးရိမ်ပူပန်သောကရောက်ခြင်းအစား သီလလုံအောင် အချိန်မီ ထိန်းသိမ်းနိုင်ခြင်းက အကောင်းဆုံးဖြစ်၏။ သို့ရာတွင် သီလမလုံတိုင်းကား ဧကန်မုချ အပါယ်ဘုံတစ်ခုခုသို့ရောက်မည်ဟု စိုးရိမ်ခြင်းမဖြစ်သင့်၊ ထိုကဲ့သို့လည်း မယူဆရ၊ ကုသိုလ် အကုသိုလ်ကံတွင် ကုသိုလ်ကံက အားကြီး၏။ အကုသိုလ်ကံ အကျိုးမပေးဖြစ်အောင် ကုသိုလ်ကံဖြင့် တားဆီးထားနိုင်သေးကြောင်းကို သိထားဖို့လိုသည်။

စာအုပ်ကို လောကသရဖူစာအုပ်တိုက် ဖုန်း-၀၉ ၇၉၉၃၁၀၉၀၀နှင့် ၀၉ ၇၃၀၅၁၁၉၀တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## ရွှေမုဋ္ဌော ဘုရားသမိုင်း

ပခုက္ကူပဋ္ဌာန်းဆရာတော် စီစဉ်ရေးသားသည့် ရွှေမုဋ္ဌော ဘုရားသမိုင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မုဋ္ဌောစေတီကိုးဆူတည်ထားရာ၌ တစ်ဆူနှင့်တစ်ဆူ ၁၆မိုင်(ရှစ်တိုင်)အသီးသီးကွာခြားလေသည်။ အသောကမင်းကြီးသည် စေတီပေါင်းရှစ်သောင်းလေးထောင်တည်ရာတွင် သဲကျောက်စသည် ကြိုတင်စီမံ၍ လကိုရာဟုဖမ်းသော(လကြတ်သောအချိန်)တစ်ပြိုင်နက် စေတီအပြီးတည်စေပြီး လကိုရာဟုဖမ်းရာမှ လွတ်သောအချိန်နှင့် တစ်ပြိုင်တည်းပြီးစေလျှင် အမှောင်တွင်းမှ လွတ်ကင်းခြင်းဟူသော အတိတ်တဘောင် နိမိတ်ဆောင်ကာ မုတ္တောစေတီ(မုဋ္ဌောစေတီ)ဟု ဘွဲ့တော်အမည် ခေါ်တွင်ကြလေသည်။ နောင်တွင် ရွှေသက်န်းများ ကပ်လှူကြသဖြင့် ရွှေမုဋ္ဌောစေတီဟုဘွဲ့အမည် ခေါ်တွင်ခဲ့သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ ဖြန့်ချိသည်။



## ပြောပြချင်တဲ့ လောကအမြင် အတွေးရသစာစုများ

စာရေးသူ အကြီးကိုကို(ကသာ)နှင့် ဆောင်းဝင်းလတ်တို့ စီစဉ်ရေးသားသည့် ပြောပြချင်တဲ့ လောကအမြင် အတွေးရသစာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြောပြချင်တဲ့စကား၊ ကြိုဆိုပါတယ်၊ မင်္ဂလာပါ၊ စိတ်ထားတတ်ပါစေ၊ ဝမ်းသာတာပေါ့ ဒါပေမယ့်၊ ပို့စာမူ၊ တောင်းစာမူ၊ ရွေးကောက်ပွဲနဲ့ အနုပညာ၊ ထောက်ခံပွဲနဲ့ အသိပညာ၊ အနာဂတ်ကိုလေးစားခြင်း၊ ဆူးလှည်းကြီးနဲ့ အင်တာဗျူး၊ မနေ့ယခု အလေးပြုလျက်ပါ စသည့်အကြောင်းအရာ ၁၂ မျိုးကို စာရှုသူများ အတွေးရသများခံစားနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို ၇၇၇၇ စာပေ၊ (၃၈)လမ်းပလာဇာ၊ (၃၈)လမ်း အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၇၇၁၃၃၁၇ နှင့် ၀၉ ၂၅၀၂၆၅၉၂၅ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။



## ဘဝရောင်စဉ်

ကဗျာစိတ်ဝင်စားသူများအတွက် စာရေးသူ ကြည်ကြည်မြင့်မြတ် စုစည်းရေးသားသည့် ဘဝရောင်စဉ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရင်တွင်းစကား၊ တုန္နိုင်းမဲ့စွာမိမာတာ၊ ကြီးမြတ်လေသော မဟာဖခင်၊ ကတိသစ္စာ၊ ချစ်သောဆရာ၊ အတိတ်ကအရိပ်၊ ကျွန်မချစ်သောအစ်ကိုကြီး၊ သူငယ်ချင်းရဲ့ဘဝမှတ်တမ်း၊ အမှန်တရား၊ အမှားအမှန်များ၊ မိတ်ဆွေလို့တော့ပြောတာပဲ၊ အနောက်ဘက်မှာ၊ နှင်းယှဉ်ချက်၊ ကျန်စစ်သားအိမ်ရာ၊ ကမ္ဘာကြီးထဲမှာ၊ ရွှေအိုရောင်နှစ်များစသည့်ကဗျာများကို စာရေးသူတွေးမိသောစိတ်ကူးများနှင့်အတူ ရေးသားခဲ့သောကဗျာများကိုစုစည်းဖော်ပြထားသည်။

စာအုပ်ကို စာပေစမ်းရေမှ တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

# ဘာစီလိုနာက ဆာလာကိုခေါ်ယူရန် ဆန္ဒရှိနေ




ဘာစီလိုနာအသင်းနည်းပြ ရော်နယ်ကိုးမန်းဟာ လီဗာပူးအသင်းမှ တိုက်စစ်မှူး မိုဟာမက်ဆာလာကို ခေါ်ယူဖို့ ဆန္ဒရှိနေပြီး လက်ရှိမှာ ဘာစီလိုနာအသင်းရဲ့ အဓိက ပစ်မှတ်ကစားသမား ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

ရော်နယ်ကိုးမန်းက အီဂျစ်ကြယ်ပွင့် မိုဟာမက်ဆာလာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် လီဗာပူးအသင်းကလည်း အသင်းအတွက်အားထားရတဲ့ကစားသမားတစ်ဦးကို လက်လွှတ်မဆုံးရှုံးဖို့ ထိန်းသိမ်းသွားမယ်လို့လည်း ဆိုပါတယ်။

ရော်နယ်ကိုးမန်းနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေကလည်း ရော်နယ်ကိုးမန်းဟာ ဆာဒီယိုမာနေးထက် မိုဟာမက်ဆာလာကို ပိုပြီးခေါ်ယူဖို့ ဆန္ဒရှိနေကြောင်းနဲ့ ကစားသမားကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ စီစဉ်နေကြောင်း ပြောကြားထားပါတယ်။

ဆာလာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လီဗာပူးအသင်းကို ပရီမီယာလိဂ်ဖလားရယူပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး လီဗာပူးအသင်းအတွက်တော့ အဲဒီပရီမီယာလိဂ်ဖလားဟာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အီဂျစ်ကြယ်ပွင့် မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့ လိဒ်စ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ပြီး လီဗာပူးအသင်းအတွက် ရာသီအဖွင့်နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

# ဂျပန်တင်းနစ်မယ် အိုဆာကာ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလား နှစ်ကြိမ်မြောက်ဆွတ်ခူး

ဂျပန်တင်းနစ်မယ် နာအိုမီ အိုဆာကာဟာ အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တင်းနစ်မယ် ဗစ်တိုးရီးယားအဇာရန်ကာကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်း တင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။



နာအိုမီအိုဆာကာဟာ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အဇာရန်ကာကို ၁-၆၊ ၆-၃၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုလို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို နှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အိုဆာကာနဲ့ အဇာရန်ကာတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲကို စက်တင်ဘာ ၁၂ ရက်က နယူးယောက်မြို့ရှိ အာသာအရှီတင်းနစ်ပြိုင်ပွဲရုံမှာ တံခါးပိတ်ကျင်းပခဲ့တာလည်း ဖြစ်ပါတယ်။

အသက်(၂၂)နှစ်အရွယ် အိုဆာကာဟာ ၂၀၁၈ ခုနှစ်ကလည်း အမေရိကန်အိုးပင်းတင်းနစ်ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာတော့ သြစတြေးလျအိုးပင်း တင်းနစ်ချန်ပီယံဖြစ်ခဲ့တာကြောင့် လက်ရှိမှာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းချန်ပီယံဆုဖလားကို သုံးကြိမ်မြောက်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ်လည်း ရရှိခဲ့တာ ဖြစ်ပါတယ်။

အသက်(၃၁)နှစ်အရွယ် တင်းနစ်မယ် အဇာရန်ကာကတော့ ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် ချန်ပီယံဖြစ်ခွင့် မျှော်လင့်ချက်နဲ့တော့ လွဲခဲ့ရတာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

○ **ရန်ကုန်မှ**

ရတနာပုံအသင်းနှင့် Southern အသင်း၊ စက်တင်ဘာ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ မကွေးအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇယားထိပ်ပိုင်းတွင် အမှတ်တူနေသည့် ရွှေဝတီနှင့် ဟံသာဝတီအသင်းသည် ချန်ပီယံမျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ရရန် လိုအပ်နေပြီး အနိုင်သုံးမှတ်အပြင် သွင်းဂိုးများများ သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ ရွှေဝတီအသင်းမှာလည်း နောက်ပိုင်းပွဲများတွင် နိုင်ပွဲဆက်နေသည့်အပြင် တိုက်စစ်စွမ်းရည်လည်း ပြသနေရာ စစ်ကိုင်းအသင်း ရှုန်းကန်ရနိုင်သည်။ ဂိုးကွာခြားချက်ကြောင့် ထိပ်ဆုံးနေရာမှ ဖယ်ပေးလိုက်ရသည့် ဟံသာဝတီအသင်းမှာလည်း ယခုပွဲတွင် မဖြစ်မနေအနိုင်ရရန်အပြင် ဂိုးပြတ်အနိုင်ရရန်ပါ ကြိုးစားပေလိမ့်မည်ဖြစ်သည်။

ယခုတစ်ပတ်၏ စိတ်ဝင်စားစရာအကောင်းဆုံးပွဲမှာ တတိယနေရာမှ ရန်ကုန်နှင့် စတုတ္ထနေရာမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ချန်ပီယံမျှော်လင့်ချက်အတွက် အားပြိုင်မည့်ပွဲဖြစ်သည်။ နှစ်သင်းစလုံး ၂၉ မှတ်စီရထားပြီး အနိုင်ရမှ ရွှေဝတီနှင့် ဟံသာဝတီတို့ကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်ရာ အားကုန်ထုတ်ကစားဖွယ်ရှိနေသည်။ နှစ်သင်းစလုံး နိုင်ပွဲဆက်နေသည့်အပြင် ပုံစံကောင်းပြသနေရာ အသင်းကြီးနှစ်သင်း၏ အားပြိုင်မှုကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ် (၁၅) အပြီးတွင် ရွှေဝတီနှင့် ဟံသာဝတီအသင်းတို့ ရမှတ် ၃၃ မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ရွှေဝတီအသင်းက ထိပ်ဆုံးသို့ရောက်သွားပြီး ဟံသာဝတီအသင်းက ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ ယင်းအသင်းများ၏နောက်တွင် ရန်ကုန်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်စီ၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ Southern အသင်းက လေးမှတ် ရရှိထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဘုန်းသော်**

# အိုဇုန်းလွှာ အကြောင်း သိကောင်းစရာ




အောက်ဆီဂျင်အက်တမ် သုံးခုပါဝင်သော မော်လီကျူး တစ်ခုဖြစ်သည့် အိုဇုန်းဓာတ်ငွေ့သည် အပြာရောင် ဖျော့ဖျော့ရှိပြီး အလွန်အနံ့ပြင်း၍ မြေပြင်ပေါ်တွင် တည်ရှိပါက လေထုညစ်ညမ်းမှု ဖြစ်စေပါသည်။ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများ၊ မော်တော်ယာဉ်များမှ ထုတ်လွှတ်သော ဓာတ်ဆီငွေ့များတွင် အဓိကပါဝင်သည့် နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင် ဒြပ်ပေါင်းများ (Oxide of Nitrogen) နှင့် အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်း (Volatile Organic Compound–VOC) များနေရောင်ခြည်နှင့် ဓာတ်ပြု၍ ဖြစ်ပေါ်လာရသည့် အိုဇုန်းဓာတ်ငွေ့များသည် ကမ္ဘာ့မြေမျက်နှာပြင် မှ ငါးမိုင်အတွင်းရှိ ထရိုပိုစဖီးယား (Troposphere) အလွှာတွင် တည်ရှိနေပါသည်။

သို့ရာတွင် ကမ္ဘာ့မြေပြင်အထက် ခြောက်မိုင်မှ ၃၀ မိုင်အတွင်း ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သော စထရာတိုစဖီးယား (Stratosphere) အလွှာတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသည့် အိုဇုန်းလွှာသည် နေရောင်ခြည်နှင့်အတူပါလာသည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် လူနှင့် သက်ရှိတို့ကို အန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည် UV–B ကို ၉၅ ရာခိုင်နှုန်းအထိ လည်းကောင်း၊ UV–C ကို ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း စုပ်ယူစစ်ထုတ်ပေးနေသည့် အငွေ့စစ်ကိရိယာတစ်ခုအနေဖြင့် အကျိုးပြုလျက်ရှိပါသည်။

**အိုဇုန်းလွှာ ပျက်စီးခြင်း**

လူနှင့် သက်ရှိတို့ကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနေသော စထရာတိုစဖီးယား အလွှာရှိ အိုဇုန်းလွှာသည် ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အများဆုံးအသုံးပြုသည့် ကလိုရင်း၊ ဖလိုရင်းနှင့် ကာဗွန်ဒြပ်ပေါင်း ကလိုရိုဖလူရိုကာဗွန် (CFCs) ကြောင့် ပျက်စီးကြောင်း ၁၉၇၄ ခုနှစ်တွင် သိပ္ပံပညာရှင်များက စတင်တွေ့ရှိခဲ့ကြပြီး နောက်ပိုင်းတွင် ကလိုရင်း၊ ဖလိုရင်း၊ ဘရိုမင်းများ ပါဝင်သောဒြပ်ပစ္စည်းများကလည်း အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်ပေါ်စေကြောင်း ဆက်လက်တွေ့ရှိခဲ့ကြပါသည်။

အိုဇုန်းလွှာ၏ အနိမ့်ဆုံး ပျမ်းမျှအထူမှာ ၂၂၀ ဒေါ့ဘ်ဆန်ယူနစ် (၂ ဒသမ ၂ မီလီမီတာ) ဖြစ်ပြီး ၎င်းပျမ်းမျှအထူထက် လျော့နည်းလာခြင်းကို အိုဇုန်းလွှာပျက်စီးခြင်း/ အိုဇုန်းလွှာပေါက်ပြဲခြင်း (Ozone Hole) ဟု သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

၁၉၈၅ ခုနှစ်တွင် သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဆုံး အိုဇုန်းလွှာအပေါက်ကို အန္တာတိကတိုက်အပေါ်တွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ၉၄ ဒေါ့ဘ်ဆန်ယူနစ်နှင့် ၂၀၁၆ ခုနှစ်တွင် ၁၂၄ ဒေါ့ဘ်ဆန် ယူနစ်သာရှိကြောင်း တွေ့ရှိရပါသည်။

**အိုဇုန်းလွှာ ပျက်စီးမှု၏ ဆိုးကျိုးသက်ရောက်မှုများနှင့် ရာသီဥတုပြောင်းလဲမှု**

အိုဇုန်းလွှာပျက်စီးမှုကြောင့် အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုများ ဖြစ်ပေါ်စေနိုင်သည့်အပြင် သီးနှံအထွက်နှုန်းကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်း ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေလူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှု ဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီ အစဉ် (UNEP) ၏ အစီရင်ခံစာအရ သိရှိရပါသည်။

ယင်းအပြင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအများစုသည် ကမ္ဘာ့ပူနွေးမှုညွှန်းကိန်း (Global Warning Potential– GWP) မြင့်မားကြပြီး အင်အားကြီးသော မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHGs) များဖြစ်ကြသောကြောင့် ယင်းဒြပ်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုသည် ရာသီဥတုပြောင်းလဲမှုဖြစ်စေသည့် အဓိကအကြောင်းတစ်ရပ်ဖြစ်ပါသည်။

**အိုဇုန်းလွှာပျက်စီးမှု ထိန်းချုပ်ခြင်း ဆောင်ရွက်ချက်များ**

အိုဇုန်းလွှာပျက်စီးခြင်းကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုချုပ်ဆိုခဲ့ကြပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သော စက်တင်ဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် (CFCs) ထုတ်လုပ်အသုံးပြုမှုကို ၂၀၁၀ ပြည့်နှစ်ကပင် ရပ်ဆိုင်းခဲ့ပြီး ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) များအသုံးပြုမှုကို ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းနိုင်ရန် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့်သာ တင်သွင်းခွင့်ပြုလျက်ရှိပါသည်။

မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ ကမ္ဘာ့နိုင်ငံအားလုံး၏အိုဇုန်းလွှာ ကာကွယ်ရေးကြိုးပမ်းမှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၁၃၅ ဘီလီယံ တန်ခန့်နှင့်ညီမျှသည့် အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ငွေ့များလေထုအတွင်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်ခဲ့ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

ယခုအခါ အိုဇုန်းလွှာပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများအစား အစားထိုးအသုံးပြုနေသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) များသည် အင်အားကြီးသော မှန်လုံအိမ်အာနိသင်ရှိသည့် (Greenhouse Gas– GHGs) ဓာတ်ငွေ့များဖြစ်ကြောင်း တွေ့ရှိချက်များအရ ယင်း HFCs များ ထုတ်လုပ်မှု၊ သုံးစွဲမှုတို့ကို လျှော့ချနိုင်ရန် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးတွင် ကီဂါလီပြင်ဆင်ချက်ကို ချမှတ်ခဲ့ကြပြီး HFCs များထုတ်လုပ်သုံးစွဲမှုကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်တို့မှစ၍လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၂၉ ခုနှစ်မှစ၍လည်းကောင်း လျှော့ချခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းကိုပါ တစ်ကမ္ဘာလုံး၏ ပူးပေါင်းမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ၎င်းဒြပ်ပစ္စည်းများအသုံးပြုသည့် ပစ္စည်းများ**

**ကလိုရိုဖလူရိုကာဗွန်(CFC)**

- ❖ ရေခဲသေတ္တာ၊ မော်တော်ယာဉ် လေအေးပေးစက်၊ အအေးခန်း စူပါမားကတ် ကုန်တိုက်ကြီးများရှိ Chiller များတွင် အအေးပေးပစ္စည်းအဖြစ် အသုံးပြုသည်၊
- ❖ ဆိုဖာရေမြှုပ် ထုတ်လုပ်ရာတွင် အမြှုပ်ထစေသော ပစ္စည်းအဖြစ် အသုံးပြုသည်၊
- ❖ ရင်ကြပ်ရောဂါ ဝေဒနာရှင်များအတွက် ရှူဆေးများတွင် အသုံးပြုသည်၊
- ❖ လျှပ်စစ်ပစ္စည်းများကို သန့်စင်ရာတွင် အသုံးပြုသည်၊
- ❖ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFC)
- ❖ အိမ်သုံး/အဆောက်အုံသုံး လေအေးပေးစက်များ၊ အအေးခန်း စူပါမားကတ်၊ ကုန်တိုက်ကြီးများရှိ Chiller များတွင် အအေးပေးပစ္စည်းများအဖြစ် အသုံးပြုသည်၊
- ❖ ဆိုဖာရေမြှုပ် ထုတ်လုပ်ရာတွင် အမြှုပ်ထစေသော ပစ္စည်းအဖြစ် အသုံးပြုသည်၊

**ကာဗွန်တက်ထရာ ကလိုရိုဒ် (CCl4)**

- ❖ သတ္တုပစ္စည်းများ သန့်စင်ရာတွင် အသုံးပြုသည်၊
- ❖ မီသိုင်း ကလိုရိုဖောင်း (CH3CCl3)
- ❖ အီလက်ထရောနစ်ပစ္စည်းသန့်စင်ရာတွင် အသုံးပြုသည်၊
- ❖ မီသိုင်းဘရိုမိုဒ် (CH3Br)
- ❖ စိုက်ပျိုးမြေများကိုပိုးသတ်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များပိုးသတ်ခြင်းတွင် အသုံးပြုသည်၊

**ဟေလွန် (CBr F3)**

- ❖ မီးသတ်ဆေးဘူးများတွင် အသုံးပြုသည်၊

**အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးအတွက် တစ်ဦးချင်းစီ ပါဝင်ဆောင်ရွက်ရန်အချက်များ**

ပြည်သူတစ်ဦးချင်းအနေဖြင့် အောက်ပါအချက်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်–

- ❖ ရေခဲသေတ္တာ၊ လေအေးပေးစက် စသည့် အအေးပေးအသုံးအဆောင်ပစ္စည်းများ ဝယ်ယူရာတွင် Ozone Friendly (သို့) CFC/ HCFC Free (သို့) Energy Efficiency အမှတ်အသားပါသော ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူသုံးစွဲကြပါ၊
- ❖ ဟေလွန်ပါဝင်သည့် မီးသတ်ဆေးဘူးများ သုံးစွဲမှုကို ရှောင်ကြဉ်ပါ၊
- ❖ ပန်းနာရောဂါနှင့် နာတာရှည် အဆုတ်ရောဂါအတွက် ကလိုရိုဖလူရိုကာဗွန်–CFC ပါဝင်သော ရှူဆေးများအစား အခြားခေတ်မီ အစားထိုးကုသနည်းများကို ခံယူပါ၊
- ❖ ပြည်ပသို့တင်ပို့သည့် သီးနှံထုတ်ကုန်များကို ပိုးသတ်ရာတွင် မီသိုင်းဘရိုမိုဒ် – CH3Br အစား အခြား အိုဇုန်းလွှာထိခိုက်မှုမရှိသည့် အစားထိုးပစ္စည်းများကို အသုံးပြုပါ၊
- ❖ မှန်လုံအိမ် အာနိသင်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်း၊ စနစ်တကျသုံးစွဲခြင်းဖြင့် အိုဇုန်းလွှာထိခိုက်ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို လျှော့ချကာကွယ်ပါ၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ဝန်းသိုမြို့နယ် ကင်မွန်းခြုံကျေးရွာ၌ လေးလက်မစက်ရေတွင်း တူးဖော်၊ အိမ်ခြေ ၆၅ အိမ် အကျိုးပြုနိုင်မည်



ဝန်းသို စက်တင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ သောက်သုံးရေလုံလောက်စွာ ရရှိရေးနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကင်မွန်းခြုံကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်ပေးမည်**

အဆိုပါ လေးလက်မစက်ရေတွင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ( ငွေလုံးငွေရင်း)ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၃ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်း လေးလက်မ စက်ရေတွင်းအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တစ်ခု၊ ၁၀'x၈'x၈' အကျယ်အဝန်းရှိသော ရေစက်ရုံတစ်ခုတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် ဆန်းသစ်ခေတ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ လေးလက်မစက်ရေတွင်းကို တူးဖော်လျက်ရှိရာ ပေ ၂၀၀ သို့ ရောက်ရှိနေပြီး ပေ ၄၀၀ အထိတူးဖော်ရန် ခန့်မှန်းထားကြောင်း၊ ယခုစက်တင်ဘာလကုန် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၂၉၈ ဦး အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက် ဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့ ကွင်းဆင်း စစ်ဆေးချက်အရ သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)




## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဇေယျာသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်း အမှုထမ်းနေအိမ်(၄)ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ် အဆောက်အဦ (၁)လုံးနှင့် နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာဝင်းအတွင်း အပျိုဆောင်(၃)တွင် လုံခြုံရေးဂိတ် အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်း

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | (၁-၁၀-၂၀၂၀)ရက် |
| တင်ဒါပိတ်မည့်ရက် | - | (၁၅-၁၀-၂၀၂၀)ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်း အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**စုံစမ်းရန်နေရာ/ဌာန - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**
**ဆက်သွယ်ရန်ဖုန်း - ၀၆၇၈၁၀၈၂၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ်(၁၈၄၄)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်အား အဆင့်ဆင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးမျိုးမြင့်စန်း [၁၂/ဒဂတ(နိုင်)၀၀၄၇၇၆]မှ လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက် အမှတ်(၁၇၄၆)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်အား အဆင့်ဆင့်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးသိန်းမြင့်[၁၂/ဒဂတ(နိုင်)၀၁၆၈၄၃]မှ လည်းကောင်း၊ အဆိုပါမြေကွက်များအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းတို့ထံမှ အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့် ရက်မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**
**ရုံး-ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးအရှေ့။**

## သက်ဆိုင်သူများနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက် ၆၀၃/Aနေ ဦးသန်းဝင်း (ဘ) ဦးကျင်ရွှေ [၁၂/လမန(နိုင်)၁၂၉၉၇၂] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်မြို့၊ **ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၄၆)၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက်အမှတ် (၄၆)၊ ပေ(၆၀x၈၀)**ပါမစ်မြေအား ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်းမှ ပါမစ်ရသူ မူလပိုင်ရှင် ဦးမြင့်အောင် F/RGN 006166 ထံမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက် ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ထားရှိပိုင်ဆိုင်သောမြေဖြစ်ပါသည်။ ဖော်ပြပါမြေပေါ်တွင် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ အုတ်တိုင်နှင့် သံဆန်ခါများအား လာရောက် ကာရံထားသည်ကို တွေ့ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ထားသောကိစ္စရပ်များကို ပြန်လည်ဖယ်ရှားရှင်းလင်းပေးရန် သတိပေးအပ်ပါသည်။ (၇)ရက်အတွင်း ဖယ်ရှားခြင်းမပြုပါက တည်ဆဲဥပဒေအရ လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးကျော်ဇော B.Sc,H.G.P,R.L တရားလွှတ်တော်ရှေ့နေ (စဥ်-၄၅၇၄)**
**အမှတ် (၃၆/၃)၊ (၆၂)လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၅၈၃၇၊ ၀၉-၇၉၈၁၄၁၆၉၆**




## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ရေဝတီလမ်းသွယ်နေ ဦးတင်အောင်-ဒေါ်ခင်အေးတို့၏သမီး မချောစုအောင်သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူမည်မဟုတ်ပါ။

**ဦးတင်အောင်-ဒေါ်ခင်အေး**




## တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးလွင်အေး၏သမီး ဒေါ်ဂျက်စမင် [၁၂/ဥကမ(နိုင်)၀၁၄၃၂၆]နှင့် ဒေါ်ဂျက်စမင်လွင်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၆)လမ်း၊ အမှတ် (၄၅)၊ ပထမထပ်တိုက်ခန်းကို တားမြစ်ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မိုးနိုင် [၁၂/လမန(နိုင်)၁၄၃၈၇၈]၊ အမှတ် (၁၃၉)၊ (၂၆)လမ်း၊ (၂)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်တားမြစ်ကြောင်း ကြေညာပါသည်။

အထက်ခေါင်းစီးပါတိုက်ခန်းကို ဒေါ်ဂျီဝါ [၁၂/မဂတ(ဧည့်)၀၀၀၀၉၁]က ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်မိုးနိုင်ကို စရန်ပေးစာချုပ်၊ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်များဖြင့် ငွေကြေးရယူရောင်းချခဲ့ပြီး ပြောင်းရွှေ့ရန် ပစ္စည်းများအတွက် ရက်ပိုင်းမျှ ခွင့်တောင်းပြီးနောက် တိုက်ခန်းပေးအပ်မည့်အချိန်တွင် ဒေါ်ဂျီဝါသည် နာမကျန်းဖြစ်ကာ (၃၁-၈-၂၀၁၉) ရက်တွင် ကွယ်လွန်သွားပါသည်။ဟိန္ဒူတမီလ်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ ကွယ်လွန်ခြင်း (၁)နှစ်မြောက် အလှူပြုလုပ်ပြီးသည့်အခါ တိုက်ခန်းကို လွှဲပြောင်းပေးအပ်ပါမည်ဟု စာချုပ်တွင် လက်မှတ်ရေးထိုးသော ဒေါ်ဂျီဝါ၏သား ဦးရာဂျူး [၁၂/မဂတ(နိုင်)၀၆၉၉၇၁] နှင့် မိသားစုဝင်တို့က ပြောဆိုခဲ့သော်လည်း ဒေါ်ဂျီဝါကွယ်လွန်ပြီး (၁)နှစ်ပြည့်မြောက်သည့်တိုင်အောင် တိုက်ခန်းကို ပေးအပ်ခြင်းမပြုဘဲ နှစ်ချုပ်ဖြင့်ငှားရမ်းထားကြောင်းသိရှိရပါ၍ ငှားရမ်းသူအား ဖယ်ရှားပြီး ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်မိုးနိုင်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း လက်ရောက်ပေးအပ်ရန် တောင်းဆိုပါသည်။ တိုက်ခန်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို ကန့်ကွက်တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာသော အကျိုးဆက်သည် ဒေါ်ဂျီဝါကွယ်လွန်သွားသဖြင့် ဦးရာဂျူးအပါအဝင် ဆက်ခံသူများအားလုံးအပေါ် တာဝန်ရှိမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးစိန်မြင့်** | **ဒေါ်စန္ဒာဝင်း** | **ဒေါ်ခြူးနန္ဒီစိုးမိုး** |
| **(စဥ်-၁၀၉၁၆)** | **(စဥ်-၄၆၈၄၃)** | **(စဥ်-၅၀၆၉၂)** |

**ဦးကျော်မိုးနိုင်၏ရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၇၄၀၆**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်
ကိုစိုး

မရဏာဓမ္မသံဝေဂနှင့် ဆုတောင်းပတ္ထနာစာလွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်ညွှန့်ကြည်(ဝင်းညွှန့်ညွှန့် စိန်ရွှေရတနာဆိုင်)

**အသက် (၇၄) နှစ်**

စေတီဘုရား တိုက်ကျောင်းများနှင့် ကျောင်းဝိုင်းအဝင် မော်တော်ယာဉ်ဓမ္မာရုံအလှူရှင် ဆရာတော်၊ စာချဆရာတော် မယ်တော်ကြီး အသက် (၇၃)နှစ် ဒေါ်ညွှန့်ညွှန့် (ဝင်းညွှန့်ညွှန့် စိန်ရွှေရတနာဆိုင်၊ အမှတ်-၅၉၊ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်)သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုများ၊ ဆွေမျိုးများနှင့်အတူ အထူးစိတ်မကောင်းဖြစ်ရပါကြောင်း...

"မရဏာဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပေစ္စဝေက္ခိတဗ္ဗံ" (သေဆုံးရခြင်း သဘောသည် သေဆုံးရသည်သာ ဖြစ်၏) သတ္တဝါဟူသရွေ့ သေဆုံးခြင်းကို မလွန်ဆန်နိုင် ဟူသော မြတ်စွာဘုရားဒေသနာတော်နှင့် အညီ သင်္ခါရ အနိစ္စဓမ္မသံဝေဂပွားများလျက်-

သာသနာတော်အတွက် စေတနာသဒ္ဓါထက်သန်ပါသော သာသနာ့မယ်တော်ကြီး (ဒေါ်ညွှန့်ညွှန့်)သည် ပြုပြုသမျှ ကုသိုလ်အစုစုတို့ကြောင့် သူတော်ကောင်းတို့နားခိုရာ နတ်ရွာသုဂတိလားရောက်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

**ဆရာတော်ဘဒ္ဒန္တပရမာနန္ဒနှင့် သံဃာတော်များ**
**သိမ်တောင်ပရိယတ္တိစာသင်တိုက်**
**ကလောမြို့၊ ရှမ်းပြည်တောင်ပိုင်း**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အိမ်တော်ရာစေတီတော်မြတ်ကြီး၏သြဝါဒါစရိယ

## ဘဒ္ဒန္တဓမ္မ (ကြံတိုင်းအောင်ဆရာတော်ကြီး)

**သိက္ခာတော် (၆၄)ဝါ၊ သက်တော် (၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်၊ ဓမ္မရိပ်သာကျောင်း၊ လှည်းကူးမြို့နယ်၊ မြို့လေးစွန်းကျေးရွာ၊ နန်းဦးဓမ္မရိပ်သာဘုန်းတော်ကြီး သင်ပညာရေးကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်း မြို့နယ်၊ လှည်းဆိပ်ကြီးကျေးရွာ၊ မင်္ဂလာကန်တော်ဦးကျောင်းတိုက်တို့၏ ပဓာန မဟာနာယက၊ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဘဒ္ဒန္တဓမ္မ (ကြံတိုင်းအောင်ဆရာတော်)၊ သိက္ခာတော် (၆၄)ဝါ၊ သက်တော် (၈၄)နှစ်သည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်) ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ သဖြင့် ၁၅-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိစျာပန (အကျဉ်းချုံး)ပူဇော်မည်ဖြစ်ပါကြောင်း။

ကြံတိုင်းအောင်ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ညွှန့်ညွှန့် (ခ) ဒေါ်ညွှန့်ကြည် (ဓနအသင်း)

**(ဝင်းညွှန့်ညွှန့်စိန်ရွှေရတနာဆိုင်)**

**အသက်(၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏ သမီး၊ ထောက်ကြန့်မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)နေ (ဦးဝင်းသန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကြီးတင်မောင်လတ်(ငြိမ်း)-ဒေါ်စန္ဒာခိုင်၊ ဦးစိုးကျော်သူ-ဒေါ်တင်ဥမ္မာလွင်တို့၏ ချစ်လှစွာသောမိခင်၊ မစိုးရတနာဝင်း(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မောင်ဝင်းဘုန်းထွဋ်မောင်(တက္ကသိုလ်ဝင်တန်း)၊ မဖူးမြတ်နေခြည်ကျော်ဝင်း (Grade-11၊ အထက-၂၊ ကမာရွတ်)၊ မမိုးပွင့်ဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မမြတ်မှူးဟေသီ ကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မောင်မင်းရဲဘုန်းဝင်းမောင် (Grade-4၊ အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်ညွှန့်ကြည်သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International Hospital၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန် ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးညွှန့်(တော်ဝင်နှင်းဆီ)၊ ဥက္ကဋ္ဌ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟန်းမြို့နယ်သည် ၁၂-၉-၂၀၂၀ (စနေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးညွှန့်(တော်ဝင်နှင်းဆီ)၊ ဥက္ကဋ္ဌ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟန်းမြို့နယ်သည် ၁၂-၉-၂၀၂၀ (စနေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်တိုင်းဒေသကြီး**

ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးညွှန့်(မြန်မာစာ၊ တော်ဝင်နှင်းဆီ)**

**အသက် (၇၄) နှစ်**

ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၁၉၆၉-၇၃ မြန်မာစာကျောင်းသားဟောင်း၊ ၁၉၇၀-၇၃ မြန်မာစာအသင်းအတွင်းရေးမှူး၊ ၂၀၀၂ မှ ၂၀၁၉ ခုနှစ် အထိ နှစ်စဉ်ပြည်ထောင်စုနေ့တိုင်း မြန်မာစာဆရာကြီး၊ ဆရာမကြီးများအား တော်ဝင်နှင်းဆီ၌ ကန်တော့သည့် အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့ဝင် မောင်စိုးညွှန့် (ဦးစိုးညွှန့်) ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲကြရပါသည်။

**ကန်တော့ခံဆရာ၊ ဆရာမများ- ဦးမြင့်ကြည်၊ ဦးထွန်းတင့်၊ ဦးစောထွန်း၊ ဦးခင်အေး၊ ဒေါ်တင်တင်မြင့်၊ ဒေါ်မာလေး၊ ဒေါ်ပို၊ ဒေါ်သီသီထွဋ်၊ ဒေါ်ခင်ချောချောနှင့် မြန်မာစာသူငယ်ချင်းများ**

အနာဂတ်
ကမ္ဘာ
သာယာဖို့
အိုဇုန်းလွှာ
ကို
ကာကွယ်စို့

ဆုတောင်းမေတ္တာမျှဝေလွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ညွှန့်ညွှန့်(ခ)ဒေါ်ညွှန့်ကြည်(ဝင်းညွှန့်ညွှန့် စိန်ရွှေရတနာဆိုင်)

**အသက် (၇၃) နှစ်**

**အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ရဟန်းဒါယိကာမကြီး ဒေါ်ညွှန့်ညွှန့်သည် (အသက်ရှင်ခြင်းကား မမြဲသေခြင်းကားမြဲ၏)ဟု ဆင်ခြင်ပွားများကာ**

ဖွားရာကလော သာမေသိမ်တောင် အခေါင်ထိပ်တင် လမ်းဝင်မုခ်ဦး အထူး(၂)ထပ် ကျောင်းမြတ်ဝိဟာ လှူပြီးရာဝယ် တစ်သွယ်ဘုရား အားထားပြုပြင် ကြည်ရွှင်သဒ္ဓါပြီး သောခါတွင် ရွှေထီးတင်၍ ဓမ္မစကူး အထူးလေးထပ် ကျောင်းမြတ်ဝိဟာ များစွာကုသိုလ် ရယူလို၍ ရှင်ပြုရဟန်းခံ ကြိမ်ဖန်ဖန်ပြု သိမ်ကောင်းမှုကို လေးမျက်နှာကျောင်း အပေါင်း မင်္ဂလာ ပြုပြီးခါဝယ် သာသနာတံ ဆိပ်ခပ်နှိပ်၍ထား ကောင်းမှုအားကို ဝမ်းမြောက်နုမော် သာဓုခေါ်ကြ သာသနသမီးတော် မြတ်မယ်တော်သည် ကုသိုလ်မနသီ ဇောစိတ်တည်၍ ကောင်းရာသုဂတိ ရောက်ရှိစေကြောင်း လူနတ်အပေါင်း ဆုမွန်တောင်းသည် ကောင်းသော ဘုံဘဝ ရောက်ပါစေ....

ကောင်းသောဘုံဘဝရောက်ပါစေ...

ပြုပြုသမျှ ကုသိုလ်... အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ သာဓု သာဓု သာဓု

**အရှင်ကုသလ(ဘုရားစု)နှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ လမ်း၊ တံတားဒါယကာကြီး

## ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်

**ဖွေးဖွေးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၆၄) နေ (ဦးသောင်း-ဒေါ်စိန်ရီ)တို့၏သား၊ ဦးသောင်းရွှေ-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးတင်ထွန်းဦး-ဒေါ်ခင်မိုးကြည်၊ ဦးတင်အောင်မိုး-ဒေါ်အေးအေးခိုင်၊ (ဦးဇော်မိုးထွန်း)-ဒေါ်သူဇာခိုင်၊ ဦးအောင်ကျော်စိုး (ခ) ကိုဖိုးကျော်၊ ဒေါ်ခင်စုရည် (ခ) မခင်လေးတို့၏ညီ/မောင်၊ မငြိမ်းဆုသွယ်(ခ) ဖွေးဖွေး(တတိယနှစ်-စီးပွားရေးတက္ကသိုလ်)၊ မောင်မြတ်ဗိုလ်ဦး(ခ) ဖိုးလပြည့်(ISM)တို့၏ဖခင်၊ ဒေါ်ဝင့်ဝင့်နွယ်(ခ) မနွယ်လေး (ဖွေးဖွေးဆောက်လုပ်ရေး)၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်သည် ၁၀-၉-၂၀၂၀ ရက် နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ရတနာ့ဗိမာန်ဓမ္မာရုံသို့ ရက်လည် ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်လှ (ခ) ဦးငွေအောင်
**နိုင်ငံခြားရုပ်ရှင် (ငြိမ်း)**
**အသက် (၇၀)**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ သုမန လမ်း၊ အမှတ်(၄၅၈)၊ 2/A နေ (ဦးဖိုးထွေး-ဒေါ်သောင်းစိန်)တို့၏ သား၊ (ဦးလှမြင့်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့် (အထက-၁၊ သဃ်ာန်းကျွန်း-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဘိုကြီး)၊ ဒေါ်တင်ရီ၊ ဦးဘမောင်၊ (ဦးဘသောင်)တို့၏ ညီ/မောင်၊ ဒေါ်တင်ကြည်၏ အစ်ကို၊ မခိုင်ဝါလွင်(အထက-၂၊ သဃ်ာန်း ကျွန်း)၊ မောင်ဇာနည်ထွန်း၊ မောင်ကျော်ဇေယျာဟိန်းတို့၏ ချစ်လှစွာသော ဖခင် ဦးတင်လှ(ခ)ဦးငွေအောင် (နိုင်ငံခြားရုပ်ရှင်-ငြိမ်း)သည် ၁၂-၉-၂၀၂၀ (စနေနေ့) ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး သုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေး (မြောင်းမြ)
**အသက် (၉၆) နှစ်**

မြောင်းမြမြို့နေ (ခရိုင်ထောက်ပံ့ရေးအရာရှိ ဦးထွန်းတင်-ဒေါ်ငြိမ်းရှင်) တို့၏သမီး၊ [ဝတ္ထုဇာတ်ညွှန်းစာရေးဆရာ ဦးကိုကို(ရုပ်ရှင်လုပ်ငန်း)-ဒေါ်ညွန့်ညွန့်] တို့၏ညီမ၊ (ဦးတင့်ဆွေ-ဒေါ်တင်အေး)၊ (ဦးမောင်မောင်-ဒေါ်ဝင်းသန်း)၊ ဒေါ်မြင့်မြင့်တင်(ဌာနခွဲမှူး-ငြိမ်း၊ ရုပ်ရှင်လုပ်ငန်း)၊ (ဦးတင်ဝင်း-ဒေါ်နွဲ့နွဲ့တင်)၊ [ဦးခင်မောင်လေး (ဝန်ကြီး၏ကိုယ်ရေးအရာရှိ-ငြိမ်း)]၊ (ဦးခင်မောင်အေး)-ဆရာမ ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ (ဦးမောင်တုတ်)၏ ဇနီး၊ ဒေါ်ခင်မေအေး (ရုပ်ရှင် လုပ်ငန်း-ငြိမ်း)၊ ဦးဝေလင်း(Local Rep-Jpn Co.)၊ ဆရာမဒေါ်သင်းသင်းရီ၊ ဒေါ်ခင်မိမိ (လ/ထညွှန်မှူး-ငြိမ်း၊ ဗဟိုဘဏ်-CHID Bank)၊ (ဦးစိုးခိုင်)-ဒေါ်အေးမိစံ တို့၏ချစ်လှစွာသောမိခင်၊ မြေး/မြစ် ၁၃ ယောက်တို့၏အဘွား ဒေါ်ခင်အေးသည် ၁၁-၉-၂၀၂၀(သောကြာနေ့) ညနေ ၄:၁၈ နာရီတွင် ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ တိုက်(၂၂၇/၄)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၂၂၁-၂၂၃)၊ ရွှေဂုံတိုင်လမ်းနေ ဒေါ်စောစောပု၏ခင်ပွန်း၊ ဦးအောင်ထွန်းပိုင်-ဒေါ်သန္တာစိုး၊ ဦးထွန်းလင်းစိုး-ဒေါ်သန္တာအောင်၊ ကိုသက်ဝေတို့၏ ချစ်လှစွာသောဖခင်၊ မသန့်သီရိသက်၊ မဇင်နွယ်အောင်ထွန်းပိုင်တို့၏ ချစ်လှစွာသောအဘိုး ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)သည် ၁၂-၉-၂၀၂၀ (စနေနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါ သည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်အေးရွှေ (တက်သစ်)**
**အသက် (၉၃) နှစ်**

ဆရာကြီးဦးပေါ်ညီမ်း-ဆရာမဒေါ်ဖြူဖြူအောင် (ကံသာ ဆေးတိုက်)တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးရွှေသည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆေးဆရာအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်အေးရွှေ (တက်သစ်)**
**အသက် (၉၃) နှစ်**

ဆရာကြီးဦးပေါ်ညီမ်း-ဆရာမဒေါ်ဖြူဖြူအောင်(ကံသာဆေး တိုက်)တို့၏ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးရွှေသည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါ သည်။

**ဦးခင်မောင်ဝင်း-ဒေါ်ခင်လှိုင်မြင့်**
**ရွှေမန်းတောင် တိုင်းရင်းဆေး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)**
**ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းအလုပ်အမှုဆောင်အဖွဲ့ဝင်**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊အမှတ်(၂၂၃)၊ ရွှေဂုံတိုင်လမ်း(တော်ဝင် နှင်းဆီခြံ)နေ ဒေါ်စောစောပု၏ချစ်လှစွာသောခင်ပွန်း၊ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးစိုးညွန့် (တော်ဝင် နှင်းဆီ)သည် ၁၂-၉-၂၀၂၀ (စနေနေ့) ည ၇ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)ကောင်းရာသုဂတိလားပါစေ။

**ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးညွန့် (တော်ဝင်နှင်းဆီပိုင်ရှင်)**
**အသက် (၇၄) နှစ်**

ရာပြည့်အမှတ်တံဆိပ် ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည် (ဆီးချို၊ သွေးတိုး၊ ဆီးကျောက်တည်ခြင်း၊ ဆီးရောဂါအမျိုးမျိုးအတွက် ကျန်းမာရေးလက်ဖက်ခြောက်)လုပ်ငန်းအောင်မြင်မှုအတွက် ကူညီပံ့ပိုး ပေးခဲ့သော ဦးစိုးညွန့် (တော်ဝင်နှင်းဆီစားသောက်ဆိုင်ပိုင်ရှင်)သည် ၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ရာပြည့်အမှတ်တံဆိပ်**
**ကြက်လည်ဆံ လက်ဖက်ခြောက်အဖန်ရည်လုပ်ငန်းမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦးဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့် (ခ) ဒေါ်ညွန့်ကြည်
**ဝင်းညွန့်ညွန့်စိန်ရွှေရတနာဆိုင်(ဓနုအသင်း)**
**အသက်(၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏သမီး၊ ထောက်ကြန့် မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ပုလဲမြို့နေ (ဦးကျော်မြင့်)-ဒေါ်ညွန့်လှ၊ အင်းစိန်မြို့နေ (ဦးမြစိန်)- ဒေါ်ညွန့်မြတို့၏ ချစ်လှစွာသော ညီမလေး၊ ဦးညွန့်လွင်၏အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉) နေ (ဦးဝင်းသန်း)၏ ချစ်လှစွာသောဇနီးသည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International Hospital၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ အတွင်းရေးမှူး ဦးစိုးညွန့် (တော်ဝင်နှင်းဆီ) သည် ၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ရန်ကုန်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့် (ခ) ဒေါ်ညွန့်ကြည်
**ဝင်းညွန့်ညွန့်စိန်ရွှေရတနာဆိုင်(ဓနုအသင်း)**
**အသက် (၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏သမီး၊ ထောက်ကြန့် မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ (ဦးကျော်ဟန်-ဒေါ်တင်ရွှေ)၊ ဦးသိန်းအေး-ဒေါ်လုံး၊ ဦးသိန်းကြွယ်-ဒေါ်စန်းစန်းဝင်း၊ ဦးဝင်းငွေ-ဒေါ်ခင်မာဝင်း၊ ဦးသန်းဦး-ဒေါ်အေးအေးသင်းတို့၏ ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)နေ (ဦးဝင်း သန်း)၏ ချစ်လှစွာသောဇနီးသည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International Hospital ၌ ကွယ်လွန် သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အာနိသင်**

ရတနာ
သစ်တော
ပြည့်
သွေးကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ လမ်း၊ တံတားဒါယကာကြီး**
**သုဂတိမဂ္ဂ နာရေးကူညီမှုအသင်းနာယကကြီး**
**လှိုင်မြို့နယ်၊ (၁) ရပ်ကွက်**
**ဦးအောင်မြတ်စိုး (ခ) ဦးဖိုးအော်**
**ဖွေးဖွေးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**အသက် (၄၅) နှစ်**

လှိုင်မြို့နယ်၊ (၁) ရပ်ကွက်လုံးဆိုင်ရာ သုဂတိမဂ္ဂ နာရေးကူညီမှုအသင်းအား စတင်တည်ထောင်ပေးခဲ့သူ ဒေါ်ဝင့်ဝင့်နွယ် (ခ) မနွယ်လေး၏ချစ်လှစွာသောခင်ပွန်း ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်သည် ၁၀-၉-၂၀၂၀ ရက် နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**သုဂတိမဂ္ဂ နာရေးကူညီမှုအသင်း**
**လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

# စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၀၁ ဦးတွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၃–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁၂–၉–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၀၅) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၂၉၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၇၅) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၂၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊

  စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၆၉၇) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၁) ဦးတွေ့ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်**
**(၁၃–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၀၀၅) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR) မှ (ဒုတိယအသုတ်) | (၁၈၈)ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ (ဒုတိယအသုတ်) | (၂၉၅) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ (ဒုတိယအသုတ်) | (၁၇၅) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ (ဒုတိယအသုတ်) | (၂၁) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ | (၁၂) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ | (၁) ခု |
| (၁၂–၉–၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၆၉၇) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၀၁) ဦး |

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❋

# နောင်တရားမြို့ယာယီဈေး၌ ဈေးရောင်း ဈေးဝယ်များ စနစ်တကျရောင်းဝယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်

**နောင်တရား စက်တင်ဘာ ၁၃**
ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ ယာယီဈေး၌ ယခင်ဈေးရက်များနည်းတူ ငါးရက်တစ်ကြိမ် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယနေ့ဈေးနေ့တွင် ဈေးရောင်းဈေးဝယ်များက လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ ဝတ်ဆင်အသုံးပြုခြင်းဖြင့် ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။

"ဒီအပတ်ဈေးနေ့မှာ ဈေးသည်တွေခြောက်ပေအကွာနဲ့ ဈေးရောင်းကြတယ်။ နှာခေါင်းစည်းတွေလည်း ဈေးသည်တိုင်း အသုံးပြုရောင်းချနေတာတွေ့တော့ ဈေးဝယ်တွေလည်း ယုံကြည်မှုရှိလာတယ်" ဟု နောင်တရားမြို့ စည်ပင်သာယာရေးဌာနမှ တာဝန်ခံဦးကျော်ဝင်းက ပြောသည်။

"ဈေးသည်တွေ နှာခေါင်းစည်းဝတ်ထားတော့ ဈေးလာဝယ်တဲ့ ကျွန်တော်တို့တွေလည်း စိတ်ကြည်လင်တယ်၊ သံသယမရှိဘူးပေါ့။ ယခုလို စည်းကမ်းရှိရှိနဲ့ ပူးပေါင်းပေးတဲ့ ဈေးသည်တွေ၊ စီစဉ်ဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု နောင်တရားမြို့ အမှတ်(၁)ရပ်ကွက်မှ ဈေးဝယ်တစ်ဦးက ပြောသည်။



**နှာခေါင်းစည်းဝတ်ဆင်**

နောင်တရားမြို့ မြို့မဈေးသစ်ကြီး၌ ယာယီဈေးအဖြစ် ဖွင့်လှစ်ရောင်းချနေသည့် ငါးရက်တစ်ဈေးတွင် လာရောက်ရောင်းချမည့် ဈေးသည်များအနေဖြင့် နှာခေါင်းစည်း၊ မျက်နှာကာများဖြင့်သာ ရောင်းချစေခြင်းနှင့် ဈေးဝယ်များကိုလည်း နှာခေါင်းစည်းဝတ်ဆင်ပြီးမှသာ ဈေးအတွင်းသို့ ဝင်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာယီဈေး အဝင်ပေါက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့တို့က ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးစေခြင်းနှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသည့် ဈေးဝယ်များအား နှာခေါင်းစည်း ဝတ်ဆင် အသုံးပြုစေခြင်းဖြင့် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## ခေတ်သစ်ပြည်သူ့ပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ နှင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

**ခေတ်သစ်ပြည်သူ့ပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ** နှင့် **မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

## လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၃**
**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** နှင့် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၄ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


**ဓားသွားပေါ်က ပျားရည်စက်**

ဆောင်းပါး စာမျက်နှာ » ၆

**ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၄၉ ဦး တွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း တစ်သန်းကျော် ရှိလာ**

စာမျက်နှာ » ၁၃


# ရန်ကုန်နှင့် လက်ရှိချန်ပီယံရှမ်းအသင်းတို့ အားပြိုင်မည့် MNL ပွဲစဉ် (၁၆)

**ရန်ကုန် စက်တင်ဘာ ၁၃**
၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆)ကို စက်တင်ဘာ ၁၅၊ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယနေရာမှ ရန်ကုန်နှင့် စတုတ္ထနေရာမှ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းတို့ ချန်ပီယံမျှော်လင့်ချက်အတွက် အားပြိုင်မည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ ရှောဝတီနှင့် ဟံသာဝတီအသင်းတို့၏ ပြိုင်ဆိုင်မှုများကိုလည်း ထပ်မံတွေ့မြင်ရမည်ဖြစ်သည်။

ပွဲစဉ်(၁၆)အဖြစ် စက်တင်ဘာ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရှောဝတီအသင်းနှင့် စစ်ကိုင်းအသင်း၊ ပဒုမ္မာကွင်း၌ ရခိုင်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○



ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်။